ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန်လ ၁၆ ရက် တွင် စတင်တည်ထောင်သည်။ Established in 1957

**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)

၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်၊ ကြာသပတေးနေ့။ Thursday, 18 June 2020 ၁၀၀၄၇



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က

## စိတ်ရှိသလို နေချင်သလိုနေ၊ သွားချင်သလို သွားတာမျိုးက အန္တရာယ်များလှတဲ့ အခြားတစ်ဖက်စွန်းဖြစ်ကြောင်း ရေးသားဖော်ပြ

နေပြည်တော် ဇွန် ၁၇

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပကတိသာမန်အနေအထားမှာလို စိတ်ရှိသလို နေချင်သလိုနေ၊ သွားချင်သလို သွားတာမျိုးက အန္တရာယ်များလှတဲ့ အခြားတစ်ဖက်စွန်းဖြစ်ပါကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် ရေးသားဖော်ပြထားသည်။**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မဇ္ဈိမ – အလယ်အလတ် – ဆိုတော့ အလွယ်ဆုံးလမ်းလို့ ထင်ရပေမယ့် တကယ်တော့ မလွယ်တာ တွေ့နေရပါကြောင်း၊ အစွန်းမရောက်၊ တည်တည်ငြိမ်ငြိမ်နဲ့ ဆက်လှမ်းတာက ဒီဘက် ဟိုဘက် ယိမ်းသွားတာထက် ပိုပြီး ခက်နေမလားပဲ။ Covid ကာကွယ်ရေးအတွက် လျှောက်ရမဲ့လမ်းကို ပြောနေတာဖြစ်ပါကြောင်း။

အစိုးရိမ်မလွန်ဖို့ သတိပေးနေရသလို မပေါ့ဆဖို့လည်း တိုက်တွန်းရပါသေးကြောင်း၊ ပခုက္ကူ ဆရာတော်ဘုရားကြီး ဖေဖေ့ကို မိန့်ခဲ့တဲ့ ဩဝါဒအတိုင်း ခြောက်တိုင်းလည်း မကြောက်နဲ့၊ မကြောက်ပဲလည်း မနေနဲ့ပေါ့။ ဒီရောဂါကြီးအန္တရာယ် ဘယ်တော့မှ ကင်းစင်သွားပါမလိမ့်၊ ဘယ်လို ခရီးဆက်ရပါမလိမ့်လို့ တွေးပြီး စိုးရိမ်သောကတွေ တောက်လောင်နေတာက အစွန်းတစ်ဖက်ရောက်နေသလို၊ ပကတိသာမန်အနေအထားမှာလို စိတ်ရှိသလို နေချင်သလိုနေ၊ သွားချင်သလို သွားတာမျိုးကလည်း အန္တရာယ်များလှတဲ့ အခြားတစ်ဖက်စွန်းဖြစ်ပါကြောင်း။

မိမိတို့ နိုင်ငံမှာ ကျန်းမာရေးစည်းမျဉ်းစည်းကမ်းတွေ ကြပ်ကြပ်မတ်မတ်ချပြီး Covid ကာကွယ်ရေးဆောင်ရွက်ခဲ့တာ သုံးလတင်းတင်းတောင် မပြည့်သေးပါကြောင်း၊ သည်းမခံနိုင်တော့တဲ့ သူတွေကိုမြင်နေရပါကြောင်း၊ ဒီလိုအခြေအနေက ကြောက်သင့်လို့ ကြောက်ရမဲ့ (ဝါ)၊ သတိကို လက်မလွှတ်ရမယ့် အချိန်ဖြစ်ပါကြောင်း၊ Covid စိန်ခေါ်မှုကြီးကို ကျော်လွှားနိုင်ပြီလို့ တရားဝင်ကြေညာခဲ့တဲ့ နိုင်ငံအချို့မှာ Covid ပြန်လည်တွေ့နေရပြီဖြစ်ပါကြောင်း၊ ကြောက်စရာကောင်းပါကြောင်း။

ထပ်မံပြီးသတိပေးပါရစေ၊ ဒုတိယ Covid လှိုင်းဟာ ပထမထက်ဆိုးဖို့ရာများတယ်လို့ လေ့လာထားသူတွေက သုံးသပ်ပါကြောင်း၊ မိမိတို့ ပထမလှိုင်းကို ကျော်လွှားနိုင်ခဲ့တာလည်း လွယ်လွယ်နဲ့ မဟုတ်ပါကြောင်း၊ ငွေအင်အား၊ လူအင်အား၊ စိတ်ဓာတ်အင်အား၊ အင်အားအမျိုးမျိုး ရင်းနှီးခဲ့ရပါကြောင်း၊ ဒီရင်းနှီးမှုတွေ အဟောသိကံ မဖြစ်သွားဖို့ မိမိတို့ စိတ်အင်အားတွေ အဆက်မပြတ် ထုတ်ရဦးမည်ဖြစ်ပါကြောင်း။

ရည်မှန်းချက် အောင်ပန်းဆွတ်ခူးနိုင်ဖို့၊ ပင်ပန်းတယ်လို့ ခံစားရပေမဲ့လည်း လုံ့လဝီရိယ မလျှော့စတမ်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာပါ။ အနာဂတ်မှာ ကုက္ကုစ္စ မပွားရအောင် ယခုအချိန်မှာ မှန်ကန်တဲ့ အလယ်အလတ်လမ်းကို တည့်တည့်မတ်မတ် လျှောက်ကြပါဟု ရေးသားထားသည်။

**❖ ဒုတိယ Covid လှိုင်းဟာ ပထမထက်ဆိုးဖို့ရာများတယ်လို့ လေ့လာထားသူတွေက သုံးသပ်**

**❖ ရည်မှန်းချက်အောင်ပန်း ဆွတ်ခူးနိုင်ဖို့၊ ပင်ပန်းတယ်လို့ ခံစားရပေမဲ့လည်း လုံ့လဝီရိယ မလျှော့စတမ်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာ**

ကြေးမုံ ယနေ့ ဖတ်စရာ

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ စာမျက်နှာ » ၃

(၇၃)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ စာမျက်နှာ » ၆

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း စာမျက်နှာ » ၁၅

လှိုင်သာယာမြို့နယ်၌ ဆန်အလိုအလျောက်ပေးဝေသည့် စက်ဖြင့် လူတစ်ဦးလျှင် ဆန် နို့ဆီဘူး ခြောက်ဘူးနှုန်း အိမ်ထောင်စုပေါင်း ၅၀၀၀ ကျော် ပေးဝေခဲ့ စာမျက်နှာ » ၁၇



ဘိုင်ယန်မြူးနစ်အသင်း ဘွန်ဒက်လီဂါဖလား ရှစ်ကြိမ်ဆက်တိုက် ဆွတ်ခူး စာမျက်နှာ » ၂၂

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

## ကြေးမုံ

# ပုံမှန်အသစ်နှင့် အတူယှဉ်တွဲနေထိုင်

ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာတစ်ဝန်း လူပေါင်းလေးသိန်းကျော် သေဆုံးခဲ့ပြီ။ ကူးစက်မှုများကတော့ ရပ်တန့်မသွားသေး။ ဘယ်အချိန်မှာ ရပ်တန့်သွားမှာလဲ၊ ကာကွယ်ကုသပျောက်ကင်းတဲ့ဆေးကရော ဘယ်တော့ပေါ်မှာလဲ မည်သူမှ ရေရေရာရာမသိ၊ အတတ်ပြောနိုင်သူမရှိ။ အချိန်ကြာလာတော့ လူတွေသိပ်ဂရုမစိုက်ချင်တော့၊ ကူးစက်မှုလျော့ကျလာပြီဆိုသည်နှင့် ကန့်သတ်မှုများဖြေလျှော့ပေးလာကြ၏။ ဖြေလျှော့မပေးလို့လည်းမဖြစ်၊ ဘယ်အချိန်၊ ဘယ်ကာလမှ ပျောက်ကင်းမှန်းမသိသည့်ရောဂါတစ်ခုကြောင့် သွားရေး၊ လာရေး၊ လုပ်ငန်းကိုင်ငန်း၊ စီးပွားရေးလုပ်ငန်းများကို အချိန်အကြာကြီးရပ်ထားဖို့ဆိုတာ မဖြစ်နိုင်။ အရင်လိုအခြေအနေ ပြန်ရောက်ဖို့ဆိုသည်မှာလည်း မမျှော်မှန်းနိုင်တော့။ ဒီအတွက်ကြောင့်ပင် new normal ဟုခေါ်သည့် နေမှုထိုင်မှုပုံစံအသစ်၊ သွားမှုလာမှုပုံစံအသစ်၊ အလုပ်လုပ်ကိုင်မှုပုံစံအသစ်တို့ဖြင့် နေထိုင်လာရသည်။ ပုံမှန်မဟုတ်တော့သော ပုံမှန်အသစ်များပင်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် လတ်တလောအခြေအနေတွင် စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များကို သတ်မှတ်စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ရောင်းချစေခဲ့၏။ အရင်လို ပျော်ပျော်ပါးပါး စည်စည်ကားကား မဟုတ်၊ သွားသုတ်သုတ် လာသုတ်သုတ်၊ စားသုတ်သုတ်နှင့် တစ်ခါတရံ နှာခေါင်းစည်းမဖြုတ်ဘဲ လက်ဖက်ရည်သောက်မိသည်အထိ တက်သုတ်ရိုက်နေ၏။ အချို့ကျတော့လည်း မကြောက်ကြ၊ လက်ဖက်ရည်ဆိုင်ထိုင်ရသည်ကိုပင် ပုံမှန်အခြေအနေပြန်ရောက်သလို မဟာဆုလာဘ်ကြီးသဖွယ် ပြုမူနေထိုင် နေကြ၏။ နဂိုပုံစံအတိုင်း သွားလာလှုပ်ရှား နေထိုင်နေကြသူများကိုလည်း တွေ့ရ၏။

မြန်မာနိုင်ငံတွင် လက်ရှိအခြေအနေအရ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို ညင်သာပျော့ပျောင်းစွာ ကိုင်တွယ်ထိန်းချုပ်ထားနိုင်သည်ဟု ဆိုနိုင်၏။ ပြည်တွင်းကူးစက်မှုမရှိသလောက်နည်းနေပြီး ပြည်ပမှပြန်ဝင်လာသူများတွင်သာ ရောဂါကူးစက်မှုရှိနေသည်ကို တွေ့ရ၏။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ မေလ ၁၈ ရက်နေ့နောက်ပိုင်း ပြည်ပမှပြန်လည်ဝင်ရောက်လာသူများ အနက် ၇၀ ကျော်တွင် ပိုးတွေ့ရှိကြောင်း၊ အိန္ဒိယမှပြန်လည်ဝင်ရောက်လာသူများတွင် အများဆုံးတွေ့ရှိကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု ထိန်းချုပ်ရေးလုပ်ငန်းကို မိမိ၏အရေး၊ မိမိ၏မိသားစုနှင့်နိုင်ငံသားအားလုံး၏အရေးကိစ္စဟု သဘောထားယူဆကာ ပြုမူကျင့်ကြံဆောင်ရွက်ကြပါက ကိုဗစ်-၁၉ ရောဂါကို အမြန်ဆုံး ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်ထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း“ယခုပထမ covid လှိုင်းကို ကျွန်မတို့အောင်မြင်စွာ ကျော်ဖြတ်ခဲ့ပါပြီ။ ဒုတိယက ပိုခက်ခဲမယ်လို့ ခန့်မှန်းတာတွေရှိပါတယ်။ဘယ်လိုပဲဖြစ်ဖြစ် အကောင်းဆုံးကိုမျှော်လင့်ပြီး အဆိုးဆုံးအတွက် အသင့်ပြင်ဆင်ထားရပါမယ်”ဟု ၎င်း၏ဖေ့စ်ဘွတ်တွင် သတင်းစကားပါးထားသည်ကိုတွေ့ရသည်။

မိမိတို့ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းချက်များ၊ လမ်းညွှန်ချက်များ၊ နှိုးဆော်ချက်များ၊ သိကောင်းစရာများကို လေ့လာသိရှိထားရန် တိုက်တွန်းလိုပါသည်။ အထူးသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဖေ့စ်ဘွတ်စာမျက်နှာတွင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သော အကြောင်းအရာများ နေ့စဉ်ဖော်ပြထားသည်ကို လေ့လာကြည့်ရှုရန်တိုက်တွန်းလိုပါသည်။ ထိုအထဲတွင် လူတို့၏ နေ့စဉ်နေထိုင်မှုဘဝတွင် မည်ကဲ့သို့ကျင့်ကြံနေထိုင်ရမည်ကို ဒီနေ့အတွက်သိကောင်းစရာများဟု ခေါင်းစဉ်တပ်ကာ ဖော်ပြခဲ့သည်မှာ အမှတ်စဉ်အားဖြင့် (၂၇) ခုမြောက်အထိ တွေ့ရသည်။ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်ပြီး အပြင်ထွက်သည့်အခါတိုင်း ဘာကြောင့်ပါးစပ်နှင့် နှာခေါင်းစည်း(mask)တပ်သင့်တာလဲ၊ ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်ခြင်း မခံရအောင် အခြားသူများနှင့် ဘာကြောင့် ခြောက်ပေအကွာမှာ နေသင့်တာလဲ၊ ဘာကြောင့်စက္ကန့် ၂၀ ကြာအောင် လက်ဆေးသင့်တာလဲ ဆိုသည့်အချက်များအပြင် အခြားကျန်းမာရေးနှင့်ပတ်သက်သော ဆောင်ရန်ရှောင်ရန် သိကောင်းစရာများ ဖော်ပြထားသည်ကို လေ့လာကြည့်ရှုစေလိုပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါက လူ့အသက်ပေါင်းများစွာကို နုတ်ယူသွားသလို တစ်ယောက်နှင့်တစ်ယောက်ကိုလည်း ခပ်ခွာခွာ၊ ခပ်စိမ်းစိမ်း ဖြစ်စေသည်။ ဘယ်လိုပင်နှလုံးသားချင်းနီးအောင်နေသော်လည်း နေထိုင်မှုပုံစံသစ်ကတော့ မနီးနိုင်တော့။ မတတ်သာခပ်ခွာခွာနေရင်း နဂိုမူလအခြေအနေမဟုတ်သော ပုံမှန်အသစ်များဖြင့် နေ့စဉ်ဘဝ သွားလာလုပ်ကိုင်နေထိုင်မှုပုံစံများကို မပြတ်သောသတိ၊ အသိဖြင့်သာ ယှဉ်တွဲနေထိုင်ကြဖို့ တိုက်တွန်းလိုက်ရပါသည်။ ။

# မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ပြခန်းများနှင့် ပြိုင်ပွဲများကျင်းပရေးကော်မတီ အစည်းအဝေးများ ကျင်းပ

**ရန်ကုန် ဇွန် ၁၇**

မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြခန်းများ ခင်းကျင်းပြသရေး ဆပ်ကော်မတီနှင့် ပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီ အစည်းအဝေးများကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြခန်းများ ခင်းကျင်းပြသရေး ဆပ်ကော်မတီ တတိယအကြိမ် အစည်းအဝေးတွင် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးနာယကများနှင့် တက်ရောက်လာကြသူများက ယခင် မြန်မာ့ရုပ်ရှင်၊ ငွေရတု၊ ရွှေရတုနှင့် စိန်ရတု ခေတ်အဆက်ဆက်တွင် ကျင်းပခဲ့သည့် အတွေ့အကြုံများ၊ အမှတ်တရ ပစ္စည်းများ ထုတ်လုပ်ရောင်းချရေး အစီအစဉ်များ၊ အလှပြယာဉ်များဖြင့် ဖျော်ဖြေရေးအစီအစဉ်များ၊ ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များကို 3D ပန်းချီကားများဖြင့် ရေးဆွဲဖော်ပြမည့် အစီအစဉ်များ၊ စားသောက်ဆိုင်များ တည်ခင်းရောင်းချရေး အစီအစဉ်များ၊ စာနယ်ဇင်းများကပြောသော ရုပ်ရှင်ရာပြည့် အစီအစဉ်၊ စတန့်ပြခန်းများ ပြသထားရှိရေး၊ ပြခန်းများ တာဝန်ခွဲဝေမှု ကိစ္စများ၊ အနုပညာဖန်တီးသူလူငယ်များ၏ဓာတ်လမ်းရုပ်ရှင်တိုများ ပြသနိုင်ရေးအစီအစဉ်၊ အနုပညာ ချစ်မြတ်နိုးသူများနှင့် အနုပညာရှင်များ အမှတ်တရ ဓာတ်ပုံတွဲရိုက်ရေး အစီအစဉ်များ၊ နိုင်ငံတကာမှအနုပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာ့ရုပ်ရှင်ရာပြည့် အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲများကျင်းပရေး ဆပ်ကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲများ ကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက ပြိုင်ပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ ပြိုင်ပွဲများဖြစ်သည့် ဆောင်းပါးပြိုင်ပွဲ၊ ဇာတ်လမ်းရုပ်ရှင်တိုပြိုင်ပွဲ၊ မှတ်တမ်းရုပ်ရှင်ပြိုင်ပွဲ၊ ကာတွန်းရုပ်ရှင်ပြိုင်ပွဲ၊ ရုပ်ရှင်ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲ ခေါ်ယူမည့် အခြေအနေ၊ စည်းမျဉ်းစည်းကမ်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီ အတွင်းရေးမှူး ဦးအေးကြူလေးက ဆွေးနွေးပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြု ဖြည့်စွက်ဆွေးနွေးကြကာ ဥက္ကဋ္ဌက နိဂုံးချုပ်စကား ပြောကြားခဲ့သည်။

သတင်း-ဥမ္မာ၊ စန္ဒီ
ဓာတ်ပုံ-ရဲထွဋ်



မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ပြိုင်ပွဲများကျင်းပရေးဆပ်ကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

စာအုပ်စာပေ လူ့မိတ်ဆွေ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၇-၆-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၀၀၀ | ၁၀,၅၀၀ | ၁၃၅ | ၁,၄၈၀,၀၀၀ |
| MTSH | ၃,၇၅၀ | ၃,၈၀၀ | ၅,၅၆၃ | ၂၁,၀၆၉,၃၀၀ |
| MCB | ၈,၁၀၀ | ၈,၂၀၀ | ၂၂၂ | ၁,၇၉၈,၅၀၀ |
| FPB | ၂၃,၀၀၀ | ၂၃,၅၀၀ | ၅၂၁ | ၁၁,၉၈၃,၅၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၅,၀၂၃ | ၁၄,၃၁၅,၅၅၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၉,၃၄၈ | ၂၅,၂၃၉,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၁၇

**ရန်ကုန်(ရွှေဈေး) ၁၂၁၆၀၀၀ မန္တလေး(ရွှေဈေး) ၁၂၁၆၀၀၀**

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၃၀/၅၇၀ ကျပ် | ၅၆၅/၅၇၅ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၂၀/၅၆၀ ကျပ် | ၅၅၀/၅၆၀ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၈၀/၆၀၀ ကျပ် | ၆၄၅/၆၆၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၅၀/၅၀၀ ကျပ် | ၅၂၀/၅၃၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၆၀/၄၆၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၇၀/၄၇၅ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၄၀/၄၅၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၉၈.၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၇၅.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇.၄၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၈၈၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၆.၈၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၃၆၁ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၆၅.၉၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၄.၂ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၀၂.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၅.၃၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**ခေတ္တ စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်း သတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးကျော်စွာလင်း၊ ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဒေါ်ဇာရည်မွန်၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၁၇**
ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေး (၆/၂၀၂၀) ကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးစိုးဝင်း၊ ဦးသိန်းဆွေ၊ ဒေါက်တာသန်းမြင့်နှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ညှိနှိုင်းဆောင်ရွက်**

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက မိမိတို့ ယနေ့အထိ အစည်းအဝေး ငါးကြိမ် ကျင်းပခဲ့ပြီး ဆုံးဖြတ်ချက် ၅၆ ခု ချမှတ်ကာ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လျက်ရှိသည့် စီးပွားရေးဆိုင်ရာ သက်ရောက်မှုများနှင့် ပတ်သက်၍ ဆောင်ရွက်ရန်ကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေများကို စိစစ်ထုတ်ပေးလျက်ရှိရာ ခြောက်ကြိမ်ထုတ်ပေးနိုင်ခဲ့ပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ လုပ်ငန်းပေါင်း ၃၀၉၄ ခုသို့ ချေးငွေ ၈၆ ဒသမ ၇၄၁၉ ဘီလီယံ ထုတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မိမိတို့ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအား ပြန်လည်သုံးသပ်၍ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးဆုံးဖြတ်ပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။



**ဆွေးနွေး**

ဆက်လက်၍ တက်ရောက်လာကြသူများက လုပ်ငန်းကော်မတီက ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များအပေါ် ပြန်လည်သုံးသပ်ညှိနှိုင်းကြပြီး UMFCCI နှင့် MICPA တို့မှ ဒုတိယအကြိမ် ထပ်မံစိစစ်ထောက်ခံသည့် လုပ်ငန်းများသို့ သတ္တမအကြိမ်မြောက် ချေးငွေအဖြစ် ထုတ်ပေးနိုင်ရေး၊ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရန်ပုံငွေ ထပ်မံလျာထားရာတွင် ချေးငွေထုတ်ပေးမည့် လုပ်ငန်းကဏ္ဍများ သတ်မှတ်ရေး၊ ချေးငွေရယူထားသည့် လုပ်ငန်းများက ချေးငွေအသုံးပြုမှုအပေါ် စိစစ်ကြပ်မတ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီက ပေးပို့လာသည့် ကိစ္စရပ်များ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများက အဆိုပြုတင်ပြလာသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

## အာဆီယံ-ရုရှား နိုင်ငံခြားရေးဝန်ကြီးများ၏ ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ အထူးအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၁၇**
အာဆီယံ-ရုရှား နိုင်ငံခြားရေးဝန်ကြီးများ၏ ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ အထူးအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် Video Conferencing ဖြင့် ကျင်းပရာ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။

အစည်းအဝေးတွင် အာဆီယံ-ရုရှား ဆွေးနွေးဖက်ဆက်ဆံရေးညှိနှိုင်းရေးမှူးဖြစ်သူ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး Mrs. Retno Marsudi နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး Mr.Sergey Lavrov တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ပြီး အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။



**အမြင်ချင်းဖလှယ်**

အစည်းအဝေးတွင် ဝန်ကြီးများက ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေများတုံ့ပြန်ရေးနှင့် ကူးစက်ရောဂါအလွန် ပြန်လည်ထူထောင်ရေးတို့တွင် အာဆီယံ-ရုရှား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ ကိုဗစ်-၁၉ ကူးစက်ရောဂါ တိုက်ဖျက်ရာတွင် အာဆီယံက ဦးဆောင်သည့် ယန္တရားများ၏အခန်းကဏ္ဍ ပိုမိုတိုးတက်ခိုင်မာစေရေး၊ နိုင်ငံတကာဥပဒေများကို လေးစားလိုက်နာပြီး ကိုဗစ်-၁၉ ကူးစက်ရောဂါအလွန်ကာလတွင် အာရှ-ပစိဖိတ်ဒေသ၏ ဒေသတွင်းဆွေးနွေးမှုယန္တရား တည်ဆောက်မှုနှင့် အာဆီယံ၏ အရေးပါဗဟိုကျမှုတို့ကို တိုးမြှင့်ဖော်ဆောင်ရေး စသည့်ကိစ္စရပ်များအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

**စောစီးစွာဆောင်ရွက်ခဲ့**

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသည့် ကျန်းမာရေးနှင့် လူမှု-စီးပွားရေး ထိခိုက်နစ်နာမှုများကို ဖြေရှင်းရာတွင် မြန်မာအစိုးရ အနေဖြင့် အရင်းအမြစ်အကန့်အသတ်ရှိသော်လည်း "တစ်နိုင်ငံလုံးပါဝင်သည့် ချဉ်းကပ်မှုပုံစံ" ဖြင့် စောစီးစွာ အရေးယူ ဆောင်ရွက်ခဲ့မှုကြောင့် ကိုဗစ်-၁၉ ရောဂါကို ကာကွယ်ထိန်းချုပ်ထားနိုင်သည့် အခြေအနေများနှင့် ကူးစက်ရောဂါတိုက်ဖျက်ရာတွင် အစိုးရအနေဖြင့် ပြည်သူများ၏ပူးပေါင်းပါဝင်မှုကို ရယူလျက် "မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရေးမူ"ကို ကျင့်သုံး၍ ကူးစက်ရောဂါအကြောင်း အသိပညာပေးလှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းအသိပေးခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါ တိုက်ဖျက်ရာတွင် အာဆီယံ-ရုရှား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက အာဆီယံနှင့် ရုရှားနိုင်ငံတို့အကြား နည်းပညာနှင့် သတင်းအချက်အလက်များ ဖလှယ်ခြင်းကို ပိုမိုတိုးမြှင့်နိုင်ရန်နှင့် လက်ရှိ ကူးစက်ရောဂါနှင့် ကူးစက်ရောဂါအသစ်များ ရှာဖွေဖော်ထုတ်ခြင်း၊ ကာကွယ်ခြင်းနှင့် ကုသခြင်းဆိုင်ရာ ပူးတွဲသုတေသနများ ဆောင်ရွက်နိုင်ရန်တို့အတွက် သက်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးဌာနများအကြား ပုံမှန်တိုင်ပင်ညှိနှိုင်းဆွေးနွေးနိုင်မည့် ယန္တရားတစ်ခု ထူထောင်ထားရှိရေးကို ကြိုဆိုကြောင်း ပြောကြားသည်။

**တိုးတက်ခိုင်မာစေရေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အာဆီယံနိုင်ငံများ၏ ကျန်းမာရေးဝန်ထမ်းများအတွက် သင်တန်းများ ဆက်လက်ပေးအပ်ရန် ရုရှားနိုင်ငံက ကတိကဝတ်ပြုသည့်အပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု စွမ်းရည်မြှင့်တင်ရန်အတွက် အာဆီယံ-ရုရှား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ ကူးစက်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် ကျန်းမာရေးနှင့် လူမှု-စီးပွားရေး ထိခိုက်နစ်နာမှုများကို လျော့ပါးသက်သာစေရန် ထောက်ပံ့ရေးကွင်းဆက်လမ်းကြောင်း ထိန်းသိမ်းရေးနှင့် မရှိမဖြစ် လိုအပ်သည့် ကုန်စည်များနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများ အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ကူးစက်ရောဂါတိုက်ဖျက်ရာတွင် အာဆီယံက ဦးဆောင်သည့် လက်ရှိယန္တရားများမှ တစ်ဆင့် အာဆီယံ-ရုရှား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ခိုင်မာစေရေး စသည်တို့ကို ထည့်သွင်းဆွေးနွေးသည်။

အစည်းအဝေးအပြီးတွင် အာဆီယံ-ရုရှား နိုင်ငံခြားရေးဝန်ကြီးများ၏ ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ အထူးအစည်းအဝေးကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိများလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

## တောင်သူဦးကြီးများသို့ အသိပေးကြေညာချက်

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် နှစ်စဉ်စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးလျက်ရှိရာ ၂၀၂၀ ပြည့်နှစ်၊ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မေလ (၁၅) ရက်နေ့မှစ၍ ထုတ်ချေးလျက်ရှိပါသည်။

၂။ ယခုအခါ COVID–19 ကပ်ရောဂါကြောင့် မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင်လည်း အထိုက်အလျောက် ထိခိုက်မှုများရှိခဲ့သဖြင့် ၂၀၂၀ ပြည့်နှစ်၊ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ရရှိသူတောင်သူလယ်သမားများသို့ ကိုဗစ်–၁၉ အထူးချေးငွေ(COVID–19 Special Relief Loan) အဖြစ် တစ်ဧကလျှင် ကျပ် (၅၀,၀၀၀)နှုန်းဖြင့် ထပ်ဆောင်း၍ ပံ့ပိုးထုတ်ချေးပေးသွားမည်ဖြစ်ပါသည်။ ချေးငွေသက်တမ်းမှာ မိုးစပါးချေးငွေသက်တမ်းအတိုင်းဖြစ်ပါသည်။

၃။ အဆိုပါ အထူးချေးငွေကို ၂၀၂၀ ပြည့်နှစ်၊ ဇွန်လမှ စက်တင်ဘာလကုန်အထိ ထုတ်ချေးပေးသွားမည်ဖြစ်ပြီး ချေးငွေအတိုးနှုန်းမှာ လက်ရှိစိုက်ပျိုးစရိတ်ချေးငွေ အတိုးနှုန်းအတိုင်း တစ်နှစ်လျှင် ၅% ဖြစ်ပါသည်။

၄။ ၂၀၂၀ ပြည့်နှစ်၊ မိုးစပါးချေးငွေရရှိသူများအပြင် ၂၀၂၀ ပြည့်နှစ်အတွက် အခြားသီးနှံချေးငွေ ရရှိသူများသို့လည်း အလားတူထပ်ဆောင်းထုတ်ချေးမည်ဖြစ်ပါသည်။

၅။ ဤချေးငွေသည် ကိုဗစ်–၁၉ ကာလအတွင်း တောင်သူလယ်သမားများအတွက် အထူးချေးငွေဖြစ်သဖြင့် တစ်ကြိမ်သာလျှင် ထုတ်ချေးမည်ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ တောင်သူဦးကြီးများအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခရိုင် / မြို့နယ် ဘဏ်ခွဲများနှင့် ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

❒ ကျောဖုံးမှ

သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ပေးခြင်းဖြင့် မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနသည် တာဝန်နှစ်ရပ်ကို တစ်ပြိုင်တည်း ထမ်းဆောင်ခြင်းဖြစ်ပါကြောင်း၊ ပထမတစ်ရပ်မှာ အစိုးရနှင့် ပြည်သူအကြား ပေါင်းကူးပေးသည့် တာဝန်ကို ထမ်းဆောင်ခြင်းဖြစ်ပါကြောင်း၊ အစိုးရသည် အများပြည်သူက ရွေးကောက် တင်မြှောက်သည့် အစိုးရဖြစ်သည့်အတွက် မိမိတို့နိုင်ငံအတွက်၊ ပြည်သူအတွက် ဆောင်ရွက်ချက်များကို အများပြည်သူသိရှိအောင် အသိပေး အစီရင်ခံရန် တာဝန်ရှိပါကြောင်း၊ ထိုသို့အသိပေးအစီရင်ခံသည့် တာဝန်ကို ထမ်းဆောင် နိုင်ရန်အတွက် ယခုကဲ့သို့ မီဒီယာများမှတစ်ဆင့် ဆက်သွယ်ပေါင်းကူးပေးခြင်း ဖြစ်ပါကြောင်း။

**တာဝန်နှစ်ရပ်**

ဒုတိယတာဝန်အနေဖြင့် အစိုးရ၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အများပြည်သူ သိရှိပိုင်ခွင့်ကို ဖြည့်ဆည်းပေးရန် ဌာနအသီးသီးမှ သတင်းရယူနိုင်ရန်အတွက် ဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ ထိုကဲ့သို့ တာဝန်နှစ်ရပ်ဖြင့် သတင်းစာရှင်းလင်းပွဲများ ကျင်းပခြင်းဖြစ်သည်ကို ဦးစွာပြောကြားလိုပါကြောင်း။

သတင်းစာရှင်းလင်းပွဲများနှင့် အတူ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများတွင် ပြောရေးဆိုခွင့်ပုဂ္ဂိုလ်များ ရွေးချယ်တာဝန်ပေးနိုင်စေရန်အတွက် ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြောရေးဆိုခွင့်ပုဂ္ဂိုလ်များနှင့် တွေ့ဆုံမိတ်ဆက်ပေးသည့် အစီအစဉ်များကိုလည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုကဲ့သို့ ပြုလုပ်ရခြင်း ရည်ရွယ်ချက်မှာ သတင်းစာရှင်းလင်းပွဲများ ပြုလုပ်သည့် ဓလေ့ထွန်းကားစေရန်နှင့် ပြောရေးဆိုခွင့်ရှိသူများ အပါအဝင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မီဒီယာသမားများ ရင်းရင်းနီးနီးရှိစေရန် ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ခဲ့မှု၏ အောင်မြင်မှုအတိုင်းအတာကို မီဒီယာသမားများကိုယ်တိုင် ဆုံးဖြတ်သိရှိနိုင်ပါကြောင်း။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြောကြားလိုပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၏ အဓိက လုပ်ငန်းတာဝန်သည် အများပြည်သူကို သတင်းအချက်အလက်ပေးသည့် အလုပ်နှင့် အများပြည်သူအတွက် အသိပညာဖွံ့ဖြိုးတိုးတက်ရေး အလုပ်များကို ဆောင်ရွက်ပေးရန် ဖြစ်ပါကြောင်း၊ နေ့စဉ်အားဖြင့် မြန်မာအသံနှင့် ရုပ်မြင်သံကြား၏ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ အများပြည်သူအတွက် ဖျော်ဖြေရေးအစီအစဉ်များကို တင်ဆက်ပေးသည်လည်း ရှိပါကြောင်း၊ သတင်းနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ရယူခြင်း၊ စုဆောင်းခြင်း၊ ဖြန့်ချိခြင်း အလုပ်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ အဓိက ဆောင်ရွက်ပါကြောင်း၊ ယခုအခါ သတင်းရယူစုဆောင်းရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့်လည်း ပါဝင်လာပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနတစ်ခုဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် စတုတ္ထ(၁) နှစ်တာအတွင်း ပြုပြင်ပြောင်းလဲလုပ်ဆောင်ခဲ့သည့် အချက်သုံးခုရှိပါကြောင်း၊ ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရုံးဝင်းအတွင်းရှိ အဆောက်အအုံတွင် ခေတ်မီ စတူဒီယို အသစ်တစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ စတင်ဖွင့်လှစ်ပြီးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသည်မှာ ပြီးခဲ့သည့်နှစ် နှောင်းပိုင်းကတည်းကပင် ဖြစ်ပါကြောင်း။

**HD အဆင့်ထုတ်လွှင့်**

ထို့ပြင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရုပ်သံအရည်အသွေး ကောင်းမွန်စေရန်အတွက် SD အဆင့်မှ HD အဆင့်သို့ ကူးပြောင်းနိုင်ရန် လိုအပ်သည့် စက်ကိရိယာ တပ်ဆင်ကာ ပြီးခဲ့သည့်နှစ် နှောင်းပိုင်းက စမ်းသပ်ထုတ်လွှင့်ခဲ့ပြီး ယခုအခါ ပုံမှန်ထုတ်လွှင့်နေပြီဖြစ်ပါကြောင်း၊ ယခုအခါတွင် တိုက်ရိုက်ထုတ်လွှင့်ခြင်း အစီအစဉ်များ များပြားလာသည့်အတွက် DSNG Van ဟု ခေါ်သည့် ပြင်ပမှ တိုက်ရိုက်ထုတ်လွှင့်နိုင်သည့် ယာဉ်အသစ် သုံးစီးကို ထပ်မံဖြည့်တင်းနိုင်ခဲ့ပါကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများသည် စာကြည့်တိုက်များနှင့် တွဲဖက်တည်ရှိနေသည့် ရုံးများဖြစ်ပါကြောင်း၊ ထိုကဲ့သို့ တည်ရှိနေသည့် စာကြည့်တိုက်များကို အများပြည်သူအတွက် လူထုအခြေပြုဗဟို ဌာနများအဖြစ် ပြောင်းလဲခဲ့ပါကြောင်း၊ လူထုအခြေပြု ဗဟိုဌာနများအဖြစ် ဆောင်ရွက်ရာတွင် အများပြည်သူအတွက် ရည်ရွယ်ခြင်းဖြစ်သည့်အတွက် အများပြည်သူ စုဝေးဆွေးနွေးနှီးနှောဖလှယ်နိုင်ရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ခြင်းသည် ဒီမိုကရေစီအလေ့အကျင့် တိုးတက် ထွန်းကားစေရန်အတွက်လည်း ဖြစ်ပါကြောင်း၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ်တွင် ခေတ်မီလူထုအခြေပြုဗဟိုဌာနတစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ အဆိုပါဌာနမှ တာဝန်ယူဆောင်ရွက်သည့် ထင်ရှားလူသိများသည့် အလုပ်တစ်ခုမှာ စာပေပွဲတော်နှင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်များ ကျင်းပခြင်းဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် စတုတ္ထ (၁)နှစ်တာကာလအတွင်း မကွေးမြို့တွင် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ကျင်းပနိုင်ခဲ့ပါကြောင်း။

ကလေးစာပေပွဲတော်များ ကျင်းပရာတွင် ပြီးခဲ့သည့်နှစ်အတွင်း ထူးခြားသည့် ဆောင်ရွက်မှုအဖြစ် ဧရာဝတီတိုင်းဒေသကြီးတွင် ကလေးစာပေပွဲတော်များကို တိုင်းဒေသကြီးအတွင်း မြို့နယ်အားလုံးတွင် ကျင်းပနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေပါကြောင်း၊ ရန်ကုန်မြို့ ရွှေတောင်ကြားတွင် ရုပ်ရှင်မြှင့်တင်ရေး ခြံရှိပြီး အဆိုပါနေရာရှိ ရှိရင်းစွဲအဆောက်အအုံများကို ပြုပြင်ကာ Film Development Centre၊ ရုပ်ရှင်ရုပ်ဝန်းဖြစ်စေရန် ပြုပြင်ပြောင်းလဲ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ ပြောင်းလဲကာ ရုပ်ရှင်စတူဒီယိုများ အဖြစ် ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ပြီးခဲ့သည့် နှစ်အတွင်းက ရုပ်ရှင်လုပ်ငန်းအတွက် လုပ်ငန်းများစွာ အသုံးပြု ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ရုပ်ရှင်ဝါသနာပါသော ပညာရှင်၊ လူငယ်ပညာရှင်များ ဦးဆောင်သည့် ရုပ်ရှင်လေ့လာရေး အစီအစဉ်ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ Art Film ဟု ခေါ်သည့် အနုပညာအား ပိုများသည့် ရုပ်ရှင်များကို ခွဲခြမ်းစိတ်ဖြာ လေ့လာသည့် အစီအစဉ် ဖြစ်မြောက်အောင် ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ အဆိုပါနေရာတွင် ဆွေးနွေးပွဲများ မပြတ် ဆောင်ရွက်နေသည့်အတွက် မီဒီယာသမားများ အပါအဝင် စိတ်ဝင်စားသူများ တက်ရောက်နိုင်ရန်အတွက် အသိပေးပြောကြားလိုပါကြောင်း။

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အနေဖြင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး လုပ်ငန်းနှစ်ခုကို ဆောင်ရွက်ပါကြောင်း၊ အဆိုပါဦးစီးဌာနသည် အစိုးရဌာနဆိုင်ရာများအတွက် ပုံနှိပ်ပေးသည့် လုပ်ငန်းကို အစိုးရအစဉ်အဆက် လုပ်ဆောင်ခဲ့ပါကြောင်း၊ နိုင်ငံတော်ပြန်တမ်းများ အပါအဝင် အစိုးရစာရွက်စာတမ်းများကို ရိုက်နှိပ်ပေးရပါကြောင်း၊ ပညာရေးဝန်ကြီးဌာနမှ အပ်နှံသည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပုံနှိပ်ပေးခြင်းကိုလည်း ဆောင်ရွက်ပါကြောင်း၊ ကျောင်းသုံးစာအုပ်များကို ပုံနှိပ်သည်မှာလည်း ကြာမြင့်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က အပ်နှံသည့် ရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်များ၊ ကြိုတင်မဲစာအိတ်များ၊ မဲပုံးတွင် ကပ်မည့် စာသားစက္ကူများကို ရိုက်နှိပ်ပေးရပြီး ဆောင်ရွက်နေဆဲ ဖြစ်ပါကြောင်း၊ ပုံနှိပ်လုပ်ငန်းများအပြင် စာပေဗိမာန်မှ စာအုပ်စာတမ်းများ ထုတ်ဝေခြင်းလည်း ရှိပါကြောင်း၊ နိုင်ငံတော်အကြီးအကဲများ၏ မိန့်ခွန်းများ၊ အစိုးရ၏ နှစ်ကာလအလိုက် ဆောင်ရွက်မှု မှတ်တမ်းစာအုပ်များကို ပြုစုထုတ်ဝေခဲ့ပါကြောင်း၊ ယနေ့သတင်းစာရှင်းလင်းပွဲတွင်လည်း ပြသထားပါကြောင်း၊ မကြာခင်၌ (၄)နှစ်တာကာလ ဆောင်ရွက်မှုများကို ထုတ်ဝေသွားရန် စီစဉ်နေပြီဖြစ်ပါကြောင်း၊ သတင်းမီဒီယာသမားများအနေဖြင့် နောင်အခါ ကိုးကားနိုင်ရန်အတွက် တန်ဖိုးရှိသည့် အရာများဟု အသိပေးလိုပါကြောင်း၊ မြန်မာစာပေ ဖွံ့ဖြိုးရေးအတွက် မြန်မာဂန္ထဝင်စာစဉ် ၁၀၀ အတွဲများကိုလည်း ထုတ်ဝေခဲ့ပြီး အတွဲ ၉ အထိ ထုတ်ဝေခဲ့ပြီးဖြစ်ပါကြောင်း။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာများကို ထုတ်ဝေသည့် ဌာနဖြစ်ပါကြောင်း၊ သတင်းသမားများ သိရှိသည့်အတိုင်းပင် သတင်းစာများသည် နေ့ချင်းပြီး ဆောင်ရွက်ရသည့်အတွက် တစ်ခါတစ်ရံ အလျင်အမြန် ဆောင်ရွက်ရသည်လည်း ရှိပါကြောင်း၊ ထိုသို့ အလျင်အမြန် ပြီးစီးအောင် ဆောင်ရွက်ရသည့်အတွက် ချို့ယွင်းချက်၊ အားနည်းချက်များလည်း ရှိပါကြောင်း၊ ချို့ယွင်း ချက်၊ အားနည်းချက်များကို တတ်နိုင်သမျှ နည်းအောင် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း။

သတင်းစာများသည် နိုင်ငံပိုင်သတင်းစာများဖြစ်သည့် အားလျော်စွာ ပြည်သူနှင့် အစိုးရအကြား ပေါင်းကူးပေးသည့် သတင်းစာများလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲများနှင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ အခြားမဏ္ဍိုင်များ၏ ဆောင်ရွက်ချက်များကို ပြည့်ပြည့်စုံစုံ ဖော်ပြပါကြောင်း၊ ထိုသို့ ဖော်ပြသည့်အပြင် ပြည်သူများအတွက် အခါအားလျော်စွာ တင်ပြသည့် အစီအစဉ်များလည်း ရှိပါကြောင်း၊ ဥပမာအားဖြင့် လွှတ်တော်သတင်းများကို ဖော်ပြပေးလျက်ရှိသည့်အပြင် ပြည်သူ့ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များကို အထူးပြုဖော်ပြပေးသည့် အစီအစဉ်ကိုလည်း ဆောင်ရွက်ခဲ့ပါကြောင်း။

- **သတင်းစာများသည် နိုင်ငံပိုင်သတင်းစာများ ဖြစ်သည့်အားလျော်စွာ ပြည်သူနှင့် အစိုးရအကြား ပေါင်းကူးပေးသည့် သတင်းစာများလည်းဖြစ်**
- **သတင်းစာများကို မြန်မာဘာသာဖြင့်သာမက တိုင်းရင်းသားဘာသာများဖြင့် ထုတ်ဝေသည့် အချပ်ပို စာမျက်နှာလည်းရှိ**
- **မွန်၊ စကော(ကရင်)၊ ပိုး(ကရင်)၊ ပအိုဝ်း၊ ကချင်၊ ရခိုင်ဘာသာများဖြင့် ထုတ်ဝေပေးနေရာမှ ပြီးခဲ့သည့် စတုတ္ထ(၁)နှစ်တာအတွင်း ရှမ်းဘာသာဖြင့် ထပ်မံတိုးချဲ့ ဆောင်ရွက်ပေးနိုင်ခဲ့**

သတင်းစာများကို မြန်မာဘာသာဖြင့်သာမက တိုင်းရင်းသားဘာသာများဖြင့် ထုတ်ဝေသည့် အချပ်ပိုစာမျက်နှာလည်း ရှိပါကြောင်း၊ သက်ဆိုင်ရာ ပြည်နယ်များတွင် တိုင်းရင်းသားဘာသာအချပ်ပိုစာမျက်နှာများကို အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးနေသည်လည်း ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မွန်၊ စကော(ကရင်)၊ ပိုး (ကရင်)၊ ပအိုဝ်း၊ ကချင်၊ ရခိုင် ဘာသာများဖြင့် ထုတ်ဝေပေးနေရာမှပြီးခဲ့သည့်စတုတ္ထ (၁) နှစ်တာအတွင်း ရှမ်းဘာသာဖြင့် ထပ်မံတိုးချဲ့ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

**အခမဲ့အသုံးပြု**

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေဖြင့် စာပေသမားများအတွက် ဟောပြောပွဲများ၊ မိတ်ဆက်ပွဲများ၊ ဖြန့်ချိရေးပွဲများ ပြုလုပ်နိုင်ရန် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရုံးနေရာရှိ ရွှေဥဒေါင်းခန်းမကို အခမဲ့အသုံးပြုခွင့် ပေးထားပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် News Watch သတင်းဂျာနယ်က ပြန်ကြားရေးဝန်ကြီးဌာနနှင့် Eleven မီဒီယာတို့အကြား ဖြစ်ပွားခဲ့သည့် အမှုနှင့်ပတ်သက်ပြီး ဖြေလျှော့ပေးရန် ရှိ/မရှိနှင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးအား Eleven မီဒီယာက သက်သေစာရင်းတွင် ထည့်သွင်းထားမှုအပေါ် မည်သို့ဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်းပြီး သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသက်ဆွေက Eleven မီဒီယာနှင့် ဖြစ်ပွားသောအမှုနှင့် ပတ်သက်ပြီး ဇွန်လ ၁၁ ရက်အထိ ရုံးချိန်းပေါင်း ၁၈၃ ချိန်း ရှိသွားပြီဖြစ်ပါကြောင်း၊ ယခုဆိုလျှင် ခြောက်နှစ်နီးပါးရှိပြီဖြစ်ပါကြောင်း၊ National Case Management Program အရ နှစ်ဦးနှစ်ဖက် ကျေအေးလိုကြောင်း Eleven Media Group က တရားရုံးတွင် တင်ပြလာခြင်းရှိသည်ဟု သိရှိရသော်လည်း သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းကိုရော၊ ပြန်ကြားရေးဝန်ကြီးဌာနကိုရော တရားဝင်စာဖြင့် အသိပေးတင်ပြခြင်း မရှိသေးပါကြောင်း၊ ထို့ကြောင့် တရားရုံး၏ အဆုံးအဖြတ်အတိုင်းသာ လိုက်နာဆောင်ရွက်သွားမည်ဟု တရားရုံးသို့ စာဖြင့် အကြောင်းပြန်ကြားထားပါကြောင်း။

ယခု ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့အား စဉ်ဆက်မပြတ် အမှုဖြစ်စဉ်နှင့် မိမိတို့ သဘောထားဖြစ်သည့် တရားရုံး၏ အဆုံးအဖြတ်အတိုင်း လိုက်နာဆောင်ရွက်သွားမည်ကို တင်ပြထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့အနေဖြင့် တရားရုံးသို့ သွားရောက်သက်သေထွက်ဆိုရန် ယခုအချိန်အထိ အစီအစဉ် မရှိပါကြောင်း ဖြေကြားသည်။

**ကြိုးစားလုပ်ဆောင်ပေးလျက်ရှိ**

ယင်းနောက် RFA သတင်းဌာနက သတင်းလုပ်ရန် ပြန်ကြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့် ရှိသူများအား ဆက်သွယ်ရာတွင် ဖုန်းမကိုင်ခြင်း၊ ဆက်သွယ်ရအခက်အခဲဖြစ်နေခြင်းမှာ ဘာကြောင့်ပါလဲ၊ နောက် ယခုအစိုးရလက်ထက်တွင် သတင်းပြန်ကြားရေးအပိုင်းမှာ ပိုမိုအားကောင်းလာမယ်လို့ ထင်ခဲ့ပေမယ့် ထင်သလို ဖြစ်မလာတာဟာ ဘာကြောင့်ပါလဲ မေးခွန်းနှင့် ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က မိမိတို့အနေဖြင့် တော်တော်များများကို ဖြေဆိုပေးပါကြောင်း၊ တစ်ခါတလေ ဖုန်းမကိုင်နိုင်သည့် အခြေအနေမျိုးများလည်း ရှိနိုင်ပါကြောင်း၊ ဖုန်းပြန်လည် ခေါ်ဆိုပေးခြင်းများလည်း ရှိပါကြောင်း၊ တချို့ကိစ္စရပ်များကို မသိ၍ မဖြေကြားနိုင်ခြင်းများလည်း ရှိပါကြောင်း၊ ထိမ်ချန်ထားခြင်းမျိုး၊ တမင် မဆက်သွယ်ခြင်းမျိုး မဟုတ်ပါကြောင်း၊ ပုံမှန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သတင်းထုတ်ပြန်သည့် အပိုင်းတွင် စုပေါင်းပြီးဆောင်ရွက်သည့် အနေအထားမဟုတ်ဘဲ ဌာနတစ်ခုချင်းကနေ ဆောင်ရွက်သည့် အနေအထားမျိုးများ ရှိနေသည့်အတွက် သတင်းထုတ်ပြန်မှု အပိုင်းတွင် အားနည်းသည်ဟု ထင်ကောင်း ထင်နိုင်စရာ ရှိပါကြောင်း၊ သို့သော်လည်း မိမိတို့၏ သတင်းထုတ်ပြန်မှုကို ကြည့်မည်ဆိုပါက ယခုဖြစ်နေသည့် ကိုဗစ်ရောဂါအပါအဝင် သတင်းထုတ်ပြန်ပေးနိုင်ရေးနှင့် ပတ်သက်ပြီး ကြိုးစား လုပ်ဆောင်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ဖြည့်စွက်ဖြေကြားရာတွင် ယခုအစိုးရလက်ထက်တွင် အချို့ဌာနများသည် မီဒီယာနှင့် ဆက်သွယ်ဆက်ဆံရေး အလွန်ကောင်းလာသည်ကို တွေ့ရပါကြောင်း၊ မိမိတို့ လက်ထက်တွင် Online ၌ Proactive ထုတ်ပြန်လာခြင်းကို ပို၍ ဦးစားပေးလာပါကြောင်း၊ CSO, Myanmar Webportal နှင့် DICA (Directorate of Investment and Company Administration) တို့ ထွက်လာပါကြောင်း၊ ယင်းတို့ကို ကြည့်လိုက်လျှင် အမြဲတမ်း Update လုပ်ပေးထားပါကြောင်း၊ တော်ရုံသင့်ရုံကိစ္စများဆိုလျှင် မေးစရာကိုမလိုတော့လောက်အောင် ဖြစ်ပါကြောင်း၊ ဆက်သွယ်မေးမြန်းလျှင်လည်း တချို့ပုဂ္ဂိုလ်များနှင့် တော်တော်များများက စိတ်ရှည်လက်ရှည်နှင့် ဖြေကြားပေးကြသည်ကို တွေ့ရပါကြောင်း။

**ကျင့်ဝတ်လိုက်နာစေလို**

သတင်းမီဒီယာသမား အချို့ကို အနည်းငယ် ပြောကြားလိုတာရှိပါကြောင်း၊ ၎င်းမှာ သတင်းမီဒီယာသမားအချို့သည် အရေးကြီးသည့်အချက်များကို ချန်လှပ်ပြီး၊ မိမိတို့ လိုချင်သည်ကို ဆွဲယူပြီး လိုချင်သည့်အပိုင်းကို အသုံးပြု၍ Out of Context သတင်းဖော်ပြမှုများရှိသည်ဟု တိုင်ကြားမှုများ ရှိပါကြောင်း၊ သို့ဖြစ်၍ မီဒီယာကျင့်ဝတ်ကို လိုက်နာစေလိုပါကြောင်း၊ တစ်ဦးချင်း၊ တစ်ယောက်ချင်း၏ အပြန်အလှန် ယုံကြည်မှုအပေါ် မူတည်ပြီး ဆက်ဆံရေးပိုမိုကောင်းမွန်လာမည်ဟု ထင်မြင်ပါကြောင်း ဖြေကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောရေးဆိုခွင့်ရှိသူများနှင့် သတင်း မီဒီယာသမားများ ထိတွေ့ရန်၊ ရင်းရင်းနှီးနှီး တွေ့ဆုံရန်၊ ဆက်လက်ထိတွေ့နိုင်ရန် မီဒီယာသမားများအနေဖြင့် မိမိဘာသာ ဆက်လက်တည်ဆောက်ကြရန် လိုပါကြောင်း၊ ပြောရေး ဆိုခွင့်ရှိသူများကို မိမိတို့ဌာနအလိုက် ဆောင်ရွက်နေသည်များ ပြောကြားကြရန်နှင့် မီဒီယာသမားများကိုလည်း ဆက်လက်ထိတွေ့ဆောင်ရွက်ကြရန် အမြဲမှာကြားတိုက်တွန်း ပြောကြားပါကြောင်း၊ သတင်းစာရှင်းလင်းပွဲကို ပြန်ကြားရေးဝန်ကြီးဌာနတွင် ဖြစ်အောင်ဆောင်ရွက်ပေးနေပါကြောင်း၊ ပြောရေးဆိုခွင့်ရှိသူများ ရွေးချယ်ပြီးချိန်တွင်လည်း တွေ့ဆုံပွဲ လုပ်ပေးခဲ့ပါကြောင်း၊ ကျန်သည့်အပိုင်းကို မီဒီယာများက ဆက်လက်တည်ဆောက်ကြရန် လိုပါကြောင်း၊ မေးခွန်းများ မေးမြန်းသည့်အခါတွင် တစ်ခါတစ်ရံ အစည်းအဝေးများ ရှိသည့်အတွက် ဖြေကြားရန်ခက်ခဲသည့် အနေအထားများလည်း ရှိနိုင်ပါကြောင်း၊ ထိုအခါ ရုံးဆင်းချိန်များတွင် ဆက်လက်မေးမြန်းနိုင်ပါကြောင်း၊ ဇွဲဖြင့် အကြိမ်ကြိမ် ဆက်သွယ်ပြီး မေးမြန်းပါက တာဝန်ရှိသူများက ဖြေကြားမည်သာ ဖြစ်ပါကြောင်း၊ ၎င်းတို့၏ ဖြေကြားမှုများအား မလုံလောက်သေးဘူးဟု ယူဆလျှင် စာဖြင့်ရေးသားပြီး ပြော၍ရပါကြောင်း၊ ပြောရေးဆိုခွင့်ရှိသူအား ဖုန်းဆက်သော်လည်း မကိုင်လျှင် တစ်နည်းနည်းဖြင့် ဌာနသို့ အသိပေးအကြောင်းကြားနိုင်ပါကြောင်း၊ မိမိတို့အနေဖြင့် မီဒီယာများနှင့် ထိတွေ့မှု၊ ဆက်သွယ်မှု ပိုမိုတိုးတက်အောင် ဆောင်ရွက်မည်ဆိုသည့် စေတနာနှင့် စိတ်ဓာတ်ရှိပါကြောင်း ဖြည့်စွက်ဖြေကြားသည်။

စာမျက်နှာ ၅ သို့ ✪

❂ စာမျက်နှာ ၄ မှ

ယင်းနောက် Union Daily သတင်းစာက ဥတ္တရသီရိမြို့နယ်တွင် ရုပ်ရှင်ခြံတစ်ခု တည်ဆောက်ရန်နှင့် ပုဗ္ဗသီရိမြို့နယ်တွင် တရားရေးနှင့် ပတ်သက်သည့် တက္ကသိုလ်တစ်ခု တည်ဆောက်ရန် အမျိုးသားလွှတ်တော်တွင် ဖြေကြားထားပြီး ဘာကြောင့် အကောင်အထည် မဖော်နိုင်သေးသည်ကို သိလိုကြောင်း မေးမြန်းရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က ဥတ္တရသီရိမြို့နယ်တွင် ရုပ်ရှင်ခြံတစ်ခုတည်ဆောက်ရန် ဝန်ကြီးဌာနအနေဖြင့် စီစဉ်ထားခြင်း မရှိပါကြောင်း၊ နေပြည်တော်တွင် ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ ရုပ်ရှင်ထုတ်လုပ်သူများ၊ ရုပ်ရှင်လုပ်ငန်းတွင် ပါဝင်ပတ်သက်နေသူများနှင့် ကွင်းဆင်းကြည့်ရှုဆောင်ရွက်ထားပါကြောင်း၊ စီမံကိန်းတစ်ခုအနေဖြင့် ဖြစ်နိုင်ခြေလေ့လာနေဆဲ ဖြစ်ပါကြောင်း၊ ပုဗ္ဗသီရိမြို့နယ်တွင် တရားရေးနှင့်ပတ်သက်သည့် တက္ကသိုလ်တစ်ခု တည်ဆောက်ရန်ဆိုသည်မှာ မိမိတို့ဝန်ကြီးဌာနနှင့် တိုက်ရိုက်မသက်ဆိုင်သည့်အတွက် မသိပါကြောင်း ဖြေကြားသည်။

**လုပ်ငန်းပမာဏကြီးမား**

ထို့နောက် Myanmar Now သတင်းဌာနက ကိုဗစ်ကြောင့် ပျက်သုဉ်းသွားသည့် ပုဂ္ဂလိကမီဒီယာများအား ပြန်ကြားရေးဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်ပေးသည်ကို မတွေ့ရပါကြောင်း၊ ဘာအတွက်ကြောင့် ဆိုသည်ကို သိရှိလိုပါကြောင်း မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ကိုဗစ်ကြောင့် ထိခိုက်မှုများတွင် ရုပ်ရှင်လုပ်ငန်းနှင့် မီဒီယာလုပ်ငန်းသည် မိမိတို့နှင့် သက်ဆိုင်ပါကြောင်း၊ ရုပ်ရှင်လုပ်ငန်းသည် Industry သဘောဖြစ်သည့်အတွက် လုပ်ငန်းပမာဏ ကြီးမားပါကြောင်း၊ ရုပ်ရှင်လုပ်ငန်းများ ရပ်ဆိုင်းနေရသည့်အတွက် တင်ပြလာသည်များ ရှိပါကြောင်း၊ ရုပ်ရှင်ရုံများ ဖွင့်လှစ်ရန်၊ ရုပ်ရှင်ရိုက်ကူးရေးများကို ဆောင်ရွက်ရန် အခက်အခဲရှိပါကြောင်း၊ ကိုဗစ်ကာလဖြစ်သည့်အတွက် ကျန်းမာရေးအရ ကန့်သတ်ထားသည့် အကန့်အသတ်၊ စည်းမျဉ်းစည်းကမ်း ထုတ်ပြန်ထားသည်များရှိပါကြောင်း၊ စည်းမျဉ်းစည်းကမ်းတွင် မပါဝင်သော်လည်း ကျန်းမာရေးရှုထောင့်အရ ထိန်းသိမ်းရသည်များလည်း ရှိပါကြောင်း။

ထိုကဲ့သို့ အနေအထားတွင် လောလောဆယ် မလုပ်ဆောင်နိုင်သေးသော်လည်း လုပ်နိုင်သမျှ နည်းလမ်းရှာရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင်လည်း မိမိတို့ထက်ကြီးမားသည့် ရုပ်ရှင်လုပ်ငန်းများရှိပြီး ၎င်းတို့လည်း ရပ်ဆိုင်းနေပါကြောင်း၊ ကိုဗစ်လည်း မကူးစက်အောင်၊ ရုပ်ရှင်ရိုက်၍ရအောင် နည်းလမ်းရှာသည့်အခါ စီမံချက်များရှိပြီး ထိုအရာများကိုလေ့လာပြီး မိမိတို့ထံ တင်ပြပါကြောင်း၊ အကန့်အသတ်များအကြားတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ပါဝင်ပြီး လုပ်ဆောင်ရန် နည်းလမ်းများ၊ အသေးစိတ်အစီအစဉ်များကို တင်ပြကြပါကြောင်း၊ အဆိုပါ အနေအထားအတိုင်း လုပ်ဆောင်ပါက ဖြစ်နိုင်သည်ဆိုသည်ကို မိမိတို့စဉ်းစားနေပါကြောင်း၊ အမျိုးသားအဆင့်ဗဟိုကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့သို့ တင်ပြဆောင်ရွက်နေပါကြောင်း။

ငွေကြေးအထောက်အကူအနေဖြင့် မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် တိုက်ရိုက်ပေးနိုင်ခြင်းမရှိပါကြောင်း၊ ငွေကြေးအရ သက်သာခွင့်များရရှိအောင် လုပ်ငန်းရှင်များက တင်လာသည်များရှိပါကြောင်း၊ ဥပမာအားဖြင့် ရုပ်သံဌာနများက ပေးသွင်းရမည့်ငွေများ ရှိပါကြောင်း၊ သတ်မှတ်ထားသည့် အချိန်ကာလတွင် မပေးနိုင်ပါက ဒဏ်ကြေးပေးဆောင်ရသည်များ ရှိပါကြောင်း၊ ထိုကဲ့သို့ ပေးဆောင်ရသည်များကို သက်သာခွင့်ပြုနိုင်အောင် မိမိတို့မှ ထောက်ခံတင်ပြပေးထားပါကြောင်း၊ ထို့ပြင် အတိုးနှုန်းသက်သာစွာဖြင့် ငွေချေးနိုင်ခွင့် တင်ပြလာပါကလည်း မိမိတို့ ထောက်ခံတင်ပြပေးမည်ဖြစ်ပါကြောင်း၊ မီဒီယာသမားများကလည်း ကိုဗစ်ကြောင့် မိမိတို့ လုပ်ငန်းများကို သက်သာအောင် အထောက်အကူပြုလိုပါက မိမိတို့ကိုယ်တိုင် နည်းလမ်းကြံဆပြီး ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မည်သို့ကူညီပေးပါဆိုလျှင် လုပ်ဆောင်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**အမြတ်ငွေရရှိနေ**

ယင်းနောက် ဧရာဝတီသတင်းဌာနက ပြန်ကြားရေးဝန်ကြီးဌာနနှင့်လည်ပတ်နေသည့် လုပ်ငန်းများ၏ အရှုံး၊ အမြတ်အခြေအနေနှင့် နေ့စဉ်ထုတ်သတင်းစာလုပ်ငန်း၏ အရှုံး၊ အမြတ် အခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုခြင်းမေးခွန်းအပေါ် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသက်ဆွေက ကြေးမုံ၊ မြန်မာ့အလင်းနှင့် The Global New Light of Myanmar သတင်းစာ သုံးစောင်ကို သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေဖြင့် တာဝန်ယူဖြန့်ချိဆောင်ရွက်လျက်ရှိပါကြောင်း၊ အားလုံးခြုံငုံပြောရပါက မိမိတို့ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေဖြင့် နှစ်စဉ် အမြတ်ရရှိနေပြီး အရှုံးမရှိပါကြောင်း၊ သတင်းနှင့် စာနယ်ဇင်း လုပ်ငန်းအောက်တွင် ကြေးမုံ၊ မြန်မာ့အလင်းသတင်းစာ နှစ်စောင်သည် စတင်ထုတ်ဝေစဉ်ကစပြီး ယခုထိ အမြတ်ငွေရရှိပါကြောင်း၊ The Global New Light of Myanmar သတင်းစာသည် မိမိတို့နိုင်ငံ၏ သတင်းများနှင့်ပတ်သက်၍ အင်္ဂလိပ်ဘာသာဖြင့် ကမ္ဘာကို ဖြန့်ချိရန် ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် ၎င်းတွင် ယခင်ကတည်းက စာဖတ်ပရိသတ် အင်အားနည်းပါးပါကြောင်း၊ သို့သော် ခေတ်မီအဆင့်မီသည့် သတင်းစာတစ်စောင်ဖြစ်ရန်နှင့် ပြည်ပနိုင်ငံများကို အသိပေးရန်ဆိုသည့် ပုံစံမျိုးဖြင့် လုပ်ဆောင်နေခြင်းဖြစ်သည့်အတွက် လုပ်ငန်းစတင် ဆောင်ရွက်စဉ်ကာလက အရှုံးဖြစ်ပေါ်ပါကြောင်း၊ နောက်ပိုင်းနှစ်နှစ်တွင် အမြတ်ငွေရရှိပါကြောင်း၊ တတိယနှစ်ပတ်လည် စာရင်းချုပ်သည့်အချိန်တွင် ငွေကြေးအနည်းငယ် အရှုံးပေါ်ပါကြောင်း၊ ယခုနှစ်တွင်လည်း အရှုံးပေါ်နိုင်ပါကြောင်း၊ သို့သော် ပြီးခဲ့သည့် (၂) နှစ်တာကာလတွင် ၎င်းတို့ ရရှိထားသည့် အမြတ်ငွေရှိထားရာ ခြုံငုံပြောရပါက The Global New Light of Myanmar သည် အရှုံးဖြစ်ပေါ်သော်လည်း ယခင်အမြတ်ငွေများနှင့် ကာမိသည့်အဆင့်သာ ရှိပါသေးကြောင်း၊ တဖြည်းဖြည်းနှင့် စောင်ရေများပြားလာစေရန်နှင့် ကြော်ငြာဝင်ငွေတိုးတက်ရရှိစေရန် ကြိုးစားဆောင်ရွက်လျက် ရှိပါကြောင်း၊ ထို့ကြောင့် မေးခွန်းကို ပြန်ဖြေရလျှင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေဖြင့် အမြတ်ငွေရရှိနေသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ အခြားသောဌာနများမှာ ဝန်ဆောင်မှုလုပ်နေသော ဌာနများသာဖြစ်ပါကြောင်း ဖြေကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ကောင်းမွန်သည့် အများပြည်သူဝန်ဆောင်မှု မီဒီယာမျိုးဖြစ်စေရန် ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအစဉ်အပေါ် သိရှိလိုခြင်း မေးခွန်းနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မိမိတို့အနေဖြင့် နိုင်ငံပိုင်သတင်းစာများဖြစ်ပြီး အစိုးရနှင့် ပြည်သူအကြား ဆက်သွယ်ပေါင်းကူးပေးပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲများ၏ လှုပ်ရှားဆောင်ရွက်မှုများ၊ အစိုးရဌာနများ၊ ဝန်ကြီးဌာနများ၏ ကိစ္စရပ်များကို ဖော်ပြရန်မှာ အဓိကကျသည့် အစိတ်အပိုင်း ဖြစ်ပါကြောင်း၊ သတင်းစာများတွင် အယ်ဒီတာ၏ သတင်းရွေးချယ်မှု ရှိပါကြောင်း၊ အယ်ဒီတာများ၏ ရွေးချယ်မှုဆိုသည်မှာ မိမိတို့သတင်းစာသွားနေသည့် လမ်းကြောင်း ရှိပါကြောင်း၊ ယင်းလမ်းကြောင်းကို အထောက်အကူပြုသည့် ကိစ္စရပ်များကို ဆောင်ရွက်ရပါကြောင်း၊ သတင်းစာတစ်ခုနှင့်တစ်ခု ရွေးချယ်ပုံချင်း မတူညီပါကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်ပတ်သက်ပါက ၎င်းမိန့်ခွန်းပြောခြင်း၊ အခမ်းအနားများ တက်ရောက်ခြင်း စသည်တို့သည် မိမိတို့အတွက် အရေးကြီးသည့် သတင်းများဖြစ်ပါကြောင်း၊ ဆိုရှယ်မီဒီယာပေါ်တွင် ၎င်းရေးလိုက်ခြင်းများသည် အများပြည်သူသိရှိစေရန် ပြောကြားခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အများပြည်သူသိရှိစေရန် ဆက်လက်ဖြန့်ချိပေးသည့် အလုပ်ကို ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံပိုင် သတင်းစာအနေဖြင့် ဆောင်ရွက်ရသည့် အလုပ်ဖြစ်ပါကြောင်း၊ ရွေးချယ်မှုတွင် ပုဂ္ဂလိကသတင်းစာများနှင့် မတူညီနိုင်ပါကြောင်း၊ ပုဂ္ဂလိကသတင်းစာများအနေဖြင့် ဝေဖန်ထောက်ပြသည့် အလုပ်ကို အဓိကထား၍ လုပ်ကိုင်ရပါကြောင်း ဖြေကြားသည်။

**MoU ရေးထိုးခဲ့**

ထို့နောက် Eleven Media က မေးမြန်းသည့် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအမည်ဖြင့် ဘတ်ဂျက်တောင်းခံမှုများကို အွန်လိုင်းတွင် ပျံ့နှံ့နေပါသဖြင့် ၎င်းကိစ္စကို မည်သို့စီမံခန့်ခွဲနေသည်ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့သည် ၂၀၁၃ ခုနှစ်ကတည်းက MoU ရေးထိုးပြီး လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ခဲ့ပြီး တစ်နိုင်ငံလုံးတွင်ရှိသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ၁၆ ရုံးတွင် လူထုအခြေပြုဗဟိုဌာန (Community Center) များအဖြစ် ဖွင့်လှစ်ခဲ့ပါကြောင်း၊ ထိုသို့ ဖွင့်လှစ်ခဲ့ခြင်းကြောင့် ပြည်ထောင်စုဝန်ကြီး ပြောကြားသွားသကဲ့သို့ ပြည်သူ့စာကြည့်တိုက်များ အဆင့်သာ ဖွင့်လှစ်ထားသည့် မိမိတို့ ရုံးများကို Community Center များ၏ Activity များအတိုင်း သင်တန်းများ ဖွင့်လှစ်ရပါကြောင်း၊ ကွန်ပျူတာသင်တန်းများနှင့် အခြားအသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပါကြောင်း၊ ထို့အတူ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပူးပေါင်း၍ ရွှေ့လျားစာကြည့်တိုက်ယာဉ်များဖြင့် စာအုပ်ငှားလုပ်ငန်းများကို စာသင်ကျောင်းနှင့် ကျေးရွာများအရောက် ဆောင်ရွက်ခဲ့ပါကြောင်း။

ယင်းသို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့်အခါ အဆိုပါလုပ်ငန်းများ အထိုက်အလျောက် အောင်မြင်မှုများ ရှိလာပါကြောင်း၊ ထို့ကြောင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအနေဖြင့် ပြည်သူများအတွက် အခြားအသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရန်နှင့် လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြားလုပ်ငန်းများကို ပြောင်းလဲဆောင်ရွက်ရန် ရည်ရွယ်ချက်များ ရှိလာပါကြောင်း၊ ထို့ကြောင့် ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် အောင်မြင်နေသည့် အဆိုပါ လုပ်ငန်းကြီးတစ်ခုအပေါ် NGO အဖွဲ့အစည်းတစ်ခုမှ ဆောင်ရွက်နေခြင်းထက် ဝန်ကြီးဌာနတစ်ခုမှ ဦးစီးဦးဆောင် ဆောင်ရွက်ပါက လုပ်ငန်းများ ပိုမိုအောင်မြင်လာမည်ဟူသော ယုံကြည်မျှော်လင့်ချက်ဖြင့် မိမိတို့ကို လွှဲပေးခဲ့ခြင်းဖြစ်ပါကြောင်း။

**သန်းပေါင်း ၁၀၀၀ ကျော်**

ယင်းသို့ လွှဲပေးခဲ့သည့်အချိန်တွင် ရွှေ့လျားစာကြည့်တိုက်ယာဉ် ၁၇ စီးနှင့် ကွန်ပျူတာများ အပါအဝင် ငွေကျပ်သန်းပေါင်း ၁၀၀၀ ကျော် တန်ဖိုးရှိ စာအုပ်စာစောင်များနှင့် စက်ကိရိယာပစ္စည်းများကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အပြီးအပိုင် လွှဲပေးခဲ့ပါကြောင်း၊ ထို့နောက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအနေဖြင့် လက်ရှိ မိမိတို့နှင့် MoU ထိုးထားသည့် အချိန်တွင် ပူးပေါင်းဆောင်ရွက်ရသည့် လုပ်ငန်းများ ရှိနေပါကြောင်း၊ လူထုအခြေပြုဗဟိုဌာနများတွင် ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်ရန်အတွက် ကွန်ပျူတာကျွမ်းကျင်သည့် နည်းပြဝန်ထမ်းများနှင့် ရွှေ့လျားစာကြည့်တိုက်ယာဉ်တွင် e – Library Service ဆောင်ရွက်ရသည့် ကျွမ်းကျင်ဝန်ထမ်းများကို မိမိတို့ထံ လွှဲပြောင်းတာဝန်ထမ်းဆောင်စေခဲ့ပါကြောင်း၊ ယခုကဲ့သို့ လွှဲပေးခဲ့သည့် ပစ္စည်းများသည်လည်း ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ မိမိတို့ ဦးစီးဌာနသို့ အပြီးအပိုင် လွှဲပြောင်းပေးခြင်းဖြစ်ပါကြောင်း။

မိမိတို့ဌာန၏ ဌာနပိုင် ပစ္စည်းစာရင်းတွင်လည်း စာရင်းရေးသွင်းပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် လူထုအခြေပြုဗဟိုဌာနလုပ်ငန်းများ ပုံမှန်လည်ပတ်ရန်နှင့် ရွှေ့လျားစာကြည့်တိုက်ယာဉ်များ ပုံမှန်လည်ပတ်ရန်အတွက် စက်သုံးဆီလိုအပ်သည်ကို တွက်ချက်တောင်းခံရပါကြောင်း၊ ထို့ပြင် ရွှေ့လျားစာကြည့်တိုက်ယာဉ်များဖြင့် စာအုပ်များ လှည့်လည်ငှားရမ်းနိုင်ရေးအတွက် စာအုပ်များ ဖြည့်တင်းနိုင်ရန် ဘတ်ဂျက်လျာထားရပါကြောင်း၊ ယင်းသို့ တောင်းခံသည့်အခါတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသို့ ဘတ်ဂျက်လျာထားပြီး တောင်းပေးခြင်း မဟုတ်ပါကြောင်း၊ မိမိတို့လျာထားတောင်းခံသည့် ငွေများသည် မိမိတို့ဌာနမှ တာဝန်ရှိသူများက ဘဏ္ဍာရေး စည်းမျဉ်းနှင့်အညီ ကြီးကြပ်သုံးစွဲပြီး စာရင်းစစ်ဆေးမှု ခံယူရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အွန်လိုင်းမီဒီယာများတွင် သတင်းပျံ့နှံ့နေသည့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအတွက် နိုင်ငံတော်ဘဏ္ဍာငွေများ တောင်းခံပေးသည်ဆိုသည်မှာ မဟုတ်မမှန်ဘဲ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကသာလျှင် ယင်းငွေများကို တောင်းခံ၍ ဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ စိစစ်သုံးစွဲပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ လွှဲပြောင်းတာဝန်ထမ်းဆောင်သည့် နေ့စားဝန်ထမ်း ၂၄ ဦးရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ သတင်းမီဒီယာများက ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကမီဒီယာနှင့် အစိုးရအဖွဲ့အစည်းများအကြား ပဋိပက္ခများတွင် ဖြေရှင်းဆောင်ရွက်ပေးနေမှု အခြေအနေ၊ Myanmar Digital News ၏ အခန်းကဏ္ဍ၊ တရုတ်သမ္မတခရီးစဉ်တွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရေးထိုးခဲ့သည့် MoU စာချုပ်နှစ်ခု အခြေအနေ၊ ကြေးမုံနှင့် မြန်မာ့အလင်း သတင်းစာတို့တွင် ကြော်ငြာလက်ခံဆောင်ရွက်နေမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

**ဟန်ချက်ညီညီ**

ယင်းနောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ဝန်ကြီးဌာန၏ ရေရှည်မျှော်မှန်းချက်မှာ “နိုင်ငံတော်၏ သဘာဝသယံဇာတ အရင်းအမြစ်များဖြစ်သည့် သစ်တောသယံဇာတ၊ သတ္တုသယံဇာတ၊ ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို လက်ရှိနှင့် အနာဂတ် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးအရှိဆုံးဖြစ်အောင် စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်သွားရန် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ ရည်မှန်းချက် (၃)ရပ်မှာ နိုင်ငံတော်၏ သဘာဝသယံဇာတ အရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းရန်၊ သားစဉ်မြေးဆက် လက်ဆင့်ကမ်းနိုင်ရေးအတွက် ရေရှည်တည်တံ့စေသော နည်းလမ်းဖြင့် နိုင်ငံတော်၏ သဘာဝသယံဇာတ အရင်းအမြစ်များကို ထုတ်ယူသုံးစွဲရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး၊ ထိခိုက်ပျက်စီးမှုများ တတ်နိုင်သမျှ လျော့နည်းသက်သာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ဟန်ချက်ညီညီ သဟဇာတရှိရှိ ဖြစ်စေရန်တို့ ဖြစ်ပါကြောင်း။

သစ်တောသယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့ရေးနှင့် ထိန်းသိမ်းကာကွယ်ခြင်းအနေဖြင့် မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု အခြေအနေမှာ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ ထုတ်ပြန်ခဲ့သည့် သစ်တောဖုံးလွှမ်းမှု ဆန်းစစ်လေ့လာခြင်း (၂၀၁၅)အရ နိုင်ငံအကျယ်အဝန်း၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်း ရှိပါကြောင်း၊ သစ်တောဖုံးလွှမ်းမှုတွင် ရွက်အုပ်ပွင့်တောနှင့် ရွက်အုပ်ပိတ်တော နှစ်မျိုးအပါအဝင် ဖြစ်ပါကြောင်း၊ သစ်တောဖုံးလွှမ်းမှု ဆန်းစစ်လေ့လာချက်များကို ငါးနှစ်တစ်ကြိမ် ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း၊ စတုတ္ထ (၁) နှစ်တာကာလအတွင်း ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများနှင့် သဘာဝနယ်မြေများ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် ကြိုးပြင်ကာကွယ်တော ၂၆ ခု တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း၊ ယခုအချိန်တွင် နိုင်ငံဧရိယာ၏ ၂၅ ဒသမ ၄၉ ရာခိုင်နှုန်း ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ အဓိက ရည်မှန်းချက်မှာ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောကို နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့ရန်ဖြစ်ပါကြောင်း။

စာမျက်နှာ ၆ သို့ ❍



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ စတုတ္ထ(၁)နှစ်တာကာလ ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ ရှင်းလင်းပြောကြားစဉ်။

❍ စာမျက်နှာ ၅ မှ

မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်း အရ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ပိုင်စိုက်ခင်း ၂၆၀၉၃ ဧက တည်ထောင်နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်းတွင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းလုပ်ငန်းအပါအဝင် သစ်တောပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများကို စီမံကိန်းဖုန် ခြောက်ဖုန်ခွဲခြား၍ ၂၀၁၇–၂၀၁၈ ခုနှစ်မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သစ်ထုတ်လုပ်ရာတွင် နှစ်စဉ်တောထွက် ပမာဏထက် လျှော့နည်းထုတ်လုပ်ခြင်းအနေဖြင့် သဘာဝတောမှ နှစ်စဉ်တောထွက်ပမာဏ (Annual Allowable Cut – AAC) ၏ ကျွန်း ၁၇ ရာခိုင်နှုန်းနှင့် သစ်မာ ၂၁ ဒသမ ၉ ရာခိုင်နှုန်းသာ ထုတ်လုပ်လျက်ရှိပါကြောင်း၊ သစ်ထုတ်လုပ်ရေးတွင် AAC လျာထားချက်များထက် လျှော့ချထုတ်လုပ်လျက်ရှိပါကြောင်း။

**တိုးချဲ့ဆောင်ရွက်ခဲ့**

ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း တိုးတက်ဆောင်ရွက်မှုများအနေဖြင့် ဒေသခံပြည်သူများကိုယ်တိုင် စီမံအုပ်ချုပ်လုပ်ကိုင်ခြင်းဖြင့် အခြေခံလိုအပ်ချက်များဖြစ်သည့် ထင်း၊ တိုင်နှင့် မျောများ ဖြည့်ဆည်းပေးရန် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များကို ဖြည့်စွက်ပြီး ၂၀၁၉ ခုနှစ် မေလတွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ မဟာဗျူဟာစီမံချက် (၂၀၁၈ – ၂၀၂၀) ကို ရေးဆွဲထုတ်ဝေနိုင်ခဲ့ပါကြောင်း၊ စတုတ္ထ (၁) နှစ်တာကာလအတွင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောဧရိယာ ၈၇၃၀၂ ဧကကျော်၊ အသုံးပြုအဖွဲ့ ၆၄၈ ဖွဲ့နှင့် အဖွဲ့ဝင် ၁၄၇၄၄ ဦး တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ (၄) နှစ်တာကာလအတွင်း ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောဧရိယာ ၇၁၄၇၂၅ ဧက၊ အသုံးပြုအဖွဲ့ ၅၄၃၂ ဖွဲ့နှင့် အဖွဲ့ဝင် ၁၃၈၂၃၃ ဦး တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီး ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောအား အမျိုးသား သစ်တောကဏ္ဍပင်မ နှစ်(၃၀) စီမံကိန်း လျာထားချက်၏ ၃၁ ဒသမ ၄၈ ရာခိုင်နှုန်းကို ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ တရားမဝင်သစ် ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းအနေဖြင့် ၂၀၁၇ ခုနှစ် စက်တင်ဘာလမှ စတင်၍ ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ်(CMRS)ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စတုတ္ထ (၁) နှစ်တာကာလအတွင်း တရားမဝင်သစ် ၄၉၇၈၂ ဒသမ ၃၅ တန်၊ တရားခံ ၄၅၃ ဦး၊ ယာဉ်နှင့် ယန္တရား ၂၇၁၁ စီးကို ဖမ်းဆီးရမိခဲ့ပါကြောင်း။

**သတ်မှတ်ခံခဲ့ရ**

၂၀၁၉ ခုနှစ်တွင် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား အာဆီယံအမွေအနှစ် ဥယျာဉ်အဖြစ် သတ်မှတ်ခံခဲ့ရပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် အရှေ့အာရှ–ဩစတြေးလျ အာရှင်္ဂက်ပျံသန်းရာလမ်းကြောင်း ကွန်ရက်နယ်မြေအဖြစ် အင်းလေးကန်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို သတ်မှတ်ခံခဲ့ရပါကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့်ပတ်သက်၍ လုပ်ငန်းအစီအစဉ်များကို ၂၀၁၉ – ၂၀၂၀ မှ စတင်၍ ၂၀၂၈–၂၀၂၉ အထိ ဆောင်ရွက်လျက်ရှိရာ စီမံကိန်းလုပ်ငန်းများ၏ ၂၅ ဒသမ ၉၇ ရာခိုင်နှုန်းကို ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။



ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ စတုတ္ထ(၁)နှစ်တာကာလ ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးတင်လတ် ရှင်းလင်းပြောကြားစဉ်။

**ဖြန့်ဖြူးလျက်ရှိ**

အပူပိုင်းဒေသတွင် ထင်းသုံးစွဲမှု လျှော့ချရေးနှင့် ရေရှိရေးဆောင်ရွက်ခြင်းအနေဖြင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် အပူပိုင်းဒေသများ၌ သစ်ပင်ပေါက်ရောက်မှု ခက်ခဲသည့်အတွက် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စွမ်းအားမြင့် မီးဖိုများကို ဖြန့်ဖြူးလျက်ရှိရာ စတုတ္ထ (၁) နှစ်တာကာလအတွင်း ၃၈၁၈၂ လုံးကို ဖြန့်ဖြူးနိုင်ခဲ့ပါကြောင်း၊ အပူပိုင်းဒေသများ၌ ရေရရှိရေးအတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ရေကန်ငယ် ၂၁ ကန်၊ ကျောက်စီနုန်းထိန်းတမံငယ် ၁၂၂ ခု၊ အဝီစိတွင်း သုံးတွင်း၊ ဂါလန် ၅၀၀၀ ဆံ့ မိုးရေစုကန် ၁၂ ကန်နှင့် ဂါလန် ၁၀၀ ဆံ့ မိုးရေခံကွန်ကရစ်ကန် ၁၃၀၀ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဆင်များအပေါ် ချစ်ခင်မြတ်နိုးတန်ဖိုးထားလာစေရေးနှင့် အများပြည်သူ အပန်းဖြေလည်ပတ်နိုင်ပြီး ဌာနအတွက် ဝင်ငွေတစ်ဖက်တစ်လမ်းမှ ရရှိစေရန် ရည်ရွယ်ချက်များဖြင့် ဆင်ထိန်းသိမ်း စောင့်ရှောက်ရေး အခြေပြုသည့် ဆင်စခန်းများကို ၂၀၁၈–၂၀၁၉ ခုနှစ်အထိ ဆင်စခန်းပေါင်း ၂၀ ဖွင့်လှစ်ခဲ့ပါကြောင်း၊ စတုတ္ထ (၁) နှစ်တာကာလအတွင်း ဗောဓိတစ်ထောင် ဆင်စခန်းနှင့် ဇလုံတောင် ဆင်စခန်းတို့ကို ထပ်မံတိုးချဲ့ဖွင့်လှစ်ခဲ့သည့်အတွက် ယခုအချိန်အထိ ဆင်စခန်း ၂၂ ခုကို ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

ပတ်ဝန်းကျင်ဆိုင်ရာ ကဏ္ဍတွင် အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈ – ၂၀၃၀)၊ စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုပြီး ညစ်ညမ်းမှုကင်းစင်သည့် ပတ်ဝန်းကျင်တစ်ရပ် ဖြစ်ပေါ်လာစေရေးအတွက် မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် ၂၀၁၈ – ၂၀၃၀ တို့ကို ထုတ်ပြန်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ၂၀၁၆ ခုနှစ်တွင် တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး စတုတ္ထ (၁) နှစ်တာကာလအတွင်း ခရိုင်ရုံး ၁၈ ရုံးနှင့် မြို့နယ်ရုံး တစ်ရုံး ဆက်လက်ဖွင့်လှစ်ခဲ့ပါကြောင်း၊ မြေတိုင်းဦးစီးဌာနအနေဖြင့် မြန်မာ–တရုတ် နယ်နိမိတ်ပူးတွဲစစ်ဆေးခြင်း အဖြစ် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်မှ မတ်လ ၂၄ ရက်အထိ ကောင်းကင်ဓာတ်ပုံရိုက်ကူး ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်း ဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာ – အိန္ဒိယ နယ်နိမိတ်တိုင်းတာရေးလုပ်ငန်းများကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်မှ ၂၀၂၀ ပြည့်နှစ် မတ်လ ၂၀ ရက်အထိ ဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာ – အိန္ဒိယ နယ်နိမိတ်မှတ်တိုင် ၃၆ တိုင် စစ်ဆေးခြင်း၊ ပြုပြင်ခြင်းနှင့် တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါကြောင်း။

**ရေရှည်မျှော်မှန်းချက်**

သစ်တောသယံဇာတ ထိန်းသိမ်းကာကွယ်ခြင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိစေခြင်း၊ တရားမဝင်သစ် ထုတ်လုပ်သုံးစွဲမှုအား ထိန်းချုပ်ကန့်သတ်နိုင်ခြင်း၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ခြင်း၊ ဆင်စခန်းများ ဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်းများ၊ သတ္တုသယံဇာတအနေဖြင့် များများရှာဖွေ၊ အသင့်အတင့်ထုတ်၊ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင်လုပ်၊ ဒေသဖွံ့ဖြိုးရေးများများလုပ်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဦးစားပေးဟူသည့် မူဝါဒများ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ သဘာဝသယံဇာတ အရင်းအမြစ်များနှင့် ကောင်းမွန်သည့် ပတ်ဝန်းကျင်နှင့် ဂေဟစနစ်များကို လက်ရှိနှင့် အနာဂတ်နိုင်ငံသားများအတွက် အကျိုးအရှိဆုံးဖြစ်အောင် စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်သွားရေးကို ရေရှည်မျှော်မှန်းချက်အနေဖြင့် ထားရှိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဝန်ကြီးဌာနသည် သစ်တောနှင့် ဓာတ်သတ္တု သယံဇာတများ ရေရှည်တည်တံ့စေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုစီးပွားရေးရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို သဟဇာတဖြစ်အောင် ထိန်းညှိဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းများသည် ကဏ္ဍစုံဆက်စပ်နေပြီး အလွန်ကျယ်ပြန့်သည့် အလျောက် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်း ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများက Wuntho Resources Co.,Ltd အား လုပ်ပိုင်ခွင့် ချထားပေးမှုနှင့်စပ်လျဉ်း၍ မေးမြန်းရာ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တု ရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သက်တင်ညွှန့်က Wuntho Resources Co.Ltd သည် ဩစတြေးလျနိုင်ငံ Brisbane မြို့တွင် အခြေစိုက်ထားသော PanAust Co., Ltd. က ၉၀ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံမှ Myanmar Resources Energy Group International Co., Ltd. က ၁၀ ရာခိုင်နှုန်းတို့ ပူးပေါင်း၍ Wuntho Resources Co., Ltd. အမည်ဖြင့် DICA တွင် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်က ကုမ္ပဏီမှတ်ပုံတင်ခဲ့ပါကြောင်း။

**သဘောထားပြန်ကြားခဲ့**

ကုမ္ပဏီ၏ လျှောက်ထားလုပ်ကွက်အား ၂၀၁၉ ခုနှစ် မတ်လ ၄ ရက်တွင် စိစစ်၍ လွတ်ကင်းမှုရှိသော ၇၇၅ ဒသမ ၀၅ စတုရန်းကီလိုမီတာ ၁၉၁၅၁၄ ဒသမ ၈၅၅ ဧကအား တိုင်းဒေသကြီး အစိုးရအဖွဲ့ထံ သဘောထား တောင်းခံခဲ့ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကန့်ကွက်ရန် မရှိ (မရှိ) ကြောင်း သဘောထားပြန်ကြားခဲ့ပါကြောင်း။

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကုမ္ပဏီမှ ရေးဆွဲတင်ပြထားသော EMP အား အတည်ပြုပြန်ကြားခဲ့ပြီး သစ်တောဦးစီးဌာနမှ သစ်တောစိုက်ခင်းဧရိယာ ၃၈၃၂ ဧကအား လျှော့ချကြောင်း ပြန်ကြားခဲ့ပါကြောင်း၊ ထို့အတွက် မူလလျှောက်ထား ဧရိယာ ၁၉၁၅၁၄ ဒသမ ၈၅၅ ဧကအနက် ၁၈၇၆၈၂ ဒသမ ၈၅၅ ဧကသာ ကျန်ရှိပါကြောင်း၊ ကုမ္ပဏီ၏ စာချုပ်ချုပ်ဆိုသည့် လုပ်ကွက်တွင် ပါဝင်လျက်ရှိသော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီသို့ တင်ပြလျှောက်ထားခဲ့ပြီး သက်ဆိုင်ဌာနများမှ သဘောထားမှတ်ချက်များရယူခဲ့ပါကြောင်း။

ထို့ပြင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ (သတ္တုရေးရာ)၏ အစည်းအဝေးဆုံးဖြတ်ချက်၊ စီးပွားရေးရာကော်မတီ၏ သဘောတူဆုံးဖြတ်ချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အစည်းအဝေးမှ သဘောတူဆုံးဖြတ်ချက်တို့ရယူပြီး နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုခဲ့ပါကြောင်း၊ ရှာဖွေ၊ စမ်းသပ်၊ ဖြစ်မြောက်ကာလ၌ သတ္တုဖြစ်ထွန်းမှု အလားအလာနည်းပါးသောဧရိယာကို နှစ်စဉ်လျှော့ချဆောင်ရွက်မည်ဖြစ်၍ ထုတ်လုပ်ရေးဆောင်ရွက်သည့်အခါ လက်ရှိလုပ်ကွက် ဧရိယာ၏ တစ်ရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းအထိ ရှိနိုင်ပါကြောင်း၊ အဆိုပါဧရိယာနှင့် ဝန်းကျင်ဒေသများတွင် ယခင် ၁၉၇၄ ခုနှစ် မှ ၁၉၇၈ ခုနှစ်အထိ ကုလသမဂ္ဂအစီအစဉ်ဖြင့် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနနှင့် UNDP တို့ပူးပေါင်း၍ Geological Survey Exploration Project (GSEP) အနေဖြင့် ဘူမိဗေဒမြေပုံရေးဆွဲခြင်းနှင့် ဓာတ်သတ္တုရှာဖွေ၊ စမ်းသပ်ခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခင်တိုင်းတာပြီး အချက်အလက်များနှင့် ဘူမိဗေဒအနေအထားအရ မြေရှားဒြပ်စင် (REE) ဖြစ်ထွန်းမှုမဟုတ်သော ဒေသဖြစ်၍ ရွှေ ကြေးနီ အဓိကတွေ့ရှိရသော ဒေသဖြစ်ခြင်းဖြစ်ပါကြောင်း၊ ရှာဖွေ၊ စမ်းသပ်၊ ဖြစ်မြောက်အဆင့်သာဖြစ်ပြီး စီးပွားဖြစ်သတ္တုသိုက် တွေ့ရှိမှသာ ထုတ်လုပ်ရေးအတွက် သီးခြားစာချုပ် ချုပ်ဆိုဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

**တိုးမြင့်ရရှိမည်**

ရှာဖွေ၊ စမ်းသပ်၊ ဖြစ်မြောက်ကာလ၌ မြေသားနမူနာ၊ ကျောက်နမူနာရယူခြင်း၊ ဘူမိဗေဒမြေပုံရေးဆွဲခြင်း၊ အစမ်းမြောင်းကျင်း၊ အစမ်းမြောင်းရှည်နှင့် လွန်တူးဖော်ခြင်း လုပ်ငန်းများသာ ဆောင်ရွက်ရမည်ဖြစ်၍ ထုတ်လုပ်ခွင့် လုံးဝ (လုံးဝ) မရှိသဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု နည်းပါးနိုင်ပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြစ်၍ နိုင်ငံခြားငွေရရှိပြီး နိုင်ငံတော်၏ GDP တိုးတက်လာနိုင်ပြီး ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းများရရှိခြင်းနှင့် ဒေသအတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာနိုင်ပါကြောင်း၊ ထိုသို့ဆောင်ရွက်သည့်အတွက် လက်မှတ်ရေးထိုးဆုကြေးငွေ ကျပ်သန်း ၂၅၀ နှင့် ညီမျှသော အမေရိကန်ဒေါ်လာ ၁၇၈၅၉၃ ဒသမ ၃၄ ဒေါ်လာနှင့် ပထမနှစ် ပုံသေမြေငှားရမ်းခ ၂၀၂၀ – ၂၀၂၁ ခုနှစ်အတွက် ငွေကျပ် ၂၈ ဒသမ ၄၂ သန်းနှင့် သစ်တောမြေ ငှားရမ်းခအခွန် ၂၀၂၀–၂၀၂၁ ခုနှစ်အတွက် ငွေကျပ် ၈၀ ဒသမ ၁၂ သန်း ရရှိမည်ဖြစ်ပြီး ပုံသေမြေငှားရမ်းခများ နှစ်စဉ်တိုးမြင့်ရရှိမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်မှ စရိတ်ကုန်ကျခြင်း မရှိဘဲ အဆိုပါဒေသ၏ မြေပေါ်မြေအောက်ဘူမိဗေဒဆိုင်ရာ အချက်အလက်များ၊ ဝေဟင် ဘူမိရူပဗေဒ တိုင်းတာခြင်းမှရရှိလာသော အချက်အလက်များ၊ ဘူမိဓာတုဗေဒဆိုင်ရာ အချက်အလက်များ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် တရားမဝင် တူးဖော်မှုများအား ထိန်းချုပ်နိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC) သို့ တင်ပြခြင်း မရှိဘဲ Wuntho Resources Co., Ltd မှ စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်၊ ဝန်းသိုနှင့် ပင်လည်ဘူးမြို့နယ် ဝန်းကျင်ဒေသတွင် လုပ်ငန်းဆောင်ရွက်ခွင့်ပြုခဲ့ခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ဓာတ်သတ္တုရှာဖွေရေး၊ စမ်းသပ်တိုင်းတာရေးလုပ်ငန်း ဆိုသည်မှာ ဧရိယာတစ်ခုကို သိပ္ပံနည်းကျလေ့လာပြီး သုတေသနလုပ်သည့်လုပ်ငန်းဖြစ်ပါကြောင်း၊ ရှာဖွေခွင့်ပေးထားသည့် ဧရိယာအတွင်း မည်သည့်နေရာတွင် မည်သည့်သတ္တုများ တွေ့ရှိမည်ကို မသိရှိဘဲ ရှာဖွေရေးကုန်ကျစရိတ်မှာလည်း မည်မျှကုန်ကျမည်ကို ပြော၍ မရပါကြောင်း၊ ယခုလ တွေ့ရှိချက် အပေါ်မူတည်၍ နောက်တစ်လတွင် Exploration State ကို စဉ်းစားရသည့်အတွက် ကုန်ကျစရိတ်တွက်ချက်မှုကို ခန့်မှန်း၍ မရပါကြောင်း၊ ထို့ကြောင့် စမ်းသပ်တိုင်းတာရေးနှင့် ရှာဖွေရေးများကို MIC အား တင်ပြစရာ မလိုကြောင်းကို မူဝါဒနှင့် ညွှန်ကြားချက်ထုတ်ထားပါကြောင်း၊ ထို့ကြောင့် ရှာဖွေရေး၊ စမ်းသပ် တိုင်းတာရေးလုပ်ငန်း ဆောင်ရွက်ရာတွင် MIC အား မူလကသတ်မှတ်ထားသည့် မူဝါဒအရ တင်ပြရန် မလိုအပ်ပါကြောင်း၊ သို့သော် Cabinet နှင့် စီးပွားရေးရာကော်မတီသို့ တင်ပြခါနီးတွင် ဆက်စပ်ဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များကို တောင်းခံပါကြောင်း ရှင်းလင်းဖြေကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ သတင်းမီဒီယာများက နိုင်ငံအဆင့် သစ်တောသယံဇာတ ကောက်ယူခြင်းမှ ရရှိထားသည့် သတင်းအချက်အလက် ရရှိနေမှု၊ ဒီရေတော ပြုန်းတီးမှုအန္တရာယ်၊ နေပြည်တော် တပ်ကုန်း–ပင်လောင်း လမ်းခွဲနေရာများတွင် ဒေသခံတောင်သူများအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း လုပ်ကိုင်ခွင့်ချထားပေးမှု၊ ယခင်ချထားပေးပြီး လုပ်ကိုင်မှုမရှိသည့် လုပ်ကွက်များ သိမ်းဆည်းမှု အခြေအနေ၊ ရွှေ ကြွေးကျန်ရှိသည့် ကုမ္ပဏီများအား တောင်းခံနေမှု၊ လက်ရှိအချိန်အထိ ကြွေးကျန်အရေအတွက်၊ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ၊ မိုးထိမိုးမိဒေသနှင့် ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်နေမှု၊ ခေါင်လန်ဖူးဒေသရှိ စီမံကိန်းများ အခြေအနေတို့နှင့် စပ်လျဉ်း၍မေးမြန်းရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးတင်လတ်က ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုခြင်း၊ နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ လူထုလူတန်းစားအသီးသီးထံ တိုက်ရိုက်သွယ်ဝိုက်နည်းလမ်းများဖြင့် ဝင်ငွေများစီးဆင်းစေနိုင်ခြင်း အကျိုးကျေးဇူးများရရှိစေနိုင်သော မီးခိုးမထွက်သည့် စက်ရုံလုပ်ငန်းတစ်ခု ဖြစ်ပါကြောင်း။

စာမျက်နှာ ၇ သို့ ❒

❒ စာမျက်နှာ ၆ မှ

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားဧည့်သည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ဝင်ရောက်လာနိုင်ရေးနှင့် ခရီးသွားလုပ်ငန်းမှရရှိသည့် အကျိုးရလဒ်များအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဒေသခံများ ပျံ့နှံ့ရရှိခံစားနိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းအစီအမံများ ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း။

**ဧည့်သည် ၅၀၀၀၀ ကျော်**

ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းများကို ဒေသခံပြည်သူလူထု တိုက်ရိုက် အကျိုးဖြစ်ထွန်းစေမည့် ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း (Community Based Tourism) အား ၂၀၁၅ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ ကျေးရွာပေါင်း ၄၂ ရွာ ပါဝင်သည့် CBT site ၁၉ ခု ဖွင့်လှစ်ဆောင်ရွက်နေပါကြောင်း၊ ကျေးရွာပေါင်း ၁၀ ရွာ ပါဝင်သည့် CBT site ခုနစ်ခု ဖော်ထုတ်ရန် ဆောင်ရွက်နေပြီး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းများသို့ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ၅၀၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့ပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဧည့်လမ်းညွှန်သင်တန်း အဆင့်ဆင့်နှင့် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းအမျိုးမျိုး၊ ဘာသာစကားသင်တန်းများနှင့် ကမ္ဘာလှည့်ခရီးသွားရဲတပ်ဖွဲ့ (Tourism Police) သင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်သင်ကြားပေးနေပါကြောင်း၊ Luxembourg Development နှင့် ပူးပေါင်းဖွင့်လှစ်သည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနတွင် Train the Trainer သင်တန်းများ၊ Assistant Cook သင်တန်းများ၊ Passenger Fares & Ticketing သင်တန်းများနှင့် Travel & Tour သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေပါကြောင်း၊ ထို့အတူ Swiss Contact နှင့် ပူးပေါင်း၍ Digital Marketing Training နှင့် Supervisory Skills Training သင်တန်းများကို အွန်လိုင်းမှ တစ်ဆင့် ဖွင့်လှစ်သင်ကြားပေးနေပါကြောင်း။

> ❖ **ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ ကျေးရွာပေါင်း ၄၂ ရွာ ပါဝင်သည့် CBT site ၁၉ ခု ဖွင့်လှစ်ဆောင်ရွက်နေ**
>
> ❖ **www.tourism.gov.mm Website ကို ၂၀၁၉ ခုနှစ် ဧပြီလ ၁၀ ရက်မှစတင်၍ မြန်မာ၊ အင်္ဂလိပ်၊ ကိုရီးယား၊ ဂျပန်၊ ဂျာမနီ၊ စပိန်၊ တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ ရုရှားနှင့် အီတလီ စုစုပေါင်းဘာသာစကား ၁၁ မျိုးဖြင့် လွှင့်တင်ခဲ့**

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခရီးစဉ်ဒေသများအကြောင်းနှင့် လုံခြုံစိတ်ချစွာလည်ပတ်နိုင်မှုကို ကမ္ဘာအနှံ့မှ အချိန်တိုအတွင်း သိရှိပြီး လာရောက်လည်ပတ်နိုင်ရေးအတွက် Digital Marketing စနစ်ဖြင့် မြှင့်တင်ဆောင်ရွက်ခဲ့ပါကြောင်း၊ www. tourism.gov.mm Website ကို ၂၀၁၉ ခုနှစ် ဧပြီလ ၁၀ ရက်မှစတင်၍ မြန်မာ၊ အင်္ဂလိပ်၊ ကိုရီးယား၊ ဂျပန်၊ ဂျာမနီ၊ စပိန်၊ တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ ရုရှားနှင့် အီတလီ စုစုပေါင်းဘာသာစကား ၁၁ မျိုးဖြင့် လွှင့်တင်ခဲ့ပါကြောင်း။

**ဖြန့်ဝေထား**

သက်ဆိုင်ရာ ခရီးစဉ်ဒေသအလိုက် သတင်းအချက်အလက်များကို ခရီးသွား ဧည့်သည်များမှ အလွယ်တကူ Scan ဖတ်၍ သတင်းအချက်အလက် ရယူနိုင်သည့် QR Code စနစ်ဖြင့် ဘာသာစကား ၁၁ မျိုး၏ Website Link များ၊ ဘာသာစကား လေးမျိုးဖြင့် ဖော်ပြသည့် Do & Don'ts PDF download စနစ်၊ ဘာသာစကား ၁၀ မျိုးဖြင့် ခရီးသွားအကြံပြုချက်များ Link၊ နေပြည်တော်၊ မန္တလေး၊ ပုဂံ၊ ရှမ်း၊ ချင်း၊ ကယား၊ ကရင်နှင့် မွန်တို့၏ ဒေသဆိုင်ရာ မြေပုံများကို PDF download စနစ်ဖြင့် ရယူနိုင်ရန် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေထားပါကြောင်း။

**ဆောင်ရွက်လျက်ရှိ**

ခရီးသွားဆိုင်ရာ အချက်အလက်များ၊ ဒေသအလိုက် ပို့ဆောင်ရေးဆိုင်ရာ အချက်အလက်များကို ခရီးသွားဧည့်သည်များ ကိုယ်တိုင် တိုက်ရိုက်ကြည့်ရှုနိုင်မည့် Digital Concierge စနစ်များကို ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ ပဲခူး၊ ဟဲဟိုးနှင့် ကန်ပက်လက်တို့ရှိ Information Counter များတွင် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှစတင်၍ စမ်းသပ်အသုံးပြုနေပါကြောင်း၊ ယင်း Digital Concierge စနစ်များကို တစ်နိုင်ငံလုံးရှိ နေရာ ၆၀ တွင် ဆက်လက်တပ်ဆင်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် Website မှတစ်ဆင့် မေးမြန်းလာသော အကြောင်းအရာများကို Real Time Chatbot ဖြင့် ဖြေကြားပေးခြင်းကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်မှ စတင်၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသို့ ပြည်ပခရီးသည် ဝင်ရောက်မှုအနေဖြင့် ၂၀၁၈ ခုနှစ်တွင် ၃၅၅၁၄၂၄ ဦးရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ၄၃၆၄၁၀၀ ဦးအထိ တိုးတက်လာပါကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (UNWTO) စာရင်းအင်းများအရ ခရီးသွားလုပ်ငန်း အမြန်ဆုံးဖွံ့ဖြိုးတိုးတက်လာသည့် နိုင်ငံ ၂၀ စာရင်းတွင် မြန်မာနိုင်ငံက ထိပ်ဆုံးတွင် ပါဝင်သည်ကို ဗြိတိန်နိုင်ငံ Independent သတင်းစာက ဖော်ပြခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ အလွန်ကာလ ခရီးသွား အလားအလာအရှိဆုံး ခုနစ်နိုင်ငံ၌ မြန်မာနိုင်ငံပါဝင်သည်ကို အမေရိကန်နိုင်ငံ Forbes စီးပွားရေးမဂ္ဂဇင်းကလည်း ဖော်ပြခဲ့ပါကြောင်း။

ကိုဗစ်အလွန် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် Communication Campaign of Marketing, Visa ကြေး၊ ဇုန်ဝင်ကြေး၊ ကန့်သတ်ဇရိယာ ဖြေလျှော့ခြင်း၊ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သော အခြေခံအဆောက်အအုံများ မြှင့်တင်ခြင်း၊ Travel Bubble များဖြင့် အာဆီယံခရီးသွားနှင့် အာရှခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ခြင်း၊ Development Partner များကို Incentive ပေး၍ Investment ဖိတ်ခေါ်ခြင်းတို့ကို ဆောင်ရွက်သွားရန် ရည်မှန်းဆောင်ရွက်နေပါကြောင်း။

**တစ်ပြေးညီ အသုံးပြုနိုင်ရေး**

ထို့ပြင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်း (Tourism Master Plan) ၂၀၂၀ -၂၀၃၀ ရေးဆွဲခြင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း နည်းဥပဒေ ပြဋ္ဌာန်းခြင်းနှင့် ခရီးသွားလုပ်ငန်းများ၏ သဘာဝအရ လိုအပ်သော အမိန့်များနှင့် စံနှုန်းများ ထုတ်ပြန်သတ်မှတ်ခြင်း၊ ဧည့်စာရင်းတိုင်ခြင်း လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် Hotel Guest List Management System ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တစ်ပြေးညီ အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ခရီးစဉ်အသစ်များ ထပ်မံဖော်ထုတ်နိုင်ရေးနှင့် ခရီးစဉ်များ ဆက်စပ်သွားလာနိုင်ရန် ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့ (DMO) အဖွဲ့အစည်းများ ဖွဲ့စည်းပြီး ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း (CBT) ကျေးရွာများ တိုးမြှင့်ဖော်ထုတ်ခြင်း၊ အားကစားခရီးသွားလုပ်ငန်း (Sport Tourism) နှင့် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်း (Gastronomy Tourism) ဖွံ့ဖြိုးရေး ဆောင်ရွက်ခြင်း၊ လက်ရှိလက်မှတ်ရေးထိုးပြီးသည့် MoU များ သက်တမ်းတိုးခြင်း၊ MoU အသစ်များ လက်မှတ်ရေးထိုးခြင်း၊ G to G မှ B to B တိုးမြှင့်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**ဘတ်ဂျက်ရရှိရန်**

ထို့နောက် သတင်းမီဒီယာများက ကိုဗစ်အလွန်ကာလ ပြန်လည်ထူထောင်ရေး အစီအစဉ်တွင် ဝန်ကြီးဌာနအနေဖြင့် စီမံဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ မေးမြန်းရာ ဒုတိယဝန်ကြီး ဦးတင်လတ်က နိုင်ငံတော်အဆင့် COVID–19 Economic Release Plan သည် ၂၀၂၀ ပြည့်နှစ် နှစ်ကုန်အထိ ဖြစ်ပါကြောင်း၊ ယနေ့ အကျဉ်းတင်ပြသွားသည့် မိမိတို့၏ Strategy Road Map သည် COVID–19 Economic Release Plan ၏ ဟိုတယ်နှင့် ခရီးသွားကဏ္ဍအတွက် နောက်ဆက်တွဲ ဖြစ်ပါကြောင်း၊ မိမိတို့ အနေဖြင့် အဆင့် သုံးဆင့်ဖြင့် ဖော်ဆောင်သွားရန်ရှိပါကြောင်း၊ အဓိက အကျဆုံး စိန်ခေါ်မှုမှာ ဘတ်ဂျက်ရရှိရန်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းအင်အား ၁၇၀၀ အထိ ခန့်အပ်နိုင်သော်လည်း ယခု ဝန်ထမ်းအင်အား ၃၀၀ ခန့်သာ ခန့်အပ်ထားသည့်အတွက် ပိုသည့်လစာကို နှစ်စဉ် ပြန်လည် အပ်နှံရပါကြောင်း၊ ယင်း ပြန်လည်အပ်နှံမှုများထဲမှ ငွေကျပ်သန်း ၂၀၀ ကို တောင်းခံထားပါကြောင်း၊ မိမိတို့အနေဖြင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသူများကို ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်သည့်အခါတွင် ရှိသင့်သည့် အခြေခံ ခရီးသွားလုပ်ငန်း ကျွမ်းကျင်မှုများရရှိစေရန် ဝန်ကြီးဌာန ဘတ်ဂျက်အတွင်းမှ နေ့တွက်စားရိတ်ပေး၍ သင်တန်းများ ပေးသွားမည်ဖြစ်ပါကြောင်း၊ Tour Guide များကို သင်တန်းဆရာများအဖြစ် သင်ကြားစေမည်ဖြစ်ပြီး ၎င်းတို့ကို ညဏ်ပူဇော်ခ ပေးမည်ဖြစ်ပါကြောင်း၊ ဟိုတယ်ဝန်ထမ်းများကို သင်တန်းများ ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ CERP မှ တစ်ဆင့် ယင်းသင်တန်းများကို ဖွင့်လှစ်ရန်ရှိပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ သင်တန်းများ ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

**ပြန်လည်ဖြေကြား**

ဆက်လက်၍ သတင်းမီဒီယာများက ကိုဗစ်ကာလဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းများ၏ နစ်နာဆုံးရှုံးမှုအခြေအနေ၊ ဟိုတယ်လုပ်ငန်းရှိ အလုပ်လက်မဲ့ဖြစ်သွားသည့် ဝန်ထမ်းများ အလုပ်ပြန်လည်ခန့်အပ်နိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ဟိုတယ်လုပ်ငန်းများ ပြန်လည်ဖွင့်လှစ်နိုင်မည့်အချိန်၊ ကိုဗစ်အလွန်ကာလတွင် ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ထားရှိမည့်အစီအမံ၊ ရောဝတီမြစ်ဝကျွန်းပေါ် ကမ်းခြေပတ်လမ်း ဖြစ်နိုင်ခြေ ရှိ/မရှိ ဝန်ကြီးဌာန၏ သဘောထားမှတ်ချက်၊ ကိုဗစ်-၁၉ ရိုက်ခတ်မှုကြောင့် ဝန်ကြီးဌာနတွင် ဆုံးရှုံးနစ်နာမှု အခြေအနေ ရှိ/မရှိ တို့နှင့်စပ်လျဉ်း၍ မေးမြန်းရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန/ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့တို့၏ သတင်းစာရှင်းလင်းပွဲကို ဇွန် ၁၉ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။ **ဟန်မျိုးစိုး၊ ကေတာ**

## မုံးကိုးမြို့၌ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများဆောင်ရွက်ရန် တရုတ်နိုင်ငံ မန်စီမြို့ ပြည်သူ့အစိုးရက ယွမ် ၁၃၅၀၀ တန်ဖိုးရှိ အထောက်အကူပြုပစ္စည်းများ လာရောက်လှူဒါန်း

**မုံးကိုး ဇွန် ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မုံးကိုးမြို့၌ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တရုတ်နိုင်ငံ ယူနန်ပြည်နယ် မန်စီမြို့ ပြည်သူ့အစိုးရက မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် အဝင်/အထွက်ဂိတ် မုံးကိုး-မန်ဟိုင်းဂိတ်တွင် ယမန်နေ့ မွန်းလွဲပိုင်းက အထောက်အကူပြုပစ္စည်းများ လာရောက် ပေးအပ်လှူဒါန်းသည်။



မုံးကိုးမြို့ မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တရုတ်နိုင်ငံ ယူနန်ပြည်နယ် မန်စီမြို့ ပြည်သူ့အစိုးရအဖွဲ့က လာရောက်ပေးအပ်လှူဒါန်းရာ မုံးကိုးမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးမျိုးလွင်က လက်ခံသည်။

"လာရောက်လှူဒါန်းပေးအပ်တဲ့ ပစ္စည်းတွေကို မုံးကိုးမြို့ သန့်ရှင်းသာယာလှပရေး ကော်မတီဖွဲ့စည်းပြီး မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများအတွက် အကျိုးရှိအောင် အသုံးချသွားမယ်။ အဆိုပါပစ္စည်းတွေကို မြို့သန့်ရှင်း သာယာလှပရေးကော်မတီက ထိန်းသိမ်းစောင့်ရှောက်သွားမယ်"ဟု မြို့အုပ်ချုပ်ရေးမှူး ဦးမျိုးလွင်က ပြောသည်။

တရုတ်နိုင်ငံ ယူနန်ပြည်နယ် မန်စီမြို့ ပြည်သူ့အစိုးရက အမှိုက်သိမ်းယာဉ် သုံးစီးနှင့် အမှိုက်ပုံး ၁၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ရာ စုစုပေါင်းတန်ဖိုးယွမ် ၁၃၅၀၀ ရှိကြောင်း သိရသည်။ **ဆလိုင်းဗန်ရီးထန်(ပြန်/ဆက်)**

## ဘားအံမြို့နယ်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**ဘားအံ ဇွန် ၁၇**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ကရင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘားအံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နန်းသန်းသန်းလွင်၊ ကရင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြစ်သော စောမိုးမြင့်နှင့် စောသန်းထွဋ်၊ ဘားအံမြို့နယ် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှိုင်ကျော်စိုး၊ မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ မြို့နယ်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ဇော်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်သီတာနှင့် အဖွဲ့တို့က ယမန်နေ့တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါအဖွဲ့သည် ဘားအံမြို့နယ်သံလွင်မြစ်အနောက်ဘက်ခြမ်းရှိ နယ်စပ်ဒေသဖွံ့ဖြိုးရေးလမ်းပိုင်းများဖြစ်သော ကြို့ပင်ဆိပ်-ဖလန်တောင်-ပျဉ်းမပင်ဆိပ်လမ်း (၃၂/၁)မိုင်အနက် (၃/၄)မိုင် ကတ္တရာခင်းခြင်း၊ (၁/၂)မိုင်ကွန်ကရစ်ခင်းခြင်း၊ မဲလန်-နော်သရေး-ထီးဖိုးနဲ ကျောက်လမ်း(၂/၀)မိုင် ခင်းခြင်း၊ ဘန့်ဘွေးကုန်း-ထီးမယ်ဘော ကျေးရွာချင်းဆက် မြေသားလမ်း (၄/၅)မိုင် ဖောက်လုပ်ခြင်း၊ ညောင်ကုန်း-အီဟယ်ကျေးရွာချင်းဆက် (၂/၀)မိုင် ကတ္တရာခင်းခြင်း၊ တကောင်ဘိုး(အထက)တွင် ဆရာ ဆရာမများနေထိုင်ရန် တန်ဖိုးနည်းအိမ်ရာ လေးလုံး တည်ဆောက်ခြင်း၊ အထက(ဒုံရင်း)တွင် (၆၀ x ၃၀)ပေ RC တစ်ထပ် ကျောင်းဆောင်နှင့် အမက(နိုင်းကြာ)တွင် (၆၀ x ၃၀)ပေ RC တစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းများ ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခြင်းနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းဝင် ကျေးရွာများဖြစ်သည့် ကျေးရွာအုပ်စု ခြောက်အုပ်စု၊ ကျေးရွာပေါင်း ၅၆ ရွာအနက်မှ လျှပ်စစ်မီးသွယ်တန်းရန် ခက်ခဲသည့် ကျေးရွာများသို့ လတ်တလောတွင် လျှပ်စစ်မီးလင်းရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာအစုံ ၃၀၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ငွေကြယ်**

# ပြန်ကြားရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားမှု မြင်ကွင်း




၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်စာစောင်များ။







ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ထုတ်ဝေခဲ့သည့် စာအုပ်စာစောင်များ။





မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ခင်းကျင်းပြသထားမှုကို တွေ့ရစဉ်။

# (၇၃)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**ရန်ကုန် ဇွန် ၁၇**

(၇၃)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

**ဖွဲ့စည်းပေးခဲ့**

အစည်းအဝေးတွင် (၇၃)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက (၇၃)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံးက မေ ၁၃ ရက်တွင် အာဇာနည်နေ့ အခမ်းအနားကျင်းပရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် လုံခြုံရေးကော်မတီတို့ကို ဖွဲ့စည်းပေးခဲ့ပြီး အာဇာနည်နေ့ အခမ်းအနားကျင်းပရေးဗဟိုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၃ ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့ကြောင်း၊ အစည်းအဝေးတွင် ကျင်းပရေးဗဟိုကော်မတီနာယက ဒုတိယသမ္မတက အာဇာနည်နေ့ အခမ်းအနား အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း။

အစည်းအဝေးဆုံးဖြတ်ချက် ၂၆ ချက် ချမှတ်ထားကြောင်း၊ လုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန် အဓိကမှာကြားခဲ့ပြီး ယခုဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားထားသည့် ညွှန်ကြားချက်များအတိုင်း စနစ်တကျ အထူးဂရုပြု ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း။

အာဇာနည်နေ့အခမ်းအနားကျင်းပမည့် အာဇာနည်ဗိမာန်၊ အတွင်းဝန်များရုံး (ယခင်ဝန်ကြီးများရုံး)နှင့် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပမည့် ကျဆုံးသွားသည့် အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူးပြီး ဆွမ်းဆက်ကပ်ခြင်း အခမ်းအနားများအတွက်လည်း ဆပ်ကော်မတီအသီးသီးက ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အာဇာနည်နေ့အခမ်းအနားကို နှစ်စဉ်နှစ်တိုင်း ဆောင်ရွက်နေကျဖြစ်သော်လည်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို မမေ့သောအားဖြင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုအနှစ်သာရပြည့်ဝအောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ယခင်နှစ်များက ကြုံတွေ့ခဲ့သည့် အခက်အခဲများကို ပြန်လည်သုံးသပ်ပြီး အဆင်ပြေချောမွေ့အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

ပထမဦးဆုံးပြောကြားလိုသည်မှာ အာဇာနည်ဗိမာန်ရင်ပြင် အခမ်းအနားပင်ဖြစ်ကြောင်း၊ အဆိုပါအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ကြမည့် နိုင်ငံတော်အကြီးအကဲများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ စစ်ရေးပြအဖွဲ့ဝင်များနှင့် ပါဝင်ဆောင်ရွက်ကြမည့်သူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာ စနစ်တကျ လေ့ကျင့်ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ လေ့ကျင့်ရာတွင် အစီအစဉ်အတိုင်းဖြစ်စေရေး အထူးဂရုပြု ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**အနှစ်သာရပြည့်ဝစွာ**

ယခုနှစ်တွင် ကိုဗစ်-၁၉ ကြောင့် ကျန်းမာရေးရှုထောင့်မှ အလေးထားဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ယခင်နှစ်များလို ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၊ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)များတွင် ပြည်သူလူထုကို ဖွင့်လှစ်ပြသမည် မဟုတ်ကြောင်း၊ (၇၃)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို အနှစ်သာရပြည့်ဝစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရန် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ လုံခြုံရေးကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့က ယခင်နှစ်များက ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများ၊ အားနည်းချက်၊ အားသာချက်များကို အခြေခံပြီး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်နှင့် ကော်မတီ၊ ဆပ်ကော်မတီများအလိုက် အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများအလိုက် လုပ်ငန်းတာဝန်များ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များ၊ လုပ်ငန်းလျာထားချက်များနှင့် အခက်အခဲများကို ရှင်းလင်းတင်ပြကြရာ သဘာပတိ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြည့်စွက်ဆွေးနွေးပြီး လုံခြုံရေးအထူးဂရုပြုဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အာဇာနည်ဗိမာန်သို့ သွားရောက်ပြီး လွမ်းသူ့ပန်းခွေချ စစ်ရေးပြအခမ်းအနားဇာတ်တိုက်လေ့ကျင့်နေမှုနှင့် အခမ်းအနားသို့ တက်ရောက်မည့် ဧည့်သည်တော်များအား နေရာချထားမည့်အစီအစဉ်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ **သတင်းစဉ်**

# (၂၃)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ ကြီးကြပ်မှုကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၁၇**

(၂၃)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ ကြီးကြပ်မှုကော်မတီ၏ အစည်းအဝေးကို ယမန်နေ့ နံနက် ၈ နာရီခွဲက Video Conferencing ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် အင်ဒိုနီးရှားနိုင်ငံမှ ဥက္ကဋ္ဌနှင့် ဗီယက်နမ်နိုင်ငံမှ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ခေါင်းဆောင်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

ယခုအစည်းအဝေးသည် (၅၁) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ အစည်းအဝေး၏ ရလဒ်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ အပြန်အလှန်အသိအမှတ်ပြုရေးအစီအစဉ် (Mutual Recognition Arrangement on ASEAN– Tourism Professionals–MRA–TP) ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌ အကောင်အထည်ဖော်မှု၊ အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ မှတ်ပုံတင်စနစ် (ASEAN Tourism Professionals Registration System–ATPRS) ကို အသစ်ပြန်လည်ရေးဆွဲပြီးစီးမှု၊ ၂၀၂၀ ပြည့်နှစ်အတွက် အဆိုပြုရန်ရှိသည့် စီမံကိန်းအသစ်များ၊ ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်ကာလအတွင်း အာဆီယံခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးညှိနှိုင်းနိုင်ရန် ကျင်းပခြင်းဖြစ်သည်။

အဆိုပါအစည်းအဝေးကို ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံတွင် ASEAN MRA–TP အကောင်အထည်ဖော်ဆောင်ရေးအတွက် National Tourism Professional Board (NTPB)နှင့် Tourism Professional Certification Board(TPCB) ပြန်လည်ဖွဲ့စည်းမှုအခြေအနေများ၊ မြန်မာနိုင်ငံမှ ဦးဆောင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များအတွက် ကျွမ်းကျင်မှုစံနှုန်းဆိုင်ရာ ဒုတိယအကြိမ် ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲကို ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်နိုင်မှုအပေါ် မူတည်၍ ဩဂုတ်လအတွင်းသို့ ပြောင်းရွှေ့ကျင်းပရန် စီစဉ်ထားရှိမှုတို့ကို ဆွေးနွေးတင်ပြခဲ့သည်။

(၂၄) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ ကြီးကြပ်မှုကော်မတီ၏ အစည်းအဝေးကို စက်တင်ဘာလနောက်ဆုံးပတ်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပရန် အတည်ပြုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





# သစ်စေ့မြေလုံးများ စိုက်ပျိုးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည့်အခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၁၇**

သစ်ပင်ပေါက်ရောက်မှုနည်းပါးသည့် တောင်တန်း၊ တောင်ကုန်းများတွင် သစ်စေ့မြေလုံး (Seed Ball)များ ကြဲချ/စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းအား သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံ၌ သစ်ပင်ပေါက်ရောက်မှုနည်းပါးသည့် တောင်တန်း၊ တောင်ကုန်းများတွင် သစ်စေ့မြေလုံးများစိုက်ပျိုးခြင်းကို ၂၀၁၉ ခုနှစ်မှ စတင်စမ်းသပ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုနှစ် ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ ရှမ်းပြည်နယ်တွင် မေ ၁၈ ရက်မှ ဇွန် ၁ ရက်အထိ သစ်စေ့မြေလုံး စုစုပေါင်း ၁၈၇၂၀၀၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မေ ၂၅ ရက်မှ ၂၇ ရက်အထိ သစ်စေ့မြေလုံး စုစုပေါင်း ၆၁၁၅၀၀၊ မကွေးတိုင်းဒေသကြီးတွင် ဇွန် ၁ ရက်မှ ၁၃ ရက်အထိ သစ်စေ့မြေလုံး စုစုပေါင်း ၅၁၃၀၀၊ ချင်းပြည်နယ်တွင် မေ ၃၀ ရက်မှ ဇွန် ၅ ရက်အထိ သစ်စေ့မြေလုံး စုစုပေါင်း ၂၀၀၀၀၀ နှင့် နေပြည်တော် ဒက္ခိဏခရိုင်တွင်လည်း သစ်စေ့မြေလုံး ၃၀၀၀၀ ကို စူးထိုးစိုက်ပျိုးခြင်းနည်းဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီသည့် သစ်စေ့များကိုသာ အသုံးပြုဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ မှတ်တမ်းဓာတ်ပုံ၊ ဗီဒီယိုများနှင့်တကွ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် သစ်စေ့မြေလုံးများဖြင့် စူးထိုးစိုက်ပျိုးထားရှိမှုအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးရာတွင် သစ်စေ့မြေလုံးဖြင့် စိုက်ပျိုးခြင်းသည် ဌာနတွင် ပုံမှန်ဆောင်ရွက်နေသည့် စိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းမျိုးမဟုတ်ကြောင်း၊ မြေအမျိုးအစားညံ့ဖျင်းသည့်နေရာ၊ မတ်စောက်သောနေရာများ၊ သတ္တုတူးဖော်ပြီးစီး၍ စွန့်ပစ်သောနေရာနှင့် အပင်များသဘာဝအတိုင်း ပြန်လည်ဖြစ်ထွန်းရန် ခက်ခဲသည့်နေရာများတွင် သစ်ပင်များ ပြန်လည်ပေါက်ရောက်လာစေရန် စိုက်ပျိုးသည့်နည်းလမ်းတစ်ခုဖြစ်ကြောင်း၊ သစ်စေ့မြေလုံးဖြင့် စိုက်ပျိုးခြင်းသည် စိုက်ခင်းတည်ထောင်သည့် ကုန်ကျစရိတ်ထက် အဆများစွာသက်သာကြောင်း၊ ထိုနည်းစနစ်ကို စိုက်ပျိုးမည့် နေရာတစ်ခုထဲတွင် အနည်းဆုံး သုံးနှစ်မှ ငါးနှစ်အထိ တစ်ဆက်တည်း ဆောင်ရွက်သင့်ကြောင်း၊ အပင်ပေါက်နှုန်းကောင်းသော နိုက်ထရိုဂျင်ဓာတ်ဖြည့်တင်းပေးသည့် ပဲမျိုးရင်းဝင် အပင်မျိုးစေ့များကို အဓိကထည့်၍ ဆောင်ရွက်သင့်ကြောင်း၊ တောမီးလောင်နိုင်သည့်နေရာများနှင့် တိရစ္ဆာန်များ ဖျက်ဆီးနိုင်သည့်နေရာများတွင် ဂရုစိုက်ရန်လိုအပ်ကြောင်း။

သစ်စေ့မြေလုံးဖြင့် စိုက်ပျိုးခြင်းတွင် ပစ်ကြဲစိုက်ပျိုးခြင်း၊ စူးထိုးစိုက်ပျိုးခြင်းနှင့် ဝေဟင်မှကြဲ၍ စိုက်ပျိုးခြင်း နည်းသုံးနည်းရှိပါကြောင်း၊ သစ်စေ့မြေလုံး စိုက်ပျိုးခြင်းဖြင့် အပင်ရှင်သန်မှုမရှိသည့်တိုင်အောင် မြေလုံးတွင် ပါဝင်သည့် မြေဆွေးအား မြေအမျိုးအစား ညံ့ဖျင်းသည့်နေရာတွင် ဖြည့်စွက်ပေးနိုင်ကြောင်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနများတွင် သစ်စေ့မြေလုံးနှင့်ပတ်သက်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်စေလိုကြောင်း၊ စာတမ်းပြုစုတင်ပြလိုကြောင်း ဆွေးနွေးခဲ့သည်။ **သတင်းစဉ်**

# လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာအရည်အသွေး တိုးမြှင့်ရေးစီမံကိန်း လုပ်ငန်းညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇွန် ၁၇**
မြန်မာနိုင်ငံ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာအရည်အသွေးတိုးမြှင့်ရေးစီမံကိန်း(STEM) လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် video conferencing ဖြင့် ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ဖင်လန်နိုင်ငံဆိုင်ရာသံအမတ်ကြီး Ms. Ritta Laatu၊ ဩစတြေးလျသံရုံးအကြံပေးပုဂ္ဂိုလ် Mr. Tim Vistarini၊ မြန်မာနိုင်ငံဆိုင်ရာ ယူနက်စကို သံရုံးတာဝန်ခံ Ms. Min Jeong Kin၊ DFID ပညာရေးပညာရှင် ဒေါက်တာ ခိုင်ဖြူထွန်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ သက်ဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ရေးကော်မတီ၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီတို့မှ တာဝန်ရှိသူများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။







**မူဝါဒရေးရာဆွေးနွေး**

ဆွေးနွေးပွဲတွင် ဆရာအတတ်သင် ပညာရေးသင်ရိုးပြုစုမှု အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ဆရာအတတ်သင် သင်တန်း ဆရာ ဆရာမများအား သင်တန်းများပေးနေမှု၊ ကိုဗစ် -၁၉ ကာလအတွင်း ဆရာအတတ်သင် သင်တန်းသား၊ သင်တန်းသူများ ဆက်လက်ပညာသင်ယူနိုင်ရေးနှင့် ဆရာတတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင်၊ ဆရာများ မူဝါဒရေးရာများအကြောင်း ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံလုပ်ငန်းခွင်အကြို ဆရာအတတ်ပညာအရည်အသွေးတိုးမြှင့်ရေးစီမံကိန်းကို ဩစတြေးလျနိုင်ငံအစိုးရ၊ ဖင်လန်နိုင်ငံအစိုးရနှင့် ယူကေနိုင်ငံတကာဖွံ့ဖြိုးရေးဌာနတို့၏ ဘဏ္ဍာငွေထောက်ပံ့မှုဖြင့် ပညာရေးဝန်ကြီးဌာနနှင့် UNESCO တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပြီး ဇူလိုင်လတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြန်မာနိုင်ငံလုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ အရည်အသွေးတိုးမြှင့်ရေးစီမံကိန်း (STEM) အဆင့် (၃)အတွက် ဖင်လန်နိုင်ငံအစိုးရက ယူရိုငါးသန်း ကူညီပံ့ပိုးပေးကြောင်း သိရသည်။

**သတင်းစဉ်**

# UN Global Compact Leaders' Summit တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ပါဝင်ဆွေးနွေး

**နေပြည်တော် ဇွန် ၁၇**
United Nations Global Compact (UNGC) မှ ကြီးမှူးကျင်းပသည့် UN Global Compact Leaders' Summit အကြိမ်(၂၀)မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဇွန် ၁၅ ရက်မှ ၁၆ ရက်အထိ Virtual Format ဖြင့် ပြုလုပ်သည်။ အဆိုပါထိပ်သီးအစည်းအဝေးတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ကမ္ဘာ့နိုင်ငံများမှ အစိုးရအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ပညာရှင်များက ပါဝင်ဆွေးနွေးသည်။

အစည်းအဝေး ပထမနေ့တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် H.E. Mr. Antonio Guterres နှင့် UN Global Compact ၏ အမှုဆောင်ဒါရိုက်တာ Ms. Lise Kingo တို့က အမှာစကားများ ပြောကြားသည်။

အစည်းအဝေး၏ ဒုတိယနေ့တွင် "Myanmar: Challenges and Opportunities for the Government and Business to Join Forces in Preventing Corruption" ခေါင်းစဉ်အား မြန်မာနိုင်ငံရှိ UNODC ရုံးမှ တာဝန်ရှိသူများဖြစ်သည့် Ms. Marie–Laure Pegie Cauchois နှင့် Ms. Alma Sedlar တို့ကလည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်လွင်နှင့် Euro Cham Myanmar မှ Executive Director Mr. Marc de la Foundiere တို့ကလည်းကောင်း ဗီဒီယိုဖိုင်ဖြင့် ပါဝင်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာအမျိုးသမီးပန်းချီပညာရှင်များ၏ ပန်းချီကားများကို အမျိုးသားပြတိုက်(ရန်ကုန်)ဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်

**နေပြည်တော် ဇွန် ၁၇**
ဇွန် ၁၉ ရက်တွင်ကျရောက်မည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၅)နှစ်မြောက်မွေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသမီးပန်းချီပညာရှင် ၇၅ ဦး၏ ပန်းချီကား ၇၅ ကားကို Online Art Exhibition အဖြစ် အမျိုးသားပြတိုက်(ရန်ကုန်)၏ဝက်ဘ်ဆိုက် https://www.nationalmuseumyangon.gov.mm/75-for-75-th တွင် ဇွန် ၁၉ ရက် နံနက် ၀၀:၀၁ နာရီမှစတင်၍ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ကျိုက်ထို ဇွန် ၁၇**
ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ငှက်ပျောတောကျေးရွာအုပ်စု ငှက်ပျောတောကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ ၅၀ ရာခိုင်နှုန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် ကျေးရွာတွင်ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါလုပ်ငန်းသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ ၅၀ ရာခိုင်နှုန်းမှ ငွေကျပ် သိန်း ၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၅၀ နှင့် ကျေးရွာသူ ကျေးရွာသားတို့၏ လုပ်အားဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း (၉၅၀'x ၁၂'x ၆")လုပ်ငန်းကို ဆောင်ရွက်ပြီးစီးခဲ့ပြီး ရေရှည်တည်တံ့စေရေး ကျေးရွာကော်မတီများက ဆက်လက်ထိန်းသိမ်းသွားကြရန်နှင့် လိုအပ်သည်များအား ပေါင်းစပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ကျေးရွာစာကြည့်တိုက်များအတွက် ဆိုလာလှူဒါန်း

**မြောင်းမြ ဇွန် ၁၇**
Shen Zhen Foundation က ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှတစ်ဆင့် ကျေးရွာစာကြည့်တိုက်များသို့ Solar Home System တစ်စုံနှင့် Solar Fan တစ်စုံလှူဒါန်းခြင်းကို ယမန်နေ့ နံနက် ၁၁ နာရီက မြောင်းမြမြို့နယ် လက်ပံကျေးရွာရှိ ကုမုဒြာစာကြည့်တိုက်၌ ပြုလုပ်ခဲ့သည်။

အဆိုပါလှူဒါန်းမှုတွင် မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒာကြည်က ငွေကျပ် ၁၈၄၃၀၀ တန်ဖိုးရှိ X500 Solar Home System တစ်စုံနှင့် SF31 Solar Fan တစ်စုံအား ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကိုယ်စား ကျေးရွာစာကြည့်တိုက်ကော်မတီသို့ ပေးအပ်လှူဒါန်းခဲ့သည်။

မြောင်းမြမြို့နယ်အတွင်းရှိ လက်ပံကျေးရွာနှင့် တောင်ပေါ်စုကျေးရွာစာကြည့်တိုက်များအတွက် Solar Home System တစ်စုံနှင့် Solar Fan တစ်စုံစီလှူဒါန်းခြင်းဖြစ်ပြီး တောင်ပေါ်စုကျေးရွာသို့ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လှိုင်းဘွဲ့မြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြု ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

**လှိုင်းဘွဲ့ ဇွန် ၁၇**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် လိုအပ်သော အထောက်အကူပြု ဆေးရုံသုံးပစ္စည်းများကို ယမန်နေ့က နယ်မြေခံအခြေချစစ်ဖျူဟာမှ မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်လှူဒါန်းခဲ့သည်။

လှူဒါန်းမှုအနေဖြင့် လှိုင်းဘွဲ့မြို့နယ်အတွင်း ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများအတွက် အောက်ဆီဂျင်ခြောက်ဘူး၊ နှာခေါင်းစည်း အခု ၁၅၀၀၊ ခွဲစိတ်ခန်းသုံးဝတ်စုံ ၂၀၀၊ လက်အိတ် ၉၅ ခု၊ ဦးထုပ်အလုံး ၄၀၀၊ မျက်မှန်ကိုးလက်၊ Face shield ၂၀၀ တို့ကို လှိုင်းဘွဲ့မြို့ အခြေချစစ်ဖျူဟာမှူး ဗိုလ်မှူးကြီးမင်းဇော်က ပြည်သူ့ဆေးရုံကြီးအတွက် ပေးအပ်လှူဒါန်းရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဝင်းဇော်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဖြူးမြို့နယ်သမဝါယမအသင်းစုက လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**ဖြူး ဇွန် ၁၇**
ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်းရှိ သီးနှံစိုက်ပျိုးထုတ်လုပ်သည့် သမဝါယမအသင်းသား တောင်သူများ လုပ်ငန်းခွင်တွင် အဆင်ပြေစေရေးအတွက် မြေယာပြုပြင်ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြင်းလုပ်ငန်းများကို ဖြူးမြို့နယ် သမဝါယမအသင်းစုမှ လယ်ယာ အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ငန်းခွဲတစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ဖြူးမြို့နယ် သမဝါယမအသင်းစုအနေဖြင့် 90 HP ထွန်စက်ကြီး လေးစီး၊ ဘက်ဟိုး တစ်စီး၊ 70 HP ကူဘိုတာရိတ်သိမ်းခြွေလှေ့စက် ငါးစီးဖြင့် လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

လယ်ယာ အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လိုပါက ဖြူးမြို့နယ် သမဝါယမအသင်းစုနှင့် ဆက်သွယ်နိုင်ကြောင်းလည်း သိရသည်။

**ကြေးမုံ**



# လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ပါက လယ်ယာဝန်ဆောင်မှုသမဝါယမအသင်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးတင်ပြခြင်း

တောင်သူလယ်သမားများအတွက် လယ်ယာလုပ်ငန်း နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရန်နှင့် လူအင်အား အနည်းဆုံးဖြင့် စက်ကိရိယာများအသုံးပြု၍ ထွန်ယက်စိုက်ပျိုးနိုင်ရန် မြို့နယ် ၁၁၄ မြို့နယ်တွင် လယ်ယာအထောက်အကူပြုဝန်ဆောင်မှုသမဝါယမအသင်း ၁၃၇ သင်းကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

တောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းများတွင် ရာသီအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများ ထွန်ယက်ခြင်း၊ ကေကွက်များဖော်ထုတ်ခြင်း၊ ရေသွင်း/ရေထုတ် မြောင်းများဖော်ထုတ်ခြင်း၊ ကုန်ထုတ်လမ်းများ ပြုပြင်ဖောက်လုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ လယ်ယာ အထောက်အကူပြုဝန်ဆောင်မှုသမဝါယမအသင်းများမှ သင့်လျော်သောဈေးနှုန်းဖြင့် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ပါ၍ တောင်သူလယ်သမားများ အနေဖြင့် မိမိတို့၏လယ်ယာမြေများကို လယ်ယာဝန်ဆောင်မှုများပြုလုပ်ရန်လိုအပ်ပါက တိုင်းဒေသကြီး/ ပြည်နယ်သမဝါယမဦးစီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ် သမဝါယမအသင်းစုချုပ်များနှင့် သမဝါယမဦးစီးဌာန(ရုံးချုပ်) (ဖုန်း ၀၆၇-၄၁၀၀၄၀)သို့ ဆက်သွယ် အကူအညီရယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**သမဝါယမဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ဟွန်ဒူးရပ်စ်သမ္မတ ဟွမ်အော်လန်ဒိုဟာနန်ဒက်ဇ်နှင့်ဇနီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ



**တီဂူစီဂါပါ ဇွန် ၁၇**

ဟွန်ဒူးရပ်စ်သမ္မတ ဟွမ်အော်လန်ဒိုဟာနန်ဒက်ဇ်နှင့် ဇနီးဖြစ်သူ အန်နာဂါစီယာတို့တွင် ကိုရိုနာဗိုင်းရပ်စ်ပိုး စမ်းသပ်တွေ့ရှိခဲ့ကြောင်း ဟွန်ဒူးရပ်စ်သမ္မတ ဟွမ်အော်လန်ဒိုဟာနန်ဒက်ဇ်က ယမန်နေ့တွင် နိုင်ငံသို့ပြောကြားသည့် မိန့်ခွန်းတစ်ခုအတွင်း ကြေညာခဲ့သည်။

ကျွန်တော် ကိုဗစ်-၁၉ ရောဂါကူးစက်ခံနေရပါတယ်ဟု သမ္မတ ဟာနန်ဒက်ဇ်က ရုပ်သံမိန့်ခွန်းတစ်ခုအတွင်း ပြောကြားသည်။ ကျွန်တော့်ရဲ့ ရောဂါလက္ခဏာက မပြင်းပါဘူး။ ကျွန်တော်တို့ မကြာမီ ပုံမှန်အလုပ်တွေ ပြန်လည်ဆောင်ရွက်မှာဖြစ်ပါတယ်။ အီလက်ထရွန်နစ်နည်းလမ်းတွေနဲ့ သမ္မတတစ်ဦးရဲ့ တာဝန်ဝတ္တရားတွေကို ကျေပွန်အောင်ဆောင်ရွက်မှာဖြစ်ပါတယ်ဟု ၎င်းက ဆိုသည်။ သမ္မတ ဟာနန်ဒက်ဇ်သည် လက်ရှိအချိန်တွင် ဆေးကုသမှုခံယူနေပြီး လက်ထောက်များမှတစ်ဆင့် တာဝန်ထမ်းဆောင်မည်ဟု သိရသည်။

အမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲရေးစနစ်၏ အဆိုအရ ဟွန်ဒူးရပ်စ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါခံတွင်ခွဲအတည်ပြုလူနာ ၉၆၅၆ ဦး၊ သေဆုံးသူ ၃၃၀ နှင့် ရောဂါပိုးကင်းစင်သွားသူ ၁၀၇၅ ဦးရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး

# မြောက်ကိုရီးယားတပ်မတော်က တောင်ကိုရီးယားနယ်စပ်အနီး စစ်ရေးလေ့ကျင့်မှုများ ပြန်လည်စတင်မည်

**ပြုံယမ်း ဇွန် ၁၇**

စက်မှုနှင့် ခရီးသွားလုပ်ငန်းတို့အတွက် နှစ်နိုင်ငံစလုံးက အသုံးပြုခဲ့ဖူးသည့် စစ်မဲ့ဇုန်အတွင်း တောင်ကိုရီးယားနယ်စပ်၌ မြောက်ကိုရီးယားတပ်မတော်က စစ်ရေးလေ့ကျင့်မှုများ ပြန်လည်စတင်မည်ဟု မြောက်ကိုရီးယားတပ်မတော်ခေါင်းဆောင်ပိုင်းက ပြောကြားသည်။

**စောင့်ကြည့်ရေးစခန်းများ ပြန်လည်တည်ဆောက်မည်**

နှစ်နိုင်ငံနယ်စပ် ကေဆောင်မြို့ရှိ စက်မှုဇုန်နှင့် အရှေ့ပိုင်းကမ်းရိုးတန်းရှိ ခွန်ဂမ်တောင်သို့ တပ်ဖွဲ့များစေလွှတ်မည်ဟု မြောက်ကိုရီးယားတပ်မတော်ကို ကိုးကား၍နိုင်ငံပိုင်မီဒီယာများက ဖော်ပြခဲ့သည်။ နှစ်နိုင်ငံကြား စစ်မဲ့ကြားခံဇုန်ရှိ စောင့်ကြည့်ရေးစခန်းများကို ပြန်လည်တည်ဆောက်မည်ဟု နိုင်ငံပိုင်မီဒီယာများက ဖော်ပြခဲ့သည်။ တောင်ကိုရီးယားနိုင်ငံရှိ ဘက်ပြောင်းသူများ၊ တက်ကြွလှုပ်ရှားသူများက လက်ကမ်းစာစောင်များဖြန့်ကြဲမှုနှင့်ပတ်သက်၍ တင်းမာမှုဖြစ်ပွားကာ ကေဆောင်ရှိ နှစ်နိုင်ငံဆက်ဆံရေးရုံးတစ်ရုံးကို မြောက်ကိုရီးယားနိုင်ငံက ဖောက်ခွဲပြီးနောက် ယခုအစီအစဉ်ဖြစ်ပေါ်လာခြင်းဖြစ်သည်။

တင်းမာမှုလျှော့ချရေးဆိုင်ရာ အထူးသံတမန်တစ်ဦး စေလွှတ်မည့် တောင်ကိုရီးယားနိုင်ငံ၏ ကမ်းလှမ်းမှုကို မြောက်ကိုရီးယားနိုင်ငံက ပယ်ချခဲ့သည်။ အဆိုပါ ကမ်းလှမ်းမှုကို မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်၏အစ်မ ကင်ယိုဂျောင်က ပယ်ချခဲ့ခြင်းဖြစ်သည်။ တောင်ကိုရီးယားသမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ချောင်ဝါဒေးက ကင်ယိုဂျောင်၏ မှတ်ချက်စကားများကို ရှုတ်ချခဲ့ပြီး ယင်းကဲ့သို့သော အပြုအမူမျိုးကို သည်းခံမည်မဟုတ်ဟု သတိပေးခဲ့သည်။ ကြားခံဇုန်၌ စစ်ရေးလေ့ကျင့်မှုများ ပြန်လည်စတင်မည့် မြောက်ကိုရီးယားနိုင်ငံ၏ အစီအစဉ်ကို စိုးရိမ်မိကြောင်း၊ အခြေအနေ ပိုမိုဆိုးရွားလာစေသည့် ထိုအစီအစဉ်ကိုရပ်ဆိုင်းရန် တိုက်တွန်းကြောင်း တောင်ကိုရီးယားနိုင်ငံက ပြောကြားသည်။ မြောက်ကိုရီးယားနိုင်ငံက စစ်ရေးလေ့ကျင့်မှုတွေ ပြန်လည်စတင်မယ်ဆိုရင် အဲဒီအတွက် ပြန်ပေးဆပ်ရပါလိမ့်မယ်ဟု တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်များရုံး စစ်ဆင်ရေးညွှန်ကြားရေးမှူး ဂျောင်ဒေါင်ဂျင်က ပြောသည်။

**ရှုတ်ချထားသည့် လက်ကမ်းစာစောင် ငါးသိန်းခန့်ပေးပို့**

တောင်ကိုရီးယားနိုင်ငံရှိ မြောက်ကိုရီးယား ဆန့်ကျင်ရေး တက်ကြွလှုပ်ရှားသူများက မေလကုန်တွင် မြောက်ကိုရီးယားနိုင်ငံကို ရှုတ်ချထားသည့် လက်ကမ်းစာစောင် ငါးသိန်းခန့်ပေးပို့ခဲ့သည်။

ပြီးခဲ့သည့်နှစ်က မြောက်ကိုရီးယားနှင့် အမေရိကန်ကြား နျူကလီးယားထိပ်သီးဆွေးနွေးပွဲပြိုကွဲသွားပြီးနောက် မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားကြား ဆက်ဆံရေးမှာ လုံးဝဥဿုံရပ်သွားခဲ့သည်။

ကိုးကား-ဒီဒဗလျူ၊ ဘာသာပြန်-ကျော်ထိုက်စိုး



# အမေရိကန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးမှုအရေအတွက် ပထမကမ္ဘာစစ်အတွင်း သေဆုံးမှုထက် များပြားခဲ့ဟု ဆို

**ဝါရှင်တန် ဇွန် ၁၇**

အမေရိကန်နိုင်ငံ၌ ပြီးခဲ့သည့် ၂၄ နာရီအတွင်းက ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူ ၇၄၀ ရှိခဲ့ကာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးမှုအရေအတွက်သည် ပထမကမ္ဘာစစ်အတွင်း သေဆုံးမှုထက် များပြားခဲ့ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်၏ အချက်အလက်များအရ သိရသည်။

ယမန်နေ့ ညပိုင်းအထိ ရရှိခဲ့သည့် အချက်အလက်များအရ အမေရိကန်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် ၁၁၆၈၅၄ ဦးရှိခဲ့ကြောင်း ဘာတီမိုးအခြေစိုက် ဂျွန်ဟော့ကင်းတက္ကသိုလ်က ဖော်ပြထားသည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်းက ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၃၃၅၁ ဦးရှိခဲ့သည့်အတွက် လက်ရှိကမ္ဘာပေါ်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအများဆုံးနိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၂၁၃၄၉၇၃ ဦးအထိ ရှိလာခဲ့သည်။

ဧပြီလနောက်ပိုင်းကတည်းက အမေရိကန်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် ဗီယက်နမ်စစ်ပွဲအတွင်း သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်အထိရှိခဲ့ပြီးဖြစ်သည်။ စီးပွားရေးလုပ်ငန်းအများအပြား ပြန်လည်ဖွင့်လှစ်ခဲ့သည့် အမေရိကန်နိုင်ငံတွင် တစ်ရက်လျှင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၀၀၀၀ ဝန်းကျင်ခန့်ရှိနေသည်။

အမေရိကန်နိုင်ငံသည် ဇူလိုင် ၂၁ ရက်တိုင်အောင် ပိတ်ထားမည့် မက္ကဆီကိုနိုင်ငံ၊ ကနေဒါနိုင်ငံတို့နှင့် ထိပ်စပ်လျက်ရှိသည့် နယ်စပ်ဒေသများကို ဆက်လက်ပိတ်ထားရန် ရည်ရွယ်ထားကြောင်း အမေရိကန်တာဝန်ရှိသူများက ဇွန် ၁၆ ရက်တွင် ပြောကြားခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ်ကြောင့် ခရီးသွားလာခွင့်ပိတ်ပင်မှုများကိုလည်း တတိယအကြိမ်မြောက်အဖြစ် ကာလတိုးမြှင့်ရန် ဆောင်ရွက်လျက်ရှိသည်။

ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-အလင်းသစ်

# ပေကျင်း၌ ဇွန် ၁၆ ရက်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၁ ဦးရှိ

**ပေကျင်း ဇွန် ၁၇**

တရုတ်နိုင်ငံ၏ မြို့တော်ပေကျင်း၌ ကိုရိုနာဗိုင်းရပ်စ်ထပ်မံကူးစက်မှုများမြင့်တက်လာခဲ့ပြီးနောက် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရေးအတွက် ဆောင်ရွက်ချက်များကို တရုတ်နိုင်ငံရှိ ကျန်းမာရေးအာဏာပိုင်များက တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ စုစုပေါင်း ၁၃၇ ဦးရှိလာ**

ပေကျင်းမြို့တွင် ဇွန် ၁၆ ရက်က ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၁ ဦးရှိခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ခြင်းကြောင့် ဇွန် ၁၁ ရက်နောက်ပိုင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ စုစုပေါင်း ၁၃၇ ဦးရှိလာခဲ့ကြောင်း သိရသည်။

ကူးစက်မှုအများအပြားမှာ တရုတ်နိုင်ငံ၏ အကြီးဆုံးမြို့တော်တစ်ခုဖြစ်သည့် ပေကျင်းမြို့ရှိ အစားအစာလက်ကားရောင်းချသည့် ဈေးတစ်ခုမှစတင်ခဲ့ခြင်းဖြစ်သည်။ ဇွန် ၁၆ ရက်တွင် ပေကျင်းမြို့နှင့် နယ်မြေချင်းထိစပ်လျက်ရှိသည့် ဟူပေပြည်နယ်နှင့် ရှီကျန်းပြည်နယ် အရှေ့ပိုင်းတို့တွင်လည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ တစ်ဦးစီရှိခဲ့ကြောင်း သတင်းထုတ်ပြန်ထားသည်။

**တားမြစ်ထား**

ပေကျင်းအာဏာပိုင်များအနေဖြင့် အစားအစာလက်ကားရောင်းချသည့်ဈေးနှင့် ဆက်နွှယ်မှုရှိသည့် ပြည်သူများနှင့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအန္တရာယ်ရှိနေသည့်နယ်မြေများမှ ဒေသခံများအား ပေကျင်းမြို့မှ အပြင်သို့ခရီးသွားခြင်းကို တားမြစ်ထားကြောင်း သိရသည်။

ပေကျင်းမြို့ရှိ မူလတန်းကျောင်းများမှအစပြုကာ အထက်တန်းကျောင်းများအထိ စာသင်ခန်းများ၌ စာသင်ကြားမှုကို ယနေ့ပိတ်ထားခဲ့ပြီး အွန်လိုင်းမှစာသင်ကြားခြင်းကို ဖွင့်လှစ်ပေးခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်

# ဟွာဝေး၏ 5G ကွန်ရက်ဖြန့်ကြက်မှု နည်းပညာဆွေးနွေးပွဲတွင် အမေရိကန်ကုမ္ပဏီများ ပါဝင်မည်

**ဝါရှင်တန် ဇွန် ၁၇**

အမေရိကန်အစိုးရက တရုတ်နည်းပညာကုမ္ပဏီဖြစ်သည့် ဟွာဝေးဦးဆောင်သော 5G ကွန်ရက်ဖြန့်ကြက်မှုဆိုင်ရာ နည်းပညာဆွေးနွေးပွဲတွင် အမေရိကန်နည်းပညာကုမ္ပဏီများအား ပါဝင်ခွင့်ပေးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အမေရိကန်စီးပွားရေးဌာနက ဟွာဝေးကုမ္ပဏီ၏ 5G ကွန်ရက်ဖြန့်ကြက်မှုဆွေးနွေးပွဲတွင် အမေရိကန်နည်းပညာကုမ္ပဏီများ ပါဝင်ခွင့်ရရှိမည်ဖြစ်ကြောင်း ဇွန် ၁၅ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန်ကုမ္ပဏီများအနေဖြင့် အဆိုပါနည်းပညာဆွေးနွေးပွဲတွင် ပါဝင်ခွင့်ရရှိခြင်းကြောင့် အမေရိကန်စီးပွားရေးဌာန၏ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ ဟွာဝေးကုမ္ပဏီနှင့် 5G ကွန်ရက်ဆိုင်ရာ နည်းပညာများ အပြန်အလှန်ဖလှယ်ခွင့်ရရှိမည်ဖြစ်သည်။

ယခင်စည်းမျဉ်းများအရ အမေရိကန်နည်းပညာကုမ္ပဏီများအား ဟွာဝေးကုမ္ပဏီသို့ နည်းပညာများမျှဝေပေးခြင်းကို တားမြစ်ပိတ်ပင်ခဲ့သည်။ ထို့ပြင် ဟွာဝေးကုမ္ပဏီကိုလည်း နိုင်ငံတကာ 5G ကွန်ရက်ဆိုင်ရာ နည်းပညာဆွေးနွေးပွဲများတွင် ပါဝင်ခွင့်မပြုခဲ့ကြောင်း သိရသည်။

ဟွာဝေးကုမ္ပဏီ၏ နည်းပညာပိုင်းဆိုင်ရာကွန်ရက် ဖြန့်ကြက်မှုကြီးထွားလာခြင်းနှင့် အမေရိကန်အနေဖြင့် 5G ကွန်ရက်ဖြန့်ကြက်မှုတွင် နည်းပညာပိုင်းဆိုင်ရာ နောက်ကျကျန်ရစ်ခဲ့မည်ကိုလည်း အမေရိကန်ကုမ္ပဏီများက စိုးရိမ်လျက်ရှိကြသည်။

အမေရိကန်အနေဖြင့် နည်းပညာပိုင်းဆိုင်ရာ ဦးဆောင်မှုကို မည်သည့်နည်းလမ်းနှင့်မျှ လက်လွှတ်ဆုံးရှုံးခံမည်မဟုတ်ကြောင်း အမေရိကန်စီးပွားရေးဝန်ကြီး ဝီဘာရော့စ်က ဇွန် ၁၅ ရက် ထုတ်ပြန်ချက်တွင် ပြောကြားခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အောင်ကျော်ကျော်



# နိုင်ဂျီးရီးယား အကြမ်းဖက်တိုက်ခိုက်မှုများအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ပြစ်တင်ပြောကြား



၂၀၁၉ ခုနှစ် ဇွန်လက ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေး ကျင်းပစဉ်။

**ကုလသမဂ္ဂ ဇွန် ၁၇**
နိုင်ဂျီးရီးယားနိုင်ငံ၌ ပြီးခဲ့သည့်တစ်ပတ်က အနည်းဆုံး ၁၂၀ သေဆုံးခဲ့ကာ အများအပြား ဒဏ်ရာရရှိခဲ့သည့် အကြမ်းဖက် တိုက်ခိုက်မှုများအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ယမန်နေ့တွင် ပြင်းပြင်းထန်ထန် ပြစ်တင်ပြောကြားခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်များက နိုင်ဂျီးရီးယားအစိုးရနှင့် ပြည်သူများအပါအဝင် အကြမ်းဖက်တိုက်ခိုက်မှုအတွင်း သေဆုံးခဲ့သူများ၏ မိသားစုဝင်များအား စာနာထောက်ထားပါကြောင်း၊ ဝမ်းနည်းပါကြောင်းနှင့် ဒဏ်ရာရရှိသူများကိုလည်း အမြန်ဆုံးပြန်လည်သက်သာလာပါစေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် နိုင်ဂျီးရီးယား ဖြစ်စဉ်နှင့် စပ်လျဉ်း၍ နိုင်ဂျီးရီးယားအစိုးရနှင့် အခြားသက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့်အတူ တက်ကြွစွာပူးပေါင်းဆောင်ရွက်ရန်လည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံများအားလုံးကို တိုက်တွန်းခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**



# ဒီဇာမီသာဆန်ဆေးသည် ကိုဗစ်-၁၉ ရောဂါ ပြင်းထန်စွာခံစားနေရသူများ၏ သေဆုံးမှုနှုန်းကို လျှော့ချပေးနိုင်သည်ဟု ဗြိတိန်သုတေသီများဆို

**လန်ဒန် ဇွန် ၁၇**
ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် ပြင်းထန်စွာ ခံစားနေရသူများအား ဒီဇာမီသာဆန်ဆေးက ကယ်တင်ပေးနိုင်ပြီဖြစ်ကြောင်း ဗြိတိန်ဆေးဘက်ဆိုင်ရာ သုတေသနအဖွဲ့က ယနေ့ ပြောကြားခဲ့သည်။

အောက်စဖို့ဒ်တက္ကသိုလ်၏ ဆေးဘက်ဆိုင်ရာသုတေသီအဖွဲ့က ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၆၀၀၀ ကျော်အား အဆိုပါဆေးနှင့် စမ်းသပ်ပြီးနောက် ထွက်ပေါ်လာသော ရလဒ်များကို ယမန်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၁၀၄ ဦးအား ဒီဇာမီသာဆန်ဆေး တိုက်ကျွေးပြီးနောက် ထွက်ပေါ်လာသော ရလဒ်များနှင့် ပုံမှန်ဆေးကုသမှုခံယူလျက်ရှိသော ဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၃၂၁ ဦးတို့၏ ကျန်းမာရေးအခြေအနေများကို သုတေသီများက နှိုင်းယှဉ်ကြည့်ခဲ့သည်။ ကိုဗစ်–၁၉ ရောဂါကြောင့် အသက်ရှူလမ်းကြောင်း ပိတ်ဆို့ကာ ပြင်းထန်စွာခံစားနေရသူများ၏ သေဆုံးမှုနှုန်းကို အဆိုပါဆေးက သိသာစွာ လျှော့ချပေးနိုင်သည်ကို တွေ့ရှိရကြောင်း သုတေသီများက ဆိုသည်။

ဒီဇာမီသာဆန်ဆေးသည် အသက်ရှူထောက်ပံ့ရေးကိရိယာများ လိုအပ်သော ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၅ ရာခိုင်နှုန်း၏ သေဆုံးမှုနှုန်းကို လျှော့ချပေးခဲ့သည့်အပြင် အောက်ဆီဂျင်တစ်မျိုးတည်းသာ လိုအပ်လျက်ရှိသော ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၀ ရာခိုင်နှုန်း၏ သေဆုံးမှုနှုန်းကိုလည်း လျှော့ချပေးနိုင်ကြောင်း သုတေသီများက ပြောကြားခဲ့သည်။

သို့သော် အဆိုပါဆေးသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ ထောက်ပံ့ပေးရန် မလိုအပ်သည့် (သို့မဟုတ်) ရောဂါပြင်းထန်စွာ ခံစားရခြင်းမရှိသော ဗိုင်းရပ်စ်ကူးစက်ခံရသူများအတွက် ကျန်းမာရေးဆိုင်ရာ သိသာသောတိုးတက်မှုအခြေအနေ မတွေ့ရှိရကြောင်း သုတေသီများက ဆိုသည်။

ဒီဇာမီသာဆန်ဆေးသည် ကမ္ဘာတစ်ဝန်းရှိ ဆေးရုံများနှင့် ဆေးဆိုင်များတွင် အလွယ်တကူရရှိနိုင်ပြီး ဈေးနှုန်းသက်သာသည့်အတွက် ရောဂါပြင်းထန်စွာခံစားနေရသည့် ဗိုင်းရပ်စ်ကူးစက်ခံရသူများအတွက် အလွန်အသုံးဝင်ပါကြောင်း သုတေသီအဖွဲ့မှ ပါမောက္ခပီတာဟောဘီက ပြောကြားခဲ့သည်။

အဆိုပါဆေး၏ အသုံးဝင်မှုကြောင့် ဗြိတိန်အစိုးရက နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူများအား ကုသရာတွင် ဒီဇာမီသာဆန်ဆေးကို အသုံးပြုရန် ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ဒီဇာမီသာဆန်ဆေး၏ စမ်းသပ်မှုဆိုင်ရာ ရလဒ်ကောင်းများကို ကြိုဆိုပါကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တီဒရိုစ် အာဒန်နွမ် ဂီဘရီယီဆက်စ်က ဆိုသည်။ အဆိုပါဆေးသည် ကိုဗစ်–၁၉ ရောဂါ ပြင်းထန်စွာခံစားနေရသူများ၏ သေဆုံးမှုနှုန်းကို လျှော့ချပေးနိုင်သည့် ပထမဆုံးသော ကုသဆေးတစ်ခုဖြစ်ပါကြောင်း ဂီဘရီယီဆက်စ်က ဆက်လက်ပြောကြားခဲ့သည်။

မကြာမီအချိန်တွင် အဆိုပါဆေး၏ စမ်းသပ်မှုဆိုင်ရာ ရလဒ်ကောင်းထွက်ပေါ်မှုများကို အသေးစိတ်ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သုတေသီအဖွဲ့က ဆိုသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# ဩစတြေးလျနှင့် ဗြိတိန်တို့က တရားဝင်ကုန်သွယ်ရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများ စတင်

**ဆစ်ဒနီ ဇွန် ၁၇**
ဗြိတိန်နှင့် ဩစတြေးလျနိုင်ငံတို့က ဘရက်ဆစ်အလွန် လွတ်လပ်သောကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်နှင့်ပတ်သက်သော ဆွေးနွေးမှုများကို ယနေ့ တရားဝင်ကျင်းပခဲ့ပြီး ယခုနှစ်အတွင်း သဘောတူညီချက်တစ်ရပ် ရရှိနိုင်ကြောင်း ဩစတြေးလျ ထိပ်တန်းကုန်သွယ်ရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားလိုက်သည်။

**အခွင့်အလမ်းတစ်ခုအဖြစ် ကြေညာ**

“ဒီကနေ့ ဩစတြေးလျနဲ့ ဗြိတိန်တို့က လွတ်လပ်တဲ့ ကုန်သွယ်မှုဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုတွေ တရားဝင် စတင်ခဲ့ပါတယ်”ဟု ကုန်သွယ်ရေးဝန်ကြီး ဆိုင်မွန်ဘာမင်ဂမ်က မိန့်ခွန်းတစ်ခုအတွင်း ပြောကြားခဲ့သည်။ ဗြိတိန်အစိုးရက ဥရောပသမဂ္ဂမှထွက်ခွာမှုက ကမ္ဘာ့ကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုဆက်ဆံရေး တိုးမြှင့်စေသည့် အခွင့်အလမ်းတစ်ခုအဖြစ် ကြေညာခဲ့သည်။ ဆွေးနွေးမှုများ ကျင်းပခဲ့သော်လည်း ဗြိတိန်နိုင်ငံက ဇန်နဝါရီလအတွင်း အီးယူမှထွက်ခွာချိန်အထိ တရားဝင် စေ့စပ်ညှိနှိုင်းမှုများကို ရွှေ့ဆိုင်းခဲ့သည်။ ဩစတြေးလျ–ဗြိတိန် သဘောတူညီချက်တစ်ရပ် ရရှိလင့်ကစား ဗြိတိန်နိုင်ငံက ဥရောပစီးပွားရေးကောင်စီသို့ မဝင်ရောက်မီ ၁၉၇၀ ပြည့်နှစ်များက ရရှိခဲ့သည့် ကုန်သွယ်မှုပမာဏအထိ ပြန်လည်ရရှိနိုင်ဖွယ်မရှိဟု ဘာမင်ဂမ်က သတိပေးခဲ့သည်။

“ကုန်စည်တွေတင်ပို့ဖို့ အထူးသဖြင့် စိုက်ပျိုးရေး၊ ဒစ်ဂျစ်တယ်ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုနယ်ပယ်တွေမှာ ပိုမိုကောင်းမွန်တဲ့ ဈေးကွက်ရရှိဖို့ ဩစတြေးလျနိုင်ငံက မျှော်မှန်းပါတယ်”ဟု ၎င်းက ဆိုသည်။ ဩစတြေးလျ–အီးယူ ကုန်သွယ်ရေးသဘောတူညီချက်ဆိုင်ရာ ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိရာ ဩစတြေးလျနိုင်ငံအနေဖြင့် ယခုနှစ်အတွင်း အပြီးတိုင် ဆုံးဖြတ်ချက်ချလိုကြောင်း ဘာမင်ဂမ်က ပြောသည်။ ကုန်သွယ်ရေး သဘောတူညီချက်များစွာကို တစ်ပြိုင်နက်တည်း စေ့စပ်ညှိနှိုင်းခြင်းမှာ ခက်ခဲသော လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း ၎င်းက ဝန်ခံခဲ့သည်။ အီးယူ သို့မဟုတ် ဗြိတိန်နှင့်သဘောတူညီချက်တွင် မည်သည့်သဘောတူညီချက်ကို ဦးစားပေးရမည်ကို ပြောကြားရန် ၎င်းက ငြင်းဆန်ခဲ့သည်။

“အီးယူက ပိုမိုကြီးမားတဲ့ ဈေးကွက်တစ်ခုဖြစ်သလို ဘရက်ဆစ်ကလည်း ဈေးကွက်ကြီးတစ်ခုအဖြစ် ရှိနေဆဲပါ။ ဗြိတိန်က အရေးပါတဲ့ ဈေးကွက်တစ်ခုလို့ ဆိုလိုတာမဟုတ်ပါဘူး”ဟု သူက ဆိုသည်။

**ကိုးကား – အေအက်ဖ်ပီ**
**ဘာသာပြန် – ကျော်ထိုက်စိုး**




# အိန္ဒိယ၌ တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၉၇၄ ဦး စမ်းသပ်တွေ့ရှိပြီး ၂၀၀၃ ဦး သေဆုံး

**နယူးဒေလီ ဇွန် ၁၇**
အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် ၂၀၀၃ ဦး ထပ်မံသေဆုံးခဲ့ပြီးနောက် ယနေ့အထိ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၁၉၀၃ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

ထို့အတူ တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၉၇၄ ဦး ထပ်မံတွေ့ရှိခဲ့ရာ အိန္ဒိယနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၅၄၀၆၅ ဦး ရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် ၂၀၀၃ ဦး ထပ်မံသေဆုံးပြီး ၁၀၉၇၄ ဦး ရောဂါ ကူးစက်ခံရမှု ပမာဏသည် နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ပြီးနောက် တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးမှုနှင့် ရောဂါကူးစက်မှုနှုန်း အမြင့်မားဆုံးအရေအတွက် ဖြစ်လာခဲ့သည်။



သို့သော် နိုင်ငံအတွင်းရှိ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၁၈၆၉၃၅ ဦးသည် ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့ကြရာ လက်ရှိအချိန်တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၅၅၂၂၇ ဦးသာ ဆေးဘက်ဆိုင်ရာ စောင့်ကြည့်မှုခံယူလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထပ်မံပြောကြားသည်။

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီသည် နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါဆိုင်ရာ အသွားအလာကန့်သတ်မှု ဖြေလျှော့သင့်၊ မသင့်နှင့်ပတ်သက်၍ နိုင်ငံတစ်ဝန်းလုံးရှိ ပြည်နယ်ဝန်ကြီးများနှင့်အတူ ယမန်နေ့ကတည်းက ဗီဒီယိုကွန်ဖရင့်ပြုလုပ်ပြီး ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် အမေရိကန်ပြည်ထောင်စု၊ ဘရာဇီးနှင့် ရုရှားနိုင်ငံတို့ပြီးလျှင် ကမ္ဘာပေါ်တွင် ကိုဗစ်–၁၉ ရောဂါ စတုတ္ထအဆိုးရွားဆုံး ထိခိုက်ခံစားရသည့်နိုင်ငံ ဖြစ်လာခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**

# ယူကရိန်းသမ္မတ၏ ဇနီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ



**ကီယက်ဗ် ဇွန် ၁၇**

ယူကရိန်းသမ္မတ ဗိုလိုဒီမီယာဇေလန်စကီး၏ ဇနီး အိုလီနာဇေလန်စကားသည် ပြီးခဲ့သည့်သီတင်းပတ်က ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရပြီးနောက် ဆေးရုံတင်ခြင်း ခံရကြောင်း ယူကရိန်းသမ္မတရုံး၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ထို့အပြင် သမ္မတဇေလန်စကီး၏ ဇနီးသည် အိုလီနာဇေလန်စကားသည် နမိုးနီးယားရောဂါလည်း အနည်းငယ် ခံစားရကြောင်း၊ သို့သော် ၎င်း၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်လျက်ရှိပြီး အောက်ဆီဂျင်ပေးစရာမလိုကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

အိုလီနာဇေလန်စကားမှာ ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်တွေ့ရှိခဲ့ပြီးနောက် ဇွန် ၁၅ ရက်က သမ္မတဗိုလိုဒီမီယာ ဇေလန်စကီးနှင့် ၎င်း၏ကလေးများကို ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ရာ ၎င်းတို့မှာ ရောဂါပိုး မရှိကြောင်း သမ္မတရုံးက ထပ်မံပြောကြားသည်။

မိမိမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း၊ သို့သော် မိမိ၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်လျက်ရှိကြောင်း၊ သို့သော်လည်း မိသားစုနှင့် သီးခြားခွဲ၍နေရပြီး လောလောဆယ် နေအိမ်၌ ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်း အိုလီနာဇေလန်စကားက ၎င်း၏ အင်စတာဂရမ် စာမျက်နှာပေါ်တွင် ဇွန် ၁၂ ရက်က ရေးသားဖော်ပြထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**



# တရုတ်နှင့် အိန္ဒိယနယ်စပ်တွင် ပဋိပက္ခဖြစ်ပွား အိန္ဒိယတပ်ဖွဲ့ဝင် ၂၀ သေဆုံး

**နယူးဒေလီ ဇွန် ၁၇**

တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံ အငြင်းပွားမှုများဖြစ်ပွားလျက်ရှိသည့် ဟိမဝန္တာတောင်တန်းနယ်ခြားတစ်လျှောက် လာဒါ့ခ်တွင် အိန္ဒိယနှင့် တရုတ်တပ်ဖွဲ့ဝင်များအကြား ပဋိပက္ခဖြစ်ပွားခဲ့ရာ အိန္ဒိယတပ်ဖွဲ့ဝင် ၂၀ သေဆုံးခဲ့သည်ဟု အိန္ဒိယတပ်မတော်က ယနေ့အတည်ပြုပြောကြားခဲ့သည်။

တရုတ်တပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်တွေ့မှုတွင် အိန္ဒိယတပ်ဖွဲ့ဝင်များ သေဆုံးခဲ့ခြင်းသည် ၁၉၇၅ ခုနှစ်နောက်ပိုင်း ပထမဦးဆုံးအကြိမ်ဖြစ်သည်ဟု အိန္ဒိယမီဒီယာများက သတင်းဖော်ပြကြသည်။

နှစ်နိုင်ငံအကြား တည်ဆဲအခြေအနေကို တရုတ်နိုင်ငံဘက်က တစ်ဖက်သတ်ပြောင်းလဲပစ်ရန် ကြိုးပမ်းခဲ့သည့်အတွက် ယခုကဲ့သို့ ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်ဟု အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားကြောင်း သိရသည်။

နှစ်နိုင်ငံတပ်ဖွဲ့ဝင်များသည် သေနတ်များဖြင့် ပစ်ခတ်ခြင်းမရှိဘဲ တစ်ဖက်နှင့်တစ်ဖက် ကျောက်တုံး၊ ကျောက်ခဲများဖြင့် အပြန်အလှန်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု အိန္ဒိယစစ်ဘက်တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားပြီး အိန္ဒိယမီဒီယာများက သတင်းဖော်ပြသည်။

အိန္ဒိယတပ်ဖွဲ့ဝင်များက ဇွန် ၁၅ ရက်တွင် နှစ်နိုင်ငံနယ်နိမိတ်စည်းမျဉ်းကို နှစ်ကြိမ်တိုင်တိုင်ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး တရုတ်တပ်ဖွဲ့ဝင်များကို ရန်စခဲ့သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဇောင်လီကျန်းက ဆိုသည်။

တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံနယ်စပ်၌ နယ်မြေအငြင်းပွားမှုများနှင့်ပတ်သက်ပြီး စစ်ရေးအရ တိုက်ခိုက်မှုများသည် ၁၉၆၂ ခုနှစ်ကတည်းက စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါကာလကစပြီး နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအကြား ပဋိပက္ခများ မကြာခဏဖြစ်ပွားလျက်ရှိသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆၁၂ ဦး စမ်းသပ်တွေ့ရှိပြီး ၁၂၀ သေဆုံး

**တီဟီရန် ဇွန် ၁၇**

အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆၁၂ ဦး စမ်းသပ်တွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူပေါင်း ၁၉၅၀၅၁ ဦးရှိလာကြောင်း အီရန်အစိုးရက ယနေ့အတည်ပြုပြောကြားသည်။

ထို့အတူ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၁၂၀ သေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၉၁၈၅ ဦးရှိလာကြောင်း အီရန်ကျန်းမာရေးနှင့် ဆေးပညာဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူအမျိုးသမီး စီမာဆာဒတ်လာရီက နေ့စဉ် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် အတည်ပြုပြောကြားသည်။

ထို့အပြင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၁၅၄၈၁၂ ဦးသည် ရောဂါကင်းစင်လာပြီး ဆေးရုံများမှ ပြန်ဆင်းသွားပြီဖြစ်ကြောင်း၊ သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၇၈၉ ဦးသည် အရေးပေါ်အခြေအနေတွင် ရှိနေကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အီရန်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်ကတည်းက ပြည်သူ ၁၃၁၉၂၀ တို့၏ နမူနာကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အီရန်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ယခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်က စတင်တွေ့ရှိခဲ့ပြီး ယခုအခါ နိုင်ငံအနှံ့သို့ ကူးစက်ပျံ့နှံ့ခဲ့ပြီဖြစ်သည်။ အီရန်နှင့် တရုတ်နိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးနယ်ပယ်၌ အပြန်အလှန်အကူအညီပေးကြရန် အချင်းချင်းကမ်းလှမ်းခဲ့ကြသလို အီရန်နိုင်ငံက တရုတ်နိုင်ငံသို့ နှာခေါင်းစည်း သုံးသန်းခန့် လှူဒါန်းခဲ့ပြီး အပြန်အလှန်အားဖြင့် တရုတ်နိုင်ငံက ဆေးဘက်ဆိုင်ရာအကူညီများကို အီရန်နိုင်ငံအား ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် တရုတ်ဆေးဘက်ကျွမ်းကျင်သူ ငါးဦးသည် အီရန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်ရေးနယ်ပယ်၌ အီရန်အစိုးရအား အကူအညီပေးရန် ဖေဖော်ဝါရီ ၂၉ ရက်က အီရန်နိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။ အီရန်နိုင်ငံသည် ကမ္ဘာပေါ်ရှိ ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံးထိခိုက်သည့် နိုင်ငံများအနက် တစ်နိုင်ငံအပါအဝင် ဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**



## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| |
|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ<br>၈၂၉၅၈၁၃ ဦး |
| သေဆုံးသူ<br>၄၄၆၇၇၀ ဦး |
| ပြန်လည်ကျန်းမာလာသူ<br>၄၃၄၇၃၃၁ ဦး |

# တောင်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံတင်းမာမှုများကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် အဖြေရှာရန် ကုလ တိုက်တွန်း

**ကုလသမဂ္ဂ ဇွန် ၁၇**

တောင်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံဆက်ဆံရေးရုံးကို ပြုံယမ်းက ဖုံးခွဲခဲ့ပြီးနောက် နှစ်နိုင်ငံအကြား တင်းမာမှုများမြင့်တက်လာလျက်ရှိသည့်အတွက် နှစ်နိုင်ငံအနေဖြင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီး အဖြေရှာကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က နှစ်နိုင်ငံခေါင်းဆောင်များအား ယနေ့ တိုက်တွန်းပြောကြားခဲ့သည်။

ကိုရီးယားကျွန်းဆွယ်၌ ဖြစ်ပွားလျက်ရှိသည့် နှစ်နိုင်ငံတင်းမာမှုများအတွက် စိုးရိမ်ပူပန်မိပါကြောင်းနှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားနှင့် ငြိမ်းချမ်းရေး၏ ရလဒ်များကို ရရှိခံစားနိုင်ရန်အတွက် နှစ်နိုင်ငံခေါင်းဆောင်များအနေဖြင့် မတူညီကွဲပြားသောအမြင်များကို ငြိမ်းချမ်းသောနည်းလမ်းများဖြင့် ဆွေးနွေးညှိနှိုင်းသင့်ပါကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်က ပြောကြားခဲ့သည်။

တောင်ကိုရီးယားနှင့် ချိတ်ဆက်ထားသော ဆက်သွယ်ရေးလိုင်းများကို ဖြတ်တောက်ပစ်မည်ဟု ပြုံယမ်းက လွန်ခဲ့သောရက်သတ္တပတ်က ကြေညာခဲ့သည်။

အဆိုပါနှစ်နိုင်ငံအကြားချိတ်ဆက်ထားသည့် ဆက်သွယ်ရေးလိုင်းများသည် နှစ်နိုင်ငံအကြား နားလည်မှုလွဲမှားမှုများကို မဖြစ်ပွားစေရန် လိုအပ်သည့် အရာများဖြစ်သည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်က ဆိုသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# ဂုတ်တွင်းလမ်း၌ ခရီးသည်တင်ယာဉ် ချောက်ထဲထိုးကျမှုကြောင့် သုံးဦးသေဆုံး



နောင်ချို ဇွန် ၁၇
မကွေးမှလားရှိုးသို့ ခရီးသည်များတင်ဆောင်၍ မောင်းနှင်လာသည့်ယာဉ်သည် ယနေ့ နံနက် ၃ နာရီကျော်ခန့် က နောင်ချိုမြို့နယ် ဂုတ်တွင်းလမ်းရှိ ကုလားမကွေ့အရောက်၌ ယာဉ် မတော်တဆဖြစ်ကာ အောက်သို့ထိုးကျ၍ တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ဖြစ်ပွားရာနေရာသို့ နောင်ချိုမြို့မှ စေတနာမွန်လူမှုကူညီရေးအသင်း၊ ဖြူစင်မေတ္တာ လူမှုကူညီရေးအသင်း၊ နောင်ပိန်ကျေးရွာမှ ကမ်းလင့်လက်များ လူမှုကူညီရေးအသင်းများ၊ မီးသတ်တပ်ဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ရောက်ရှိပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းအပါအဝင် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးကာ ဒဏ်ရာရရှိသူ ခရီးသည်များအား နောင်ချိုမြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၏ ကြပ်မတ်စီမံပေးမှုဖြင့် နံနက်ပိုင်း၌ပင် အတက်အဆင်း ယာဉ်များကို ပုံမှန်စေလွှတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

သီပေါကိုလတ်

# ငါးလအတွင်း လူကုန်ကူးမှု ၄၃ မှုရှိ လူကုန်ကူးခံရသူ ၇၀ ကျော်ရှိသည့်အနက် မိန်းကလေးငယ် ၁၁ ဦးပါဝင်

ရန်ကုန် ဇွန် ၁၇
ယခုနှစ် ငါးလအတွင်း လူကုန်ကူးမှု ၄၃ မှုရှိပြီး လူကုန်ကူးခံရသူ ၇၀ ကျော်ရှိသည့်အနက် မိန်းကလေးငယ် ၁၁ ဦးပါဝင်ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ထံမှ သိရသည်။

အဆိုပါ လူကုန်ကူးမှုများမှာ ဇန်နဝါရီလတွင် ၁၅ မှု၊ ဖေဖော်ဝါရီလတွင် ခုနစ်မှု၊ မတ်လတွင် ကိုးမှု၊ ဧပြီလတွင် ခြောက်မှုနှင့် မေလတွင် ခြောက်မှု ဖြစ်ပွားခဲ့သည်။ ယင်းအမှုများတွင် လူကုန်ကူးမှုတရားခံပေါင်း ၁၁၁ ဦး ဖမ်းဆီးရမိပြီး လူကုန်ကူးခံရသူပေါင်း ၇၇ ဦး ရှိခဲ့သည်။ အဆိုပါ လူကုန်ကူးမှုများတွင် အဓမ္မလက်ထပ်မှု၊ အဓမ္မပြည့်တန်ဆာပြုမှုနှင့် အဓမ္မလုပ်အားစေခိုင်းမှုတို့ဖြစ်ပြီး အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်၊ မလေးရှားနှင့် ပြည်တွင်း၌ပင် လူကုန်ကူးခံရခြင်းဖြစ်ကာ အများစုမှာ တရုတ်နိုင်ငံသို့ အဓမ္မလက်ထပ်မှုဖြစ်ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ထံမှ သိရသည်။

လက်ရှိ ငါးလအတွင်း လူကုန်ကူးမှု ၄၃ မှုအနက် တရုတ်နိုင်ငံတွင် အဓမ္မလက်ထပ်မှု ၂၆ မှု၊ ပြည်တွင်းတွင် အဓမ္မလက်ထပ်မှု တစ်မှု၊ ပြည်တွင်းတွင် အဓမ္မပြည့်တန်ဆာပြုမှု ရှစ်မှု၊ ပြည်တွင်းတွင် အဓမ္မလုပ်အားစေခိုင်းမှု ခြောက်မှု၊ မလေးရှားတွင် အဓမ္မလုပ်အားစေခိုင်းမှု တစ်မှုနှင့် တရုတ်တွင် အဓမ္မလုပ်အားစေခိုင်းမှု တစ်မှုတို့ဖြစ်သည်။ ထို့ပြင် ငါးလအတွင်း လူကုန်ကူးခံရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၄ မှုဖြင့် အများဆုံးဖြစ်ပြီး ရှမ်းပြည်နယ်တွင် ၁၀ မှုဖြင့် ဒုတိယအများဆုံးဖြစ်ကာ မန္တလေးတိုင်းဒေသကြီးတွင် ခြောက်မှု၊ ကချင်ပြည်နယ်တွင် လေးမှု၊ ဧရာဝတီတိုင်းဒေသကြီးတွင် သုံးမှု၊ ပဲခူးတွင် နှစ်မှု၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် နေပြည်တော်တွင် တစ်မှုစီဖြစ်ကြောင်း သိရသည်။

ငြိမ်းငြိမ်း

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၇
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၆၂ စီး၊ သွင်းကုန် အစီး ၃၀၀ ၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၆၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၄ သန်း) တန်ဖိုးရှိ ကလေးအဝတ်အထည်များအား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# မုံရွာမြို့၌ ကျပ် ၁၀၀၀၀ တန်နှင့် ကျပ် ၅၀၀၀ တန် ငွေစက္ကူအတုများ သိမ်းဆည်းရမိ

မုံရွာ ဇွန် ၁၇
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြဝတီရပ်ကွက်အတွင်းမှ ငွေစက္ကူအတုများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့က မုံရွာမြို့ အမှတ်(၁၃) မှုခင်းတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်သန်းဇော်ဦး ဦးစီးသောအဖွဲ့သည် မုံရွာမြို့ မြဝတီရပ်ကွက် သီတာနန္ဒာလမ်းတွင် အိမ်ငှားနေသူ မနဒီထွန်း၏နေအိမ်အား ငွေစက္ကူအတုများရှိနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းနေအိမ်အတွင်းရှိ ခုတင်ပေါ်နှင့် ခုတင်အောက်တို့မှ စက္ကူအတု ကျပ် ၁၀၀၀၀ တန် ၂၉ ရွက်၊ ကျပ် ၅၀၀၀ တန် သုံးရွက်၊ ကျပ် ၁၀၀၀၀ တန် ငွေစက္ကူအပိုင်းအပြတ် ငါးရွက်နှင့်အတူ ငွေစက္ကူအတုပြုလုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ ရှာဖွေသိမ်းဆည်းရမိသဖြင့် မနဒီထွန်းအား စစ်မေးရာ အဆိုပါသက်သေခံပစ္စည်းများမှာ ၎င်းနှင့်အတူ မင်းမင်းခန့်(ခ) ဖြိုးမောင်မောင်တို့ ငွေစက္ကူအတုပြုလုပ်ရာတွင် အသုံးပြုခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မနဒီထွန်းအား ဥပဒေအရ ဖမ်းဆီးအရေးယူဆောင်ရွက်ထားပြီး မင်းမင်းခန့်(ခ)ဖြိုးမောင်မောင်အား အမြန်ဖမ်းဆီးမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လူအောင်(ကသာ)

# ရွှေစာရံဘုရားအလှူခံပုံးမှ ငွေ ခိုးယူသူအား ဖမ်းဆီးရမိ

သထုံ ဇွန် ၁၇
မွန်ပြည်နယ် သထုံမြို့ရှိ လေးဆူဓာတ်ဆံရွှေစာရံဘုရားအလှူခံပုံးအား ရိုက်ခွဲပြီး ငွေခိုးယူသူအမျိုးသားတစ်ဦးအား ရဲတပ်ဖွဲ့ဝင်များက အချိန်တိုအတွင်း ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မွန်ပြည်နယ် သထုံမြို့ရှိ လေးဆူဓာတ်ဆံရွှေစာရံဘုရားအတွင်း ဘုရားဖူးပြည်သူများ လုံခြုံစိတ်ချစွာ ဘုရားဖူးနိုင်ရန်အတွက် သထုံမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးစိုးအောင်နှင့်တပ်ဖွဲ့ဝင်များ၊ သထုံခရိုင်မှုခင်းအကူဌာနမှ ရဲအုပ်စောယုလှိုင်နှင့်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဆောင်ရွက်စဉ် ယနေ့မွန်းတည့် ၁၂ နာရီခန့်က မြောင်းမြမြို့ ဒိုဘီကုန်းရပ်ကွက်နေ ထင်အောင်ကျော်(ခ)သားကြီးအား လေးဆူဓာတ်ဆံရွှေစာရံဘုရား မှန်စီဝတ်အတွင်းရှိ အလှူခံပုံးအား လက်ဖြင့်ထုခွဲကာ အလှူခံပုံးအတွင်းရှိ ငွေစက္ကူရောရာပါ ကျပ် ၆၅၉၈၅၀ အား ယူဆောင်၍ထွက်ပြေးရာ သထုံမြို့ ဆေးရုံလမ်းတွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ထင်အောင်ကျော်(ခ) သားကြီးအား သထုံမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှိုင်ထွန်းအောင်(သထုံ)

# ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ဝိုင်းမော် ဇွန် ၁၇
ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် နန့်ဝါကျေးရွာ၌ ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်မှာ ဝိုင်းမော်မြို့နယ် နန့်ဝါကျေးရွာနေ ဒေါ်ဒေါင်နော့သည် လျှပ်စစ်မီးပူဖြင့် မီးပူတိုက်ပြီး အဝတ်ပေါ်သို့ ထားခဲ့ရာမှ မီးအပူရှိန်ကြောင့် မီးလောင်မှုဖြစ်ပွားရာ လူနေအိမ်တစ်လုံး၊ မြေစိုက်မီးဖိုချောင်တစ်လုံး ဆုံးရှုံးခဲ့ပြီး ၎င်းအား ဝိုင်းမော်မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိန်ဝင်း(ပြန်/ဆက်)



ဥတ္တရသီရိမြို့နယ် မီးသတ်စခန်း၌ ဇွန် ၁၇ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသက်နောင် ဦးဆောင်၍ တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေး ကြိုးကူးနည်းစနစ်များကို မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းရည်ပြည့်ဝစေရန်နှင့် ပြည်သူလူထုအတွင်း သဘာဝဘေးအန္တရာယ်နှင့် အခြားဘေးအန္တရာယ်များ ကျရောက်လာပါက အရေးပေါ်ချက်ချင်းဆောင်ရွက်နိုင်စေရန် လေ့ကျင့်ကြစဉ်။

ခရိုင်(ပြန်/ဆက်)




# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၇-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၁၇-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲ နမူနာ (၃၉၃)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၅၇) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၃၇၅) ခု နှင့်
- ရန်ကုန်မြို့၊ အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင် ၁၀၀၀)မှ (ပထမအသုတ်) ဓာတ်ခွဲ နမူနာ (၂၇၇)ခု စုစုပေါင်း (၁၂၀၂)ခု အား ယနေ့ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်မတွေ့ရှိရပါ။

၂။ (၁၇-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၆၂) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ (၆) ဦး (Case- 131, 162, 166, 176, 177, 233) ရှိသဖြင့် စုစုပေါင်း (၁၈၅) ဦးရှိပါသည်။ ၎င်းတို့အနက် (၁၆၈) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၆-၆-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၇-၆-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၃၆) ဦး ရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၇-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁၇-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၉၃) ခု |
| (၁၇-၆-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၅၇) ခု |
| (၁၇-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၇၅) ခု |
| (၁၇-၆-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့ အမှတ် (၁)တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)မှ (ပထမအသုတ်) စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၇၇) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၇-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၂၆၂) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၆) ဦး | (၁၈၅) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၇-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

၁။ (၁၆-၆-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၈၅၂) ခုနှင့် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ (၂၉၀) ခု၊ စုစုပေါင်း (၁၁၄၂) ခုတွင်-
- COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၁၇-၆-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၆၂) ဦးရှိပါသည်။

၃။ သို့ဖြစ်ပါ၍ (၁၆-၆-၂၀၂၀)ရက်နေ့တွင်-
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ (ပထမအသုတ်နှင့် ဒုတိယအသုတ်) ဓာတ်ခွဲ နမူနာ (၁၃၉၇)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၀၈)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) (PHL-Mdy)မှ ဓာတ်ခွဲနမူနာ (၄၆၈)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ (၂၉၀)ခု၊ စုစုပေါင်း ဓာတ်ခွဲနမူနာ (၂၃၆၃)ခုအား စစ်ဆေးပြီးစီးခဲ့ပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၁၇-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၁၆-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၈၅၂) ခု |
| (၁၆-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၉၀) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ဗဟန်းမြို့နယ်ရှိ အလုပ်ဌာနများမှ အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ငွေ အကျိုးခံစားခွင့်ပေးအပ်

**ရန်ကုန် ဇွန် ၁၇**

ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း ကျန်းမာရေးစစ်ဆေးခံရန် ယာယီပိတ်သိမ်းခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်အတွင်းရှိ အလုပ်ဌာနများမှ လူမှုဖူလုံရေး အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ မြို့နယ်လူမှုဖူလုံရေးရုံးခွဲ(၄)တွင် ပြုလုပ်သည်။

**တာဝန်ခံများထံ ပေးအပ်**

ထောက်ပံ့ငွေပေးအပ်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဦးထွန်းကြိုင်က လူမှုဖူလုံရေးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနငါးခုမှ အာမခံအလုပ်သမား ၄၆၉ ဦးအား လူမှုဖူလုံရေး ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၂၉၁၁၂၄၇၉ ဒသမ ၉၉ ကျပ်ကို သက်ဆိုင်ရာအလုပ်ဌာနတို့မှ တာဝန်ခံများထံ ပေးအပ်သည်။

ယနေ့ ထောက်ပံ့ငွေများကို ဗဟန်းမြို့နယ်ရှိ TMW Enterprise Ltd၊ United Shwe Naing Ngan Co., Ltd၊ Best Colour Co.,Ltd၊ Thu Htut Kaung Trading Co., Ltd နှင့် Shwe Naing Ngan Co., Ltd တို့က အာမခံအလုပ်သမားများအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ပေးအပ်ခြင်းဖြစ်သည်။

မြို့နယ်လူမှုဖူလုံရေးရုံးခွဲ(၄)တွင် ယနေ့အထိ မှတ်ပုံတင်ထားသော စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာန ၂၀ တို့မှ အာမခံအလုပ်သမား ၁၃၂၇ ဦးအတွက် လူမှုဖူလုံရေး ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၈၅၅၂၈၂၂၈ ဒသမ ၁၄ ကျပ်ကို ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း အဆိုပါရုံးမှ သိရသည်။

ယနေ့ လူမှုဖူလုံရေး ထောက်ပံ့ငွေများ ပေးအပ်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ - မင်းသစ်(MNA)



# ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ ညောင်ရွှေမြို့နယ် မိုင်းသောက်ဒေသရှိ တိုင်းရင်းသားအခြေခံပြည်သူများအား စားနပ်ရိက္ခာများ ဆက်လက်လှူဒါန်း

**တောင်ကြီး ဇွန် ၁၇**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်နှင့် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်းနှင့် ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီမှ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့ဝင်များသည် ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် မိုင်းသောက်ဒေသသို့ သွားရောက်ပြီး အင်း၊ ပအိုဝ်း၊ တောင်ရိုး တိုင်းရင်းသားအခြေခံပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ စားနပ်ရိက္ခာထုပ်များ ဆက်လက်ပေးအပ်လှူဒါန်းသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နံနက်ပိုင်းတွင် အုန္နဲပင်ရွာသို့ရောက်ရှိပြီး ရွှေကံ့ကော်ကျောင်း၌ အုန္နဲပင်၊ ရွှေလဖုန်း၊ ချောင်းစောက်၊ ဝါးတောရွာများမှ အင်း၊ ပအိုဝ်း၊ တောင်ရိုး တိုင်းရင်းသားအခြေခံပြည်သူများအား စားနပ်ရိက္ခာထုပ်များနှင့် ငွေကျပ် ၁၀၀၀၀ စီတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုင်းသောက်ပထမစာသင်တိုက်ရှိ ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ဆန်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အင်းတိုင်းရင်းသားအခြေခံပြည်သူများအား စားနပ်ရိက္ခာထုပ်များနှင့် ငွေကျပ် ၁၀၀၀၀ စီတို့ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုင်းသောက်ကျေးရွာရှိဖောင်တော်ဦးဘုရား ယာယီစံကျောင်းအတွင်း လှည့်လည်ကြည့်ရှုကြပြီး ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်းက ဖောင်တော်ဦးဘုရား ယာယီစံကျောင်းတော် ပြုပြင်မွမ်းမံတည်ဆောက်ရန်အတွက် ငွေကျပ်သိန်း ၂၀၀ နှင့် ဘိလပ်မြေအိတ် ၁၀၀၀ တို့ကို ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဘော်လပတ်ကျေးရွာသို့ရောက်ရှိပြီး ပအိုဝ်း၊ တောင်ရိုးတိုင်းရင်းသားအခြေခံပြည်သူများအား စားနပ်ရိက္ခာထုပ်များနှင့် ငွေကျပ် ၁၀၀၀၀ စီတို့ကို ဆက်လက်ထောက်ပံ့လှူဒါန်းကြသည်။ ထို့နောက် ကျောက်နီတောရစာသင်တိုက်သို့ သွားရောက်၍ ဆရာတော်အား ဖူးမြော် ကြည်ညိုကာ ဆန်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန် ပြည်သူများအား နှိုးဆော်ခြင်း

မိမိတို့နိုင်ငံတွင် COVID–19 ရောဂါကူးစက်ပြန့်ပွားမှုအား ဆက်လက်ထိန်းချုပ်ထားနိုင်ရန်အတွက် အနည်းဆုံး အောက်ပါအချက်(၄)ချက်ကို ကိုယ်တိုင်မဖြစ်မနေ လိုက်နာကျင့်သုံးရုံသာမက မိမိ၏မိသားစုဝင်များနှင့် အခြားသူများပါ လိုက်နာကျင့်သုံးစေရန် တိုက်တွန်းပေးပါ။

(က) တတ်နိုင်သမျှ မိမိတို့၏ နေအိမ်တွင်သာ နေထိုင်ပြီး လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ)မသွားကြပါရန်။

(ခ) ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို လူစုလူဝေးရှိရာ နေရာများသို့ သွားသည့်အခါတိုင်း မဖြစ်မနေ တပ်ဆင်ကြပါရန်။

(ဂ) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆)ပေအကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဃ) လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀) ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောရန် (သို့မဟုတ်) လက်သန့်စင်ဆေးရည်နှင့် ဆေးကြောကြပါရန်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ဟုမ္မလင်းမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ငါးရိက္ခာစားသုံးပေး ပိုစတာစိုက်ထူပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**စစ်ကိုင်း ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ မြို့မဈေးနှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံးရှေ့ ဇီဝကလမ်းဘေးတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးအတွက် ငါးရိက္ခာများ စားသုံးပေးခြင်းဖြင့် ကိုယ်ခံအားကောင်းမွန်စေပြီး ရရှိလာသော အကျိုးကျေးဇူးကို အများပြည်သူများ သိရှိစေရန် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး ငါးရိက္ခာများ စားသုံးပေး အသိပညာပေး ပိုစတာစိုက်ထူခြင်း၊ ပညာပေးလက်ကမ်းစာစောင် ၅၀၀ ဖြန့်ဝေခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းတို့ကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။



အထက်ပါလုပ်ငန်းများဆောင်ရွက်ရာတွင် ဟုမ္မလင်းမြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်နှင့်ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာန ဝန်ထမ်းများ၊ ကလေးခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးစိုးမြင့်သိန်း၊ တမူးမြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးသန်းဌေး၊ မော်လိုက်မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးတင်ထွန်း၊ ဟုမ္မလင်းမြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးဟရဲကုန်းနှင့်ဝန်ထမ်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၉) ရပ်ကွက်တွင် အသက်(၈၅)နှစ်အထက် အဘိုးအဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ငွေကျပ် ၃၀၀၀၀ နှင့် ကိုဗစ်– ၁၉ ကူးစက်ရောဂါဖြစ်ပွားနေသည့်ကာလ ထပ်ဆောင်းထောက်ပံ့ငွေကျပ် ၃၀၀၀၀ စုစုပေါင်း ငွေကျပ် ၆၀၀၀၀ စီအား ရပ်ကွက်အတွင်းရှိ ဘိုးဘွား ၃၄ ဦးအတွက် ထောက်ပံ့လှူဒါန်းရာ လှိုင်မြို့နယ် တိုင်းဒေသကြီး(၂) လွှတ်တောင်ကိုယ်စားလှယ် ဒေါ်ခိုင်မာဌေးနှင့် လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြို့နယ်/ရပ်ကွက်မှ တာဝန်ရှိသူများက ဇွန် ၁၆ ရက်က သွားရောက်ပေးအပ်လှူဒါန်းစဉ်။

ကြေးမုံ

# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ အပူချိန်တိုင်းကိရိယာနှင့် လက်သန့်ဆေးရည်များ လှူဒါန်း

**ရန်ကုန် ဇွန် ၁၇**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၌ အပူချိန်တိုင်းကိရိယာနှင့် လက်သန့်ဆေးရည်များကို ယမန်နေ့ နံနက်ပိုင်းက လှိုင်သာယာမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးဗိုလ်၊ အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းသူတို့က လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် သင်တန်းတက်ရောက်လျက်ရှိသော ဆရာဆရာမများနှင့် သင်တန်းနည်းပြဆရာများအား အပူချိန်တိုင်းကိရိယာနှင့် လက်သန့်ဆေးရည်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

မြသန္တာဝင်း(ပြန်/ဆက်)



**ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဖို့ မောင်တို့မယ်တို့ လိုက်နာစို့**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၅၅၄၁၃ | ၂၆၂ |

| ရောဂါပိုးကင်းစင်သူ | သေဆုံးသူ |
|---|---|
| ၁၈၅ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၅၅၈၀

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၆၈ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဇယားပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၀၁ | ၅ |
| ၂ | ချင်း | ၁၀ | |
| ၃ | စစ်ကိုင်း | ၉ | |
| ၄ | ပဲခူး | ၈ | ၁ |
| ၅ | ရခိုင် | ၈ | |
| ၆ | ရှမ်း(တောင်) | ၄ | |
| ၇ | မန္တလေး | ၃ | |
| ၈ | ရှမ်း(ရှေ့) | ၃ | |
| ၉ | ရှမ်း(မြောက်) | ၃ | |
| ၁၀ | မကွေး | ၃ | |
| ၁၁ | နေပြည်တော် | ၂ | |
| ၁၂ | ကရင် | ၂ | |
| ၁၃ | ဧရာဝတီ | ၂ | |
| ၁၄ | ကချင် | ၂ | |
| ၁၅ | တနင်္သာရီ | ၁ | |
| ၁၆ | မွန် | ၁ | |
| စုစုပေါင်း | | ၂၆၂ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန　　၁၇-၆-၂၀၂၀ ရက်၊ ည(၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၂၂၀၈၂၃၁ | ၉၀၃၁၃၆ | ၁၁၉၁၁၈ |
| ဘရာဇီး | ၉၂၈၈၃၄ | ၄၇၇၃၆၄ | ၄၅၄၅၆ |
| ရုရှား | ၅၅၃၃၀၁ | ၃၀၄၃၄၂ | ၇၄၇၈ |
| အိန္ဒိယ | ၃၅၅၀၆၀ | ၁၈၇၇၁၈ | ၁၁၉၂၂ |
| ဗြိတိန် | ၂၉၈၁၃၆ | စိစစ်ဆဲ | ၄၁၉၆၉ |
| စပိန် | ၂၉၁၄၀၈ | စိစစ်ဆဲ | ၂၇၁၃၆ |
| အီတလီ | ၂၃၇၅၀၀ | ၁၇၈၅၂၆ | ၃၄၄၀၅ |
| ပီရူး | ၂၃၇၁၅၆ | ၁၂၅၂၀၅ | ၇၀၅၆ |
| အီရန် | ၁၉၅၀၅၁ | ၁၅၄၈၁၂ | ၉၁၈၅ |
| ဂျာမနီ | ၁၈၈၅၄၄ | ၁၇၃၆၀၀ | ၈၉၁၀ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၁၄၃၁ | ၁၆၂၄၃ | ၂၂၇၆ |
| စင်ကာပူ | ၄၁၂၁၆ | ၃၁၁၆၃ | ၂၆ |
| ဖိလစ်ပိုင် | ၂၇၂၃၈ | ၆၈၂၀ | ၁၁၀၈ |
| မလေးရှား | ၈၅၁၅ | ၇၈၇၃ | ၁၂၁ |
| ထိုင်း | ၃၁၃၅ | ၂၉၉၆ | ၅၈ |
| ဗီယက်နမ် | ၃၃၅ | ၃၂၅ | ၀ |
| မြန်မာ | ၂၆၂ | ၁၈၅ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| ကမ္ဘောဒီးယား | ၁၂၈ | ၁၂၆ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

## လှိုင်သာယာမြို့နယ်၌ ဆန်အလိုအလျောက်ပေးဝေသည့်စက်ဖြင့် လူတစ်ဦးလျှင် ဆန်နို့ဆီဘူးခြောက်ဘူးနှုန်း အိမ်ထောင်စုပေါင်း ၅၀၀၀ ကျော် ပေးဝေခဲ့

**ရန်ကုန် ဇွန် ၁၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ ဆန်အလိုအလျောက် ပေးဝေသည့်စက် (Rice-ATM)ဖြင့် လူတစ်ဦးလျှင် ဆန်နို့ဆီဘူး ခြောက်ဘူးနှုန်းကို ရက်သတ္တသုံးပတ်ကြာ အခမဲ့ပေးဝေခဲ့ရာ အိမ်ထောင်စုပေါင်း ၅၀၀၀ ကျော်အား ထောက်ပံ့နိုင်ခဲ့ကြောင်း We Love Hlaing Tharyar လူထုအခြေပြုပရဟိတ အဖွဲ့ထံမှ သိရသည်။

အခမဲ့ဆန်ပေးဝေသည့် အစီအစဉ်ကို မေ ၁၆ ရက်မှစတင်ကာ ကနဦးစမ်းသပ် ပေးဝေခဲ့ခြင်းဖြစ်ပြီး ယင်းအစီအစဉ်သည် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ဆန်လိုအပ်ချက်ရှိသူများအတွက် တစ်ဦးနှင့်တစ်ဦး ထိတွေ့မှုမရှိစေဘဲ ရောဂါကူးစက်ပြန့်ပွားမှုနှုန်းကို လျှော့ချနိုင်စေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမဲ့ဆန်ပေးဝေသည့် စမ်းသပ်မှု အစီအစဉ်ကို ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နှင့် ဒလမြို့တို့တွင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး လက်ရှိတွင် နေပြည်တော်၌လည်း သက်ဆိုင်ရာ တာဝန်ရှိသူများက စမ်းသပ်မှုများကို လုပ်ဆောင်နေကြောင်း We Love Hlaing Tharyar တာဝန်ခံ ကိုတင်ဇော်ထွေးက ပြောသည်။



အလိုအလျောက် အခမဲ့ဆန်ပေးဝေမှုသည် မိုဘိုင်းဖုန်းမှတစ်ဆင့် အွန်လိုင်းတွင် စာရင်းပေးသွင်းလျှောက်ထားကာ တစ်အိမ်ထောင်လျှင် တစ်ဦးနှုန်း သွားရောက်ထုတ်ယူရခြင်းဖြစ်ပြီး အခက်အခဲအနေဖြင့် နည်းပညာနှင့် မနီးစပ်သူအချို့ ပါဝင်မှုကြောင့် ဆန်ထုတ်ပေးရာတွင် အချိန်ကြန့်ကြာမှုအနည်းအငယ်ရှိရုံမျှအပ ကျန်အခက်အခဲများမရှိဘဲ စမ်းသပ်မှုရလဒ်ကောင်းများ ရရှိခဲ့ကြောင်း ၎င်းက ပြောသည်။ **သတင်း-အေးမင်းသူ**

**ဓာတ်ပုံ-We Love Hlaing Tharyar**

## မင်းလှမြို့၌ အင်းလေလံတင်ရောင်းချ

**မင်းလှ ဇွန် ၁၇**

သာယာဝတီခရိုင် မင်းလှမြို့နယ် အမှတ်(၂) ရပ်ကွက် ရတနာသီရိခန်းမ၌ ငါးလုပ်ငန်းဦးစီးဌာနမှ အင်းလေလံတင် ရောင်းချပွဲကို ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အင်းလေလံတင်ရောင်းချခြင်းကို ပထမအကြိမ်အဖြစ် ဇွန်လပထမပတ်က မင်းလှ၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ နတ်တလင်းမြို့နယ်အတွင်းရှိ ဂရန်အင်း ၂၇ အင်း လေလံတင်ရောင်းချရာ ဈေးပြိုင်စနစ်ဖြင့် အင်းရှစ်အင်းကို အင်းသားကြီးများထံ ရောင်းချနိုင်ခဲ့ပြီး အင်းအခွန်ငွေအဖြစ် ငွေကျပ်သိန်းပေါင်း ၉၀၀ ကျော် နိုင်ငံတော်အခွန်ငွေ ရရှိခဲ့သည်။ ဆက်လက်၍ ဒုတိယအကြိမ် အင်းလေလံတင်ရောင်းချပွဲကို ဇွန် ၁၈ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း မင်းလှမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**ပေါက်စ(မင်းလှ)**



## ခေါင်လန်ဖူးမြို့နယ်၌ ရဝမ်ဘာသာစကားဖြင့် ကိုဗစ်-၁၉ ရောဂါ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကာ နှာခေါင်းစည်းများ လှူဒါန်း

**ခေါင်လန်ဖူး ဇွန် ၁၇**

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ်၌ ယမန်နေ့နံနက်က ရဝမ်စာပေနှင့် ယဉ်ကျေးမှုကော်မတီ ရဝမ်လူငယ်များအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ ရဝမ်ဘာသာစကားဖြင့် ကိုဗစ်-၁၉ ရောဂါ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကာ နှာခေါင်းစည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည်ကိုဗစ်-၁၉ရောဂါကြိုတင်ကာကွယ်နိုင်ရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပြည်သူများ သိရှိလိုက်နာရမည့်ဆောင်ရန်၊ ရှောင်ရန်အချက်များပါဝင်သည့် ဗီနိုင်းပိုစတာများကပ်ခြင်း၊ ရောဂါကာကွယ်ရေး အသိပညာပေးဆော်ဩခြင်းလုပ်ငန်းများကို မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စု ၁၀ အုပ်စုတွင် ဆောင်ရွက်ခဲ့ပြီး နှာခေါင်းစည်း ၈၀၀ ကို ပြည်သူများလက်ဝယ်အရောက် လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ ရဝမ်ဌာနေတိုင်းရင်းသားဘာသာစကားသာ သိရှိသည့် သက်ကြီးရွယ်အိုများ၊ တောင်သူလယ်သမားများနှင့် ဌာနေမျိုးနွယ်စု တိုင်းရင်းသားများအားလုံး ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာများသိရှိပြီး ရောဂါကြိုတင်ကာကွယ် တားဆီးနိုင်ရေးကို ရည်ရွယ်လျက် ရဝမ်ဌာနေတိုင်းရင်းသား ဘာသာစကားဖြင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း မြို့နယ်ရဝမ်လူငယ်တာဝန်ခံ ကိုဖုန်ဂါရမ်က ပြောသည်။ **ငြိမ်းအိအိဖြိုး(ပြန်/ဆက်)**



## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ အလှူငွေပေးအပ်ပွဲ ကျင်းပ

**ပဲခူး ဇွန် ၁၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၅)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီသို့ အလှူငွေပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီခွဲက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးမြို့နေ ဦးတင်စိုး-ဒေါ်သန်းသန်းမူ (နေလဝန်းဆန်စက်)မှ အလှူငွေကျပ်သိန်း ၇၅ဝ အား ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ဝန်ကြီးများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**

## ချင်းရွှေဟော် နယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၂၃၃ ဦး ထပ်မံဝင်ရောက်

**ချင်းရွှေဟော် ဇွန် ၁၇**

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသလောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်မှ ယမန်နေ့ ညနေ ၆ နာရီတွင် ၉၅ ဦးနှင့် ယနေ့နံနက် ၁၀ နာရီတွင် ၁၃၈ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၂၃၃ ဦး ထပ်မံဝင်ရောက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၂၃၃ ဦးတွင် အမျိုးသား ၁၃၁ ဦး၊ အမျိုးသမီး ၁၀၂ ဦးတို့ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၄၂ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ခုနစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၃၀၊ မကွေးတိုင်းဒေသကြီးမှ ၄၀၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၅ ဦး၊ ရှမ်းပြည်နယ်မှ ၉၅ ဦးနှင့် နေပြည်တော်မှ သုံးဦးတို့ဖြစ်သည်။

ထိုသို့ ဝင်ရောက်လာသော နေရပ်ပြန်ပြည်သူများအား သက်ဆိုင်ရာတာဝန်ရှိသူများက နယ်စပ်ဂိတ်တွင် ကိုယ်ပူချိန်တိုင်းတာခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် ၎င်းတို့၏ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်စေရေးတို့အတွက် ဧပြီ ၃၀ ရက်မှစတင်၍ စနစ်တကျ စီစဉ်လွှဲပြောင်း ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီက သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ စနစ်တကျ စီစဉ်လွှဲပြောင်း ပို့ဆောင်ပေးခဲ့သည်မှာ ယနေ့အထိ အမျိုးသား ၆၂၆၄ ဦးနှင့် အမျိုးသမီး ၄၉၀၇ ဦး တို့ဖြစ်ပြီး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၁၁၁၇၁ ဦးတို့ကို လွှဲပြောင်း ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**



**■ မလေးရှားနိုင်ငံမှ**

မလေးရှားနိုင်ငံ ENRA Group Bhd ၏ MT Ratu Chemical/Oil Products Tankerမှ ထားဝယ်မြို့ ရဲတံခွန်ရေနံတူးစင်တွင် လုပ်ငန်းတာဝန်ပြီးဆုံးသည့် ၎င်းတို့၏ ကျွမ်းကျင်ဝန်ထမ်းများအား မလေးရှားနိုင်ငံသို့ Malindo Air မှ B737-800NG (HG) ဖြင့် ပြန်လည်ခေါ်ဆောင်မည်ဖြစ်ရာ အလားခရီးစဉ်၌ အဆိုပါကုမ္ပဏီနှင့် ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံး၊ ရန်ကုန်မြို့ရှိ မလေးရှားသံရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်ပေးမှုဖြင့် မလေးရှားနိုင်ငံတွင် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ ပြန်ရန်အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၃၄ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ကိုဗစ်-၁၉ ရောဂါ ကင်းရှင်းကြောင်း စစ်ဆေးခဲ့ပြီးဖြစ်သော အဆိုပါ မြန်မာနိုင်ငံသား ၁၃၄ ဦးတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား သုံးကြိမ် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့အထိ စုစုပေါင်း ၃၃၄ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ ဆက်လက်၍လည်း စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ်အဖြစ် ဇွန် ၁၉ ရက်နှင့် ဇွန် ၂၇ ရက်တို့တွင်လည်း ပြန်လည်ခေါ်ဆောင်ရန် စီစဉ်လျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၇**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ဇွန် ၁၁ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၄၃ မြို့နယ်ရှိ နေရာ ၁၀၀ တို့တွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၉၄ ဂါလန်နှင့် ပိုးသတ်ဆေးမှုန့် ၁၁ ကီလိုဂရမ်သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အလားတူ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ဇွန် ၁၂ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၄၁ မြို့နယ်ရှိ နေရာ ၁၂၀ တို့တွင် မီးသတ်ယာဉ်များ၊ မီးသတ် ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၅၉ ဂါလန်နှင့် ပိုးသတ်ဆေးမှုန့် ၂၆ ကီလိုဂရမ်သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ကန့်သတ်စောင့်ကြည့်စခန်းထားရှိသည့် အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၁၁ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ချင်းပြည်နယ် ဖလန်းမြို့၌ ဇွန် ၁၁ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၌ ဇွန် ၁၂ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။




ရခိုင်ပြည်နယ် မောင်တောမြို့ အမှတ်(၁) နယ်စပ် အဝင်/အထွက် စခန်း၌ ဇွန် ၁၂ ရက်က ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## ဇာနည်ရဲ့ဇာနည်

အမျိုးသားစာပေဆုရ ရဟန်းစာဆို အရှင်ဇဝန(ကဗျာဆရာ ဇာနည်)၏ (၇၂) နှစ်ပြည့် မွေးနေ့အမှတ်တရမဂ္ဂဇင်း ဇာနည်ရဲ့ ဇာနည်စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အဖွင့်ကဗျာ၊ ဇာနည်၏ ဘဝနှင့် စာပေ၊ စာရေးသူ အသုံးပြုဖြစ်သည့် ဆရာဇာနည်၏ကဗျာများ၊ အမျိုးသားစာပေဆုရရှိခဲ့သည့် ဗီဇအလင်းငှက်၊ စာဆိုဂုဏ်ရည် သူတို့အမြင်၊ အလင်္ကာပန်းခင်း၊ စာဆိုဂုဏ်ပြု အမှတ်တရစာစုများ၊ ဂုဏ်ပြုပူဇော မြတ်ကဗျာ၊ အမျိုးသားစာပေဆုရှင် ဇာနည်၏ စာပေအနုပညာလက်ရာများ၊ သူရေးသီရာ စာအလင်္ကာ၊ မှတ်သားဖွယ်ရာ ဓမ္မ၊ ရသ၊ စာပေ၊ ယဉ်ကျေးမှု ကဗျာဆရာ၏ ညည်းချင်းစသည့် အကြောင်းအရာများကို ရေးသားထားသည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ်-၂၉၆၊ ၁/အနော်မာ(၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၇၉၈၁၈၉၁၄၈မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိသည်။




## LOVELY DOZEN (သို့မဟုတ်) ရင်ထဲက ထာဝရ(၁၂)

စာရေးသူ ရဲကျော် စီစဉ်ရေးသားသည့် LOVELY DOZEN (သို့မဟုတ်) ရင်ထဲက ထာဝရ(၁၂)စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် နိုင်ငံတော် အစွန့်ရှည်တည်တံ့ရေးနှင့် အချုပ်အခြာအာဏာပိုင်စိုးရေးအတွက် တပ်မတော်ဟူသည် မရှိမဖြစ် လိုအပ်သော အင်အားစုကြီး ဖြစ်သည်။ ခိုင်မာတောင့်တင်းသော တပ်မတော်ကြီး တစ်ရပ်ဖြစ်စေရန် အတွက် လူငယ်လူရွယ်များ တပ်မတော်အတွင်းသို့ ဝင်ရောက်အမှုထမ်းလိုစိတ်များရှိကြရန်လည်း အထူးပင်အရေးကြီးလှသည်။ တပ်မတော်အတွင်းသို့ ဝင်ရောက်တာဝန်ထမ်းဆောင်ရန် စိတ်ပါဝင်စားကြသော မျိုးဆက်သစ် ညီငယ် ညီမငယ်များအတွက် အထောက်အကူဖြစ်စေနိုင်ရန်၊ တပ်မတော်ကြီး အကြောင်း လေ့လာနိုင်ရန် ရည်ရွယ်၍ရေးသားထားသည်။

စာအုပ်ကို ခင်မြတ်သူစာပေ၊ ဖုန်း-၀၉ ၉၆၄၀၈၂၁၆၄နှင့် ၀၉ ၇၃၀၈၂၁၆၄တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ဖြင့် ဖြန့်ချိသည်။




## ဇင် ဘာဝနာ ဇင် နည်းလမ်းဖြင့် တွေးတောဆင်ခြင်ခြင်း

စာရေးသူ ဖေသက်ခိုင် (မြန်မာပြန်) ပြန်လည်စီစဉ်ရေးသားသည့် ဇင် ဘာဝနာ ဇင် နည်းလမ်းဖြင့် တွေးတောဆင်ခြင်ခြင်းစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ပထမဦးဆုံး သင့်ကိုယ်သင် လေ့လာဆန်းစစ်ခြင်း၊ စိတ်ဆိုတာ အနားမရအောင် ဘယ်လောက်ပဲ အလုပ်များနေပါစေ အဲဒီစိတ်ကို အနားရအောင် ပြုလုပ်စေခိုင်းခြင်း၊ စိတ်ဆိုတာ နေ့တစ်နေ့တည်းမှာတောင် တူညီနေတာမဟုတ်ဘဲ၊ ခုတစ်မျိုး တော်ကြာတစ်မျိုးနဲ့ ပြောင်းလဲနေတတ်တယ်၊ သင့်စိတ်ထဲမှာ စိတ်ရှုပ်နေတာကို သင့်ရဲ့ ခြေထောက်တွေက ပြနေပါလိမ့်မယ်၊ ခင်ဗျားရဲ့စိတ်ပိုင်းဆိုင်ရာ ပြန်လည်လန်းဆန်းတက်ကြွလာဖို့ ဒီလိုလုပ်ပါ စသည့် အကြောင်းအရာကို ရေးသားထားသည်။

စာအုပ်ကို ယဉ်မျိုးစာပေ၊ အမှတ်-၂၇၄ B ၊ လမ်း-၄၀(အပေါ်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ Hot Line -၀၉ ၇၃၂၀၁၅၈၆၊ Office ၀၉ ၇၉၅၂၆၇၈၃၄ တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။




## ဘင်ဟိုဂန်၏ ပါဝါဂေါက်သီးရိုက် အားကစားနည်းစနစ်များ

စာရေးသူ ဦးတိုး(တက္ကသိုလ) ဘာသာပြန်ရေးသားထားသည့် ဘင်ဟိုဂန် ၏ ပါဝါဂေါက်သီးရိုက် အားကစားနည်းစနစ်များ စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဘင်ဟိုဂန်၏ လက်ဆုပ်ကိုင်ပုံကိုင်နည်း ပြောင်းလဲသွားပုံ၊ အပြည့်အဝ တုတ်တံလွှဲယူခြင်း၊ ပါဝါထည့်၍ အရှိန်မြှင့်တင်ရန် စတင်ခြင်း၊ သံတုတ်များဖြင့် တိကျမှုရယူခြင်း၊ ကျင်းစိမ်ခြင်း၊ ကုန်းတက် ကုန်းဆင်း ရိုက်ချက်များကဏ္ဍ စသည့်ဂေါက်သီးရိုက်ကစားရာတွင် သိသင့်သိထိုက်သည့်အချက်များကို ရုပ်ပုံနှင့်တကွ ဖော်ပြထားသဖြင့် ဂေါက်သီးအားကစားဝါသနာရှင်များ လေ့လာသင့်သော စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။

စာအုပ်ကို စာပေဗိမာန်အရောင်းဆိုင်မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။

# အနုပညာ

## BTS အကြောင်းရိုက်ကူးထားတဲ့ ဇာတ်လမ်းတွဲရုပ်ရှင် Blue Sky

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS အဖွဲ့ဝင်တွေအကြောင်း ရိုက်ကူးသွားမယ့် ဇာတ်လမ်းတွဲရုပ်ရှင် Blue Sky အတွက် သရုပ်ဆောင်ရွေးချယ်မှုတွေ လတ်တလောမှာ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဘစ်ဟစ်အင်တာတိန်းမန့်မှ သတင်းရင်းမြစ်တစ်ဦးရဲ့ပြောကြားချက်အရ အဆိုပါ ဇာတ်လမ်းတွဲအတွက် သရုပ်ဆောင်ရွေးချယ်မှုတွေကို ဇွန် ၁၇ ရက်မှာ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရပါတယ်။ ရိုက်ကူးရေးအတွက် ပထမဆုံးအပိုင်းတွေကို စတင်လုပ်ဆောင်နေပြီး သရုပ်ဆောင်ရွေးချယ်မှုတွေ၊ ဒါရိုက်တာနဲ့ ထုတ်လုပ်သူတို့နဲ့ အရေးကြီးတဲ့ ဆွေးနွေးမှုတွေ ပြုလုပ်နေပြီဖြစ်ကြောင်းလည်း သိရပါတယ်။

Blue Sky ဟာ BTS အဖွဲ့ဝင်တွေရဲ့ ကျောင်းသားဘဝမှ စတင်ကာ ဂီတလောကအတွင်း ရောက်ရှိလာခဲ့ပုံတွေကို ပုံဖော်ရိုက်ကူးသွားမယ့် ဇာတ်လမ်းတွဲဖြစ်ပါတယ်။ အဖွဲ့ဝင်တစ်ဦးချင်းစီရဲ့ ကျောင်းသားဘဝ၊ အေဂျင်စီရဲ့ ရွေးချယ်ခံခဲ့ရပုံ၊ လေ့ကျင့်သင်ကြားခဲ့မှုတွေ၊ ပွဲဦးထွက် တေးသီချင်း ဒီအကြောင်းအရာတွေအားလုံး ထည့်သွင်းရိုက်ကူးသွားမှာဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာ အဖွဲ့ဝင်တွေရဲ့ နာမည်တွေကို ပြောင်းလဲအသုံးပြုထားကာ ပရိသတ်တွေကို ဘယ်ဇာတ်ကောင်က ဘယ်အဖွဲ့ဝင်ကို ကိုယ်စားပြုတယ်ဆိုတာ ဇာတ်လမ်းတွဲကြည့်ရင်း ခန့်မှန်းစေမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။



အဆိုပါဇာတ်လမ်းတွဲအတွက် ရိုက်ကူးရေးလုပ်ငန်းတွေကို လာမယ့် စက်တင်ဘာလအတွင်း စတင်သွားမှာလည်း ဖြစ်ပါတယ်။ လက်ရှိအစီအစဉ်တွေအရ အဆိုပါ ဇာတ်လမ်းတွဲကို လာမယ့် ၂၀၂၁ ခုနှစ် နှစ်စပိုင်းမှာ စတင်ပြသနိုင်ဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

လက်ရှိမှာ BTS ဟာ အဖွဲ့ရဲ့ ဂီတသက်တမ်း ခုနစ်နှစ်ပြည့် နှစ်ပတ်လည်အတွက် အစီအစဉ်တွေကို လုပ်ဆောင်နေကြောင်း သိရပါတယ်။

## ကေပေ့ါပ်တေးသံရှင် ယိုဟာန်ကွယ်လွန်



ကေပေ့ါပ် တေးသံရှင် တစ်ဦးဖြစ်သူ ယိုဟာန်ဟာ လတ်တလောမှာ ရုတ်တရက် ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်မှာ အသက် ၂၈ နှစ် အရွယ်သာ ရှိသေးကာ သူကွယ်လွန်ခဲ့တဲ့ အကြောင်းရင်းကို မိသားစုဝင်တွေရဲ့ ဆန္ဒအရ ထုတ်ဖော်ပြောကြားနိုင်ခြင်းမရှိကြောင်း အေဂျင်စီက ပရိသတ်တွေကို အသိပေးခဲ့တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

Top Secret လို့ လူသိများတဲ့ တောင်ကိုရီးယား အမျိုးသားတေးဂီတအဖွဲ့ TNT ရဲ့ အဖွဲ့ဝင် ယိုဟာန်ဟာ ဇွန် ၁၆ ရက်က ကွယ်လွန်ခဲ့တာဖြစ်ပါတယ်။ ယိုဟာန်ကွယ်လွန်ခဲ့တဲ့အပေါ် ပရိသတ်တွေက လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ဝမ်းနည်းကြောင်း ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

**အေးပြည့် စုစည်းသည်**

# အနာဂတ်ပညာရေး

**သချ်ာအောင်သင်း**

နိုင်ငံတော်အစိုးရက ဇူလိုင်လအတွင်း အခြေခံကျောင်းများဖွင့်လှစ်ရာတွင် Grade-10 နှင့် Grade-11 အထက်တန်းအဆင့်ကို ဦးစားပေးဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်ထားပါသည်။ မိဘဆရာသမားများနှင့် မျိုးဆက်သစ်ကျောင်းသားများ၊ ပြည်သူများသည် ကိုဗစ်-၁၉ ရောဂါကာလကြီးတွင် ရရှိခဲ့သော ကျန်းမာရေးအတွေ့အကြုံ သင်ယူမှုအသိပညာနှင့်အညီ နေထိုင်စားသောက်မှုများကို သတိထားကာ ကျင့်သုံးကာကွယ်ကြရမည်ဖြစ်သည်။

ကျန်းမာရေးနှင့်ညီညွတ်သော လုံခြုံဘေးကင်း၍ အရည်အသွေးကောင်းမွန်သည့် အခြေခံပညာ အထက်တန်းအဆင့်ကျောင်းများဖွင့်လှစ်ရာ၌ ၉တန်း၊ ၁၀တန်းအဆင့်တွင် တွေ့ကြုံရမည့်လိုအပ်ချက်၊ အားသာချက်များကို ပြင်ဆင်ပြီးမှသာ အလယ်တန်းနှင့် မူလတန်းတစ်ဆင့်စီ ဆက်လက်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်မှုသည် မှန်ကန်ပါသည်။ အထက်တန်းအဆင့်သည် အလယ်တန်းအဆင့်၊ မူလတန်းအဆင့်များထက် အသက်အရွယ်အားဖြင့်လည်းကောင်း၊ ပညာ၊ မှန်သည်၊ မှားသည်ကို ချင့်ချိန်စဉ်းစား လုပ်ဆောင်မှုများတွင်လည်းကောင်း သာလွန်မှုထင်ရှားသည်။

အစိုးရစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်တန်းကျောင်းသားများသည် ကျောင်းတွင်းစာမေးပွဲ စစ်ဆေးခံကြရသည့် ကျောင်းသားများထက် သင်ကြားလေ့လာကျက်မှတ်မှု၊ စည်းစနစ်ရှိမှုနှင့် အသိပညာတို့တွင် ပိုမိုအားကောင်းပါသည်။ ၄ တန်း၊ ၈ တန်းနှင့် ၁၀တန်းစာမေးပွဲများကို အစိုးရမှ တာဝန်ခံစစ်ဆေးစဉ်က ကျောင်းသား ကျောင်းသူများသည် အခြေခံအဆင့်တွင် ခိုင်မာခဲ့ကြပါသည်။

ရန်ကုန်တက္ကသိုလ်ကို အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်နှင့် ကိန်းဘရစ်ချ်တက္ကသိုလ်တို့၏ စနစ်နှင့်အညီ ဖွဲ့စည်းတည်ဆောက်ခဲ့သည်။ ၁၈၇၈ ခုနှစ်တွင် ရန်ကုန်ကောလိပ်သည် ဗြိတိသျှ-အိန္ဒိယရှိ ကာလကတ္တားတက္ကသိုလ်၏ လက်အောက်ခံဖြစ်သည်။ ၁၉၁၆ ခုနှစ်တွင် အစိုးရကောလိပ်ဟု ပြောင်းလဲသည်။ ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်ယူနီဗာစီတီကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်တို့ပူးပေါင်း၍ ရန်ကုန်တက္ကသိုလ်ကြီး ပေါ်ပေါက်လာခဲ့သည်။ အာရှထိပ်တန်း ရန်ကုန်တက္ကသိုလ်ကြီး ဖြစ်ခဲ့သည်။

၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ၁၉၄၇ ခုနှစ်တွင် ရေးဆွဲအတည်ပြုခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၆ အရ မြန်မာဘာသာသည် ရုံးသုံးဘာသာဖြစ်ခဲ့သည်။ ၁၉၄၈ ခုနှစ် မေလ ၈ ရက်နေ့တွင် "တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန"ကိုတည်ထောင်ခဲ့သည်။ ၁၉၅၈ ခုနှစ် ဧပြီ ၃ ရက်တွင် သင်ကြားမှုဘာသာစကားနှင့်စပ်လျဉ်း၍ အစိုးရပေါ်လစီအဖြစ်ထုတ်ပြန်ခဲ့ရာ

(၁) အင်္ဂလိပ်စာကို ၅ တန်းမှစ၍ သင်ကြားသည်ဖြစ်ရာ ထိုအချိန်ကာလအတွင်း တတ်မြောက်နိုင်မည့် အင်္ဂလိပ်စာအဆင့်အတန်းအတိုင်း တက္ကသိုလ်ဝင်စာမေးပွဲများတွင် စစ်ဆေးမည့်မေးခွန်းများကို ၁၉၆၀ ပြည့်နှစ်မှစ၍ ပြောင်းရန်။

(၂) တက္ကသိုလ်ဥပစာတန်း အင်္ဂလိပ်စာများကိုလည်း မေးခွန်းများတွင် အလားတူသတ်မှတ် စစ်ဆေးရန်။ ဥပစာတန်းစာမေးပွဲများတွင် အင်္ဂလိပ်စာကို မသင်မနေရဘာသာရပ်အဖြစ် ဆက်လက်သတ်မှတ်ရန်။

> ❖ **သင်ကြားရေးနှင့်ပတ်သက်၍ ဆရာသည် ပညာဝမ်းစာပြည့်စုံဖို့လို။**
>
> ❖ **ပညာရပ်များတွင် အင်္ဂလိပ်ဘာသာနှင့် သင်ကြားရာတွင် ဘာသာရပ်အသီးသီး၏ သဘောတရား၊ စဉ်းစားတွေးခေါ်မှုများကို မြန်မာစကားဖြင့် ရေရေလည်လည် ရှင်းပြနိုင်ပြီး အင်္ဂလိပ်မှတ်စုများ၊ စကားလုံးများ၊ ဝေါဟာရများ ကျက်မှတ်ထားကြရန် အထူးလိုအပ်။**

(၃) အင်္ဂလိပ်စာအဆင့်အတန်းသစ် စတင်ချိန်မှအစပြု၍ အဆင့်မြင့်အင်္ဂလိပ်စာ (Advanced English)ကို တက္ကသိုလ်နှင့် ဥပစာတန်းစာမေးပွဲများတွင် စိတ်ကြိုက်ဘာသာရပ်တစ်ရပ်အဖြစ် ရွေးချယ်ဖြေကြားခွင့်ပြုရန်။

(၄) တက္ကသိုလ်တွင် ၁၉၆၀ ပြည့်နှစ် ဇွန်လမှစ၍ ဥပစာတန်း အပိုင်း(က)တွင် ဘာသာရပ်အားလုံးကို မြန်မာဘာသာဖြင့်သင်ကြားပြီး နောက်နှစ်များတွင် တစ်နှစ်စီ တိုးမြှင့်သင်ကြားသွားရန်။

(၅) ဂုဏ်ထူးတန်းနှင့် မဟာဝိဇ္ဇာ/သိပ္ပံတန်းများတွင် အင်္ဂလိပ်စာကို သင်ကြားဘာသာစကားအဖြစ် ဆက်လက်ကျင့်သုံးပြီး ၁၉၆၅ ခုနှစ်တွင် ဤကိစ္စကို ပြန်လည်စဉ်းစားရန်။

(၆) တက္ကသိုလ်များတွင် မြန်မာလိုသင်ကြားခြင်းဖြင့် ပေါ်ပေါက်လာနိုင်မည့် ပြဿနာများ(ဥပမာ ကျောင်းသုံးစာအုပ်များ ဘာသာပြန်ဆိုထုတ်ဝေရေး၊ ပါမောက္ခ၊ ကထိကနှင့် လက်ထောက်ကထိကများ လုံလုံလောက်လောက်ရရှိရေး) ကို ဖြေရှင်းရေး စီမံချက်တစ်ရပ် ရေးဆွဲရန်။

(၇) တက္ကသိုလ်များတွင် ဘာသာအားလုံးကို မြန်မာလိုသင်ကြားလာသောအခါ ဥပစာတန်းတွင် ပင်ရင်းမြန်မာစာသင်ကြားမှုကို ရပ်ဆိုင်းရန်။

(၈) ဥပစာတန်းကျောင်းသားများသည် ထိုအချိန်တွင် ပင်ရင်းမြန်မာစာအစား တခြားဘာသာရပ်တစ်ခုခုကို စိတ်ကြိုက်ဘာသာရပ်အဖြစ် ယူခွင့်ပြုရန်တို့ဖြစ်သည်။

၁၉၆၄ ခုနှစ်၌ စနစ်သစ်တက္ကသိုလ်များအဖြစ် ဖွဲ့စည်းပြီးသောအခါ တက္ကသိုလ်ပညာရပ်အားလုံးကို အင်္ဂလိပ်လိုသင်ကြားရေးမှ မြန်မာလိုသင်ကြားရေးအဖြစ် ပြောင်းလဲခဲ့သည်။ ၅ တန်းမှစ၍ အင်္ဂလိပ်စာသင်ကြားရေး အကောင်အထည်ဖော်ခဲ့သည်။ မြန်မာနိုင်ငံပညာရေးအဆင့်အတန်း တဖြည်းဖြည်းနိမ့်ကျလာပြီး အပြည်ပြည်ဆိုင်ရာမှ အသိအမှတ်ပြုခြင်းများ ရပ်တန့်သွားခဲ့ကြသည်။ ၁၉၈၂ ခုနှစ်ရောက်တော့မှ မူလတန်းမှစကာ အင်္ဂလိပ်စာသင်ကြားစေခဲ့သည်။ ၉ တန်း၊ ၁၀ တန်းနှင့် တက္ကသိုလ်တန်းများရှိ ပညာရပ်များကို မြန်မာဘာသာဖြင့် သင်ကြားနေရာမှ အင်္ဂလိပ်ဘာသာဖြင့် ပြန်လည်သင်ကြားစေခဲ့သည်။

ကျွန်တော်တို့ မြန်မာစာကိုချစ်ပါသည်။ မိမိဘာသာစကားကို ထိန်းသိမ်းနေပါသည်။ သို့သော် အင်္ဂလိပ်စာသည် ကမ္ဘာသုံးဖြစ်နေသဖြင့် အင်္ဂလိပ်နယ်ချဲ့ကို မုန်းတီး၍ရနိုင်သော်လည်း ကမ္ဘာသုံးအင်္ဂလိပ်စာနှင့် ကောင်းမွန်သည့်နည်းစနစ်ကို မုန်းတီး၍မရစကောင်းပါ။ ယခုကဲ့သို့သော IT ခေတ်ကြီးတွင် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြထားသော ဆေးပညာ၊ အင်ဂျင်နီယာပညာ၊ စီးပွားရေးပညာ၊ ဥပဒေပညာ၊ သိပ္ပံ/ဝိဇ္ဇာပညာများ စဉ်ဆက်မပြတ် ထွက်ပေါ်နေပါသည်။ ကမ္ဘာ့ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံများတွင် Primary School မူလတန်းနှင့် Secondary School အလယ်တန်းတို့မှစ၍ ဝိဇ္ဇာ/ သိပ္ပံဘာသာရပ်များတွင် အင်္ဂလိပ်ဝေါဟာရများ ကျွမ်းဝင်စေမည့် အင်္ဂလိပ်စာဗီဇ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးထားနိုင်ကြသည်။ မြန်မာနိုင်ငံတွင် အင်္ဂလိပ်စာ အားနည်းလာကြခြင်းမှာ အင်္ဂလိပ်စာဗီဇ ပတ်ဝန်းကျင်ကောင်းများ အစဉ်အဆက် ဖန်တီးမှုမရှိခဲ့ခြင်းကြောင့် ဖြစ်သည်။ မြန်မာကျောင်းသားများသည် အင်္ဂလိပ်စာနှင့်ပတ်သက်သော Medical term၊ Engineering term၊ Economic term၊ Law term၊ Political term၊ Technological term စသည့် စကားလုံးများ ကြွယ်ဝချမ်းသာဖို့လိုပါသည်။ ကမ္ဘာ့အဆင့်မီရန်အတွက် ပညာရပ်အားလုံး အင်္ဂလိပ်စာဖြင့်သာ ဆက်လက်သင်ကြားနေရမည် ဖြစ်သည်။

သင်ကြားရေးနှင့်ပတ်သက်၍ ဆရာသည် ပညာဝမ်းစာပြည့်စုံဖို့လိုသည်။ သင်ကြားနည်းစနစ် အနုပညာပါရမီပြည့်စုံရန်လိုသည်။ ပညာရပ်များတွင် အင်္ဂလိပ်ဘာသာနှင့် သင်ကြားရာတွင် ဘာသာရပ်အသီးသီး၏ သဘောတရား၊ စဉ်းစားတွေးခေါ်မှုများကို မြန်မာစကားဖြင့် ရေရေလည်လည် ရှင်းပြနိုင်ပြီး အင်္ဂလိပ်မှတ်စုများ၊ စကားလုံးများ၊ ဝေါဟာရများ ကျက်မှတ်ထားကြရန် အထူးလိုအပ်သည်။ သင်ကြားနည်းစနစ်သည် မြန်မာစာကိုလည်း မပစ်ပယ်သကဲ့သို့ အင်္ဂလိပ်စာကိုလည်း တတ်ကျွမ်းစေသည့် သားရွှေအိုးထမ်းမြင်ရသည့်ကိန်းရလဒ်ဖြစ်သည်။ ဆရာသည် ပညာရေးဖွံ့ဖြိုးတိုးတက်ရေးမှာ အခရာ ဖြစ်သည်။

ယခုအခါ နိုင်ငံတကာခေတ်မီ KG+12 ပညာရေးစနစ်ကို အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်နေသည်။ ယခင်ခေတ်က ၁၆ နှစ် ၁၇ နှစ်အရွယ် ကလေးစိတ်မကုန်သည့်အရွယ်မှာ တက္ကသိုလ်ကျောင်းသား ကျောင်းသူဖြစ်နေကြခြင်းမှ ယခုခေတ်တွင် မိမိကိုယ်ကို ထိန်းသိမ်းရပ်တည်နိုင်သည့် ၁၈ နှစ်ပြည့်ပြီးမှ တက္ကသိုလ်ရောက်နိုင်ရန်အတွက် KG+12 ပညာရေးက ကာကွယ်ပေးပါသည်။ စနစ်သစ်ပညာရေးသည် သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ၊ ကြား၊ ကြံ၊ မေး၊ ပြော၊ စူး၊ ရေး၊ လေ၊ နှုတ်ဟူသော ရှင်မဟာရဋ္ဌသာရ ဆုံးမစာနှင့်ကိုက်ညီရန်လည်း လိုအပ်သည်။ မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲရာတွင် ဟိုကတစ်မျိုး၊ ဒီကတစ်ဖုံနှင့် အနာတခြား ဆေးတခြား မဖြစ်ဖို့လိုပါသည်။ မြေစမ်းခရမ်းပျိုးအဖြစ်မျိုး မဖြစ်ဖို့လိုသည်။ လူ့စွမ်းအားအရင်းအမြစ်ဖော်ထုတ်ရာတွင် လူမှန်၊ နေရာမှန်၊ အရည်အချင်းမှန် ရပ်တည်နိုင်ရေးသည် လွန်စွာမှပင် အရေးကြီးပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။ ။

# ၂၀၂၀ အာဆီယံဆူဇူးကီးဖလားပြိုင်ပွဲ ကျင်းပမည့်ပုံစံ အတည်မပြုနိုင်သေး

**ရန်ကုန် ဇွန် ၁၇**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၀ အာဆီယံဆူဇူးကီးဖလားပြိုင်ပွဲ ကျင်းပမည့်ပုံစံကို အတည်မပြုနိုင်သေးကြောင်း သိရသည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် အာဆီယံဆူဇူးကီးဖလားပြိုင်ပွဲကို ယခင်သတ်မှတ်ထားသည့် ၂၀၁၈ ပြိုင်ပွဲကဲ့သို့ အိမ်ရှင်နိုင်ငံ သတ်မှတ်ခြင်းမရှိဘဲ အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် ကျင်းပမည့်အစား ပြိုင်ပွဲဝင်အသင်းများ ခရီးသွားလာရနည်းပါးစေရန် အုပ်စုတစ်ခုစီကို အိမ်ရှင်နိုင်ငံရွေးချယ်ကာ ပြောင်းလဲကျင်းပရန် အဆိုပြုထားခြင်းဖြစ်သည်။ ယင်းအဆိုကို ဇွန် ၁၁ ရက်က ပြုလုပ်သည့် အာဆီယံဘောလုံးအဖွဲ့ချုပ် ပြိုင်ပွဲကျင်းပရေးကော်မတီအစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများထံ အသိပေးခဲ့ပြီး ဇွန် ၁၆ ရက်တွင် ပြုလုပ်မည့် အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီအစည်းအဝေးတွင် အတည်ပြုရန် စီစဉ်ထားသော်လည်း ဆုံးဖြတ်ချက်မချမှတ်နိုင်ခဲ့ပေ။ ထို့ကြောင့် အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ဆူဇူးကီးဖလားပြိုင်ပွဲအပါအဝင် အခြားပြိုင်ပွဲများကျင်းပမည့် ကာလနှင့် အိမ်ရှင်နိုင်ငံတို့ကို လာမည့်အာဆီယံဘောလုံးအဖွဲ့ချုပ် ပြိုင်ပွဲကျင်းပရေးကော်မတီအစည်းအဝေးတွင် အတည်ပြုသွားဖွယ်ရှိနေသည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်တွင် ပြိုင်ပွဲကိုးခု ကျင်းပရန်စီစဉ်ထားပြီး ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးပြိုင်ပွဲ ကျင်းပမည့်ရက်များသာ အတည်ပြုနိုင်ခဲ့ပြီး ကျန်ပြိုင်ပွဲခြောက်ခုအတွက် အတည်ပြုနိုင်ခြင်းမရှိသေးပေ။ အရှေ့တောင်အာရှနိုင်ငံများတွင် ကိုရိုနာဗိုင်းရပ်စ်ကို အပြည့်အဝထိန်းချုပ်နိုင်ခြင်းမရှိသေးသောကြောင့် အာဆီယံဆူဇူးကီးဖလားပြိုင်ပွဲအပါအဝင် လူငယ်ပြိုင်ပွဲများနှင့် အမျိုးသမီးပြိုင်ပွဲများကို ကျင်းပမည့်ကာလ အတည်ပြုနိုင်ခြင်းမရှိခဲ့ပေ။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အတွင်း ကျင်းပမည့် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ၊ အာဆီယံ ယူ-၁၉ အမျိုးသားပြိုင်ပွဲ၊ အာဆီယံ ယူ-၁၆ အမျိုးသားပြိုင်ပွဲ၊ အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲ၊ အာဆီယံ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲများ၏ ကျင်းပမည့်ကာလများကို အိမ်ရှင်နိုင်ငံများနှင့်ညှိနှိုင်းကာ အတည်ပြုသွားမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# ဘိုင်ယန်မြူးနစ်အသင်း ဘွန်ဒက်လီဂါဖလား ရှစ်ကြိမ်ဆက်တိုက်ဆွတ်ခူး

ဘိုင်ယန်မြူးနစ်အသင်းဟာ ဇွန် ၁၆ ရက်ညပိုင်းက ဝါဒါဘရီမင်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ဘွန်ဒက်လီဂါပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားမှာ ရမှတ် ၇၆ မှတ်စုဆောင်းနိုင်ခဲ့ပြီး ဘွန်ဒက်လီဂါဖလားကို ရှစ်ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။



ဘိုင်ယန်မြူးနစ်အသင်းနဲ့ ဝါဒါဘရီမင်အသင်းတို့ပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို တိုက်စစ်မှူး လီဝန်ဒိုစကီးက ပွဲကစားချိန် ၄၃ မိနစ်မှာ သွင်းယူပေးခဲ့တာဖြစ်ပြီး ပွဲကစားချိန် ၇၉ မိနစ်မှာ ဘိုင်ယန်မြူးနစ်အသင်းရဲ့ အဓိကကစားသမားတစ်ဦးဖြစ်တဲ့ အယ်လ်ဖွန်ဆိုဒေးဗီးလ်ဟာ နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ ဘွန်ဒက်လီဂါပွဲစဉ်နှစ်ပွဲကစားဖို့ ကျန်ရှိနေချိန်မှာ အမှတ်ပေးဇယားဒုတိယနေရာက ဒေါ့မွန်အသင်းကို ၁၀ မှတ်ဖြတ်ကာ ဘွန်ဒက်လီဂါချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့တာဖြစ်ပြီး ဒေါ့မွန်အသင်းကတော့ လက်ရှိရမှတ် ၆၆ မှတ်သာ ရရှိထားသေးတာကြောင့် လက်ကျန်ပွဲစဉ်သုံးပွဲစလုံးအနိုင်ရရင်လည်း စုစုပေါင်းရမှတ် ၇၅ မှတ်သာ ရရှိမှာဖြစ်တဲ့အတွက် ဘိုင်ယန်မြူးနစ်အသင်းက ပြိုင်ပွဲမပြီးဆုံးခင်မှာ ချန်ပီယံဖြစ်ခွင့် ရရှိခဲ့တာဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းနဲ့ ဝါဒါဘရီမင်အသင်းတို့ပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး လီဝန်ဒိုစကီးကတော့ အခုနှစ်ဘောလုံးရာသီမှာ အသင်းအတွက် သွင်းဂိုး ၃၁ ဂိုးအထိ သွင်းယူပေးနိုင်တဲ့ ထိပ်တန်းဂိုးသွင်းရှင်လည်း ဖြစ်လာခဲ့ပါတယ်။

**ငွေကြယ်**

## ဝမ်းနည်းကြေကွဲခြင်း
အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ
### ဒေါ်ခင်ကြည် (တရားလွှတ်တော်ရှေ့နေ)
### အသက် (၁၀၀) နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လသာလမ်းနေ (ဦးဘသင်-ဒေါ်အေးမြင့်)တို့၏သမီး၊ ပန်းဘဲတန်းမြို့နယ်၊ မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက် ရာသက်ပန်ပညာရေးပဒေသာပင်အလှူရှင် ဒေါ်ခင်ကြည် အသက် (၁၀၀) နှစ်သည် ၁၅-၆-၂၀၂၀ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ဂေါပကအဖွဲ့**
**ပန်းဘဲတန်းမြို့နယ်**
**မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**
### အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ကြည်
### အသက် (၁၀၀) နှစ်

ဝါးချက်ဆေးရုံ ဂီလာနပဋ္ဌာကအဖွဲ့ ဥက္ကဋ္ဌနှင့် သမားတော်ကြီး (ဒေါက်တာဦးထွန်းသင်)၏အစ်မကြီး ထာဝရဆွမ်း ကုသိုလ်ရှင် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ကြည်သည် ၁၅-၆-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ အထူး ဝမ်းနည်းကြေကွဲရပါသည်။

**ဆရာဝန်နှင့် မိတ်ဆွေယောဂီများ**
**(ဝါးချက်တရားစခန်း)**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**
### အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ကြည်
### အသက် (၁၀၀) နှစ်

ဆရာကြီးဦးဝင်းသင် (Chairman, Win Thin & Associates Ltd)၊ (နာယက-မြန်မာနိုင်ငံစာရင်းကိုင်အသင်း)၏အစ်မကြီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ကြည်သည် ၁၅-၆-၂၀၂၀ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့၊ ကထိကနည်းပြအဖွဲ့**
**မြန်မာနိုင်ငံစာရင်းကိုင်အသင်း**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်စိန် (ညောင်လေးပင်မြို့)
### အသက် (၉၁) နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ထန်းပင်ကုန်းရပ်ကွက်၊ စံပါယ်လမ်းသွယ် (၁)၊ အမှတ်(၁၀၆)နေ သက်ကြီးကန်တော့ခံ ဒေါ်ခင်စိန်သည် ၁၄-၆-၂၀၂၀ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညောင်လေးပင်မြို့နယ်အသင်း (ရန်ကုန်)**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
### ဦးသာအေး
### တပ်မတော်(ရေ)၊ အငြိမ်းစား
### အသက် (၉၀)

စစ်တွေမြို့နေ (ဦးမောင်ပြား-ဒေါ်အိုဇာ)တို့၏ သားကြီး၊ ရန်ကုန်မြို့နေ (ဦးဘဟန်-ဒေါ်စိန်ရင်)တို့၏သားသမက်၊ စစ်တွေမြို့နေ ဒေါ်စောခင်၊ ရန်ကုန်မြို့နေ (ဦးအောင်သိန်း)တို့၏အစ်ကိုကြီး၊ အမှတ်(၄၄၆)၊ မိုးမခလမ်း၊ (၄၆) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ခင်ချို၏ခင်ပွန်း၊ ဒေါ်ခင်ဝင်းအေး (AFXB)၊ ဦးစိုးနိုင်-ဒေါ်ဖြူဖြူဝင်း၊ ဒေါက်တာခိုင်ခိုင်အေး(ပါမောက္ခ၊ ဌာနမှူး၊ အင်ဂျင်နီယာသင်္ချာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်)၊ ကိုမြင့်အောင်တို့၏ချစ်လှစွာသောဖခင်၊ တူ/တူမ ရှစ်ယောက်တို့၏ဘကြီး၊ မောင်မိုးဦးဆောင်း၊ မသဲဆုအေးတို့၏အဘိုးသည် ၁၇-၆-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### မခင်နှင်းဝေဝင်း (ခ) ချောစု
**SSAE၊ ပုံဆွဲဌာနစိတ်(လမ်းဦးစီးဌာန)**
**ရခိုင်ပြည်နယ်ဆောက်လုပ်ရေး**
### အသက် (၃၀)

ရန်ကုန်မြို့၊ လေဆိပ်လမ်း၊ ကြံခင်းစုနေ မြောက်ဥက္ကလာပဆေးရုံအုပ်ကြီး (ငြိမ်း) ဒေါက်တာဦးမောင်-(ဒေါ်ရှင်မေ)၊ စစ်တွေမြို့နေ (ဦးမောင်ပု-ဒေါ်ဝင်းမေ)တို့၏မြေး၊ (ဦးအောင်ခင်မောင်)-ဒေါ်မြင့်မြင့်ဝင်း(အတု)တို့၏တစ်ဦးတည်းသော ချစ်လှစွာသောသမီး၊ ဦးအောင်ဝင်းထွန်း-ဒေါ်ဆွေယဉ်ဖြူ၊ ဦးကျော်ဝင်းထွန်း-ဒေါ်ဆွေဆွေဇင်တို့၏ချစ်လှစွာသောညီမ၊ တူ/တူမ လေးယောက်တို့၏အဒေါ် မခင်နှင်းဝေဝင်း (ခ) ချောစုသည် ၁၅-၆-၂၀၂၀ (တနင်္လာနေ့) ည ၁၀:၄၀ နာရီတွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် စစ်တွေမြို့၊ အာကျိပ်တော်ကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိပါကြောင်း

မခင်နှင်းဝေဝင်း (ခ) ချောစု နာမကျန်းဖြစ်စဉ်က ပြုစုစောင့်ရှောက်ပေးပါသော မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောဌာနမှ သမားတော် ဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများအားလုံးနှင့်တကွ အထူးကြပ်မတ်ဆောင်မှ ဆရာဝန်/ ဆရာမအားလုံး၊ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်ဆွေများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးလီခိုင်းယုံ
### အသက် (၇၀)

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်၊ ဇောတိက (၃) လမ်း၊ အမှတ်(၁၇၀)နေ ဒေါ်အေးသူ [အလုပ်အမှုဆောင်၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)]၏ မွေးသဖခင်ကျေးဇူးရှင် ဦးလီခိုင်းယုံသည် ၁၇-၆-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အသင်းသူ/သားများ**
**မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း (ဗဟို)**

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဘဒ္ဒန္တဇနိတာလင်္ကာရ
### သိက္ခာတော် (၆၇)ဝါ၊ သက်တော် (၈၆)နှစ်

မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်၏ မဟာနာယကချုပ် မိုးကုတ်ဝိပဿနာ ဇနိတာရာမကျောင်းတိုက်ကြီးနှင့် ဓမ္မရိပ်သာကြီးများ၏ဦးစီးပဓာနနာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဆရာတော်ကြီးသည် ၁၀-၆-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၃:၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားသည့်အတွက် အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးကြီးတန်-ဒေါ်မြင့်မြင့်**
**သား၊ သမီး၊ မြေး တစ်စု**
**ဘုရင့်နောင်ပွဲရုံ**



## တစ်လပြည့်ဆွမ်းကျွေးတရားတော်နာဖိတ်ကြားလွှာ
**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးသန်းရင် (BPI-ငြိမ်း)
### အသက်(၇၇) နှစ်

၂၁-၅-၂၀၂၀ (ကြာသပတေးနေ့)တွင် ကွယ်လွန်အနိစ္စရောက်သွားပါသောကြောင့် ကွယ်လွန်သူအားရည်စူး၍ ၂၁-၆-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၉:၃၀ နာရီတွင် ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ပင့်ဖိတ်၍ ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချအမျှပေးဝေမည်ဖြစ်ပါသောကြောင့် အထက်ပါနေအိမ်သို့ BPI နှင့် DCPT မှ ဆရာ/မများ၊ မိတ်ဆွေများ၊ နှစ်ဖက်ဆွေမျိုးများ၊ ရပ်နီးရပ်ဝေး မိတ်ဆွေများအားလုံးကို ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ဇနီး ခင်သန်းမြင့် BPI / DCPT (အငြိမ်းစား)**
**သမီး အိရွှေဇင်၊ သား ကိုကိုလတ်၊ မြေး မြတ်မင်းသန်း**

**နေရာ-အမှတ်(၇၅)၊ (၈)လမ်း၊ (၃)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊**
**ညှော်ခံကျွေးမွေးမည့်အချိန်-နံနက် (၁၀:၃၀ မှ ၁၂:၀၀) နာရီအထိ။**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်မြလွင် (ရာ/၁၂၁၁)
ကန်တော့ခံအသင်းဝင်
### အသက် (၈၇) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၁၀)၊ ရွှေသီရိ(၃)လမ်း၊ (၃၀)ရပ်ကွက်နေ (ဦးမှန်-ဒေါ်အေးတင်)တို့၏သမီး၊ (ဦးတင်အောင်)၏ဇနီး၊ သားသမီး ခုနစ်ယောက်၊ မြေးသုံးယောက်တို့၏အဘွားသည် ၇-၆-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။ အမှုဆောင်အဖွဲ့

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးသာအေး
### တပ်မတော် (ရေ)၊ (အငြိမ်းစား)
### အသက် (၉၀)

ရန်ကုန်နည်းပညာတက္ကသိုလ်၊ အင်ဂျင်နီယာသင်္ချာဌာနမှ ပါမောက္ခ၊ ဌာနမှူး ဒေါက်တာခိုင်ခိုင်အေး၏ ချစ်လှစွာသော ဖခင်ကြီး ဦးသာအေးသည် ၁၇-၆-၂၀၂၀ ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Ph.D (Applied Maths)**
**1st, 2nd and 3rd Batch မှ ချစ်တပည့်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးသာအေး
### တပ်မတော် (ရေ)၊ (အငြိမ်းစား)
### အသက် (၉၀)

ရန်ကုန်နည်းပညာတက္ကသိုလ်၊ အင်ဂျင်နီယာသင်္ချာဌာနမှ ပါမောက္ခ၊ ဌာနမှူး ဒေါက်တာခိုင်ခိုင်အေး၏ ချစ်လှစွာသောဖခင်ကြီး ဦးသာအေးသည် ၁၇-၆-၂၀၂၀ ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆရာ/မများ၊ ဝန်ထမ်းများ**
**အင်ဂျင်နီယာသင်္ချာဌာနမိသားစု**
**ရန်ကုန်နည်းပညာတက္ကသိုလ်**

# ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်းတင် (မန္တလေး)
## အသက် (၈၈) နှစ်

KBZ Bank/ KBZ Group နာယကကြီး ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ၊ ဦးအောင်ကိုဝင်းနှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး (လူမှုထူးချွန်ပထမဆင့်) တို့၏ ချစ်လှစွာသောမိခင် ဒေါ်သိန်းတင် အသက်(၈၈)နှစ်သည် ၇-၆-၂၀၂၀ ရက် ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဆောက်လုပ်ရေး၊ အိမ်ရာနှင့်**
**အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်**

## တော
## တောင်
## ပျက်ပြုန်း
## မြေဆီ
## သုဉ်း၏

အဂတိလိုက်စားမှုကို နစ်နာသူကဖြစ်စေ၊ ကိုယ်တိုင်မြင်တွေ့ရသူကဖြစ်စေ တိကျသေချာသော သက်သေအထောက်အထားများဖြင့် အောက်ပါလိပ်စာသို့ ပေးပို့တိုင်ကြားနိုင်ပါသည်-

ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
အားကစားလေ့ကျင့်ရေးစခန်း၊ တောင်ညိုလမ်း
နေပြည်တော်
Email- myanmaracc2014@gmail.com

## ရဟန်း၊ ကျောင်း ဒါယကာကြီး
# ဦးစိန်လှိုင် (ဟင်္သာတ)
## ကျားဆီစက်
## အသက် (၈၀)

ဟင်္သာတမြို့၊ ဦးရွှေဒွေးလမ်းနေ [ဦးထွန်းသိန်း-ဒေါ်ခင်ညွန့် (ကျားနှစ်ကောင်ဆေးလိပ်)]တို့၏သား၊ (ဦးအောင်ကြင်)-ဒေါ်ရင်ငွေ (ရှုခင်းရောင်စုံရိပ်သာ)တို့၏ မောင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်-ဒေါ်ခိုင်မေကြူ၏ ချစ်လှစွာသော ဦးလေးသည် ၁၇-၆-၂၀၂၀ ရက် နံနက် ၁၀:၃၅ နာရီတွင် ဂရန်းဟံသာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ရဟန်း၊ ကျောင်း ဒါယကာကြီး
# ဦးစိန်လှိုင် (ဟင်္သာတ)
## ကျားဆီစက်
## အသက် (၈၀)

ရန်ကုန်မြို့၊ အမှတ်(L-123A)၊ ရွှေသရဖီလမ်း၊ FMI City နေ (ဒေါ်မြင့်မြင့်)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးအောင်ကြင်)-ဒေါ်ရင်ငွေတို့၏ မောင်၊ ဦးလှိုင်မြင့်မော်-ဒေါ်သင်းသင်းမာ၊ ဦးလှိုင်တင့်ဇော်-ဒေါ်ရှိန်ဝင့်ဝင့်ခိုင်၊ ဦးအေးမင်း-ဒေါ်ချိုချိုလှိုင်၊ ဦးတင်အောင်ဝင်း-ဒေါ်သီသီလှိုင်တို့၏ ဖခင်ကြီး၊ ဗိုလ်ကြီးဇင်ဖြိုးလှိုင်-ဒေါက်တာ အိမ်ရွှေဝင်း၊ ကိုဖြိုးမြင့်မိုရ်ရှိန်း-မဝတ်ရည်လှိုင်၊ မောင်လှိုင်မင်းသွေးအောင်၊ မပိုးပိုးမင်းလှိုင်၊ မောင်ညီဖြိုးလှိုင်၊ မောင်လှိုင်မင်းခန့်အောင်၊ ဒေါက်တာနေ့သစ်လှိုင်၊ မမိုကို (ခ) မနှစ်သက်လှိုင်၊ မအိမ့်မှူးမင်းလှိုင်တို့၏ အဘိုး၊ မောင်ခန့်ရှိန်းမျိုးဆက်၏ ဘိုးဘိုးကြီး ဦးစိန်လှိုင်သည် ၁၇-၆-၂၀၂၀ ရက် နံနက် ၁၀:၃၅ နာရီတွင် ဂရန်းဟံသာ အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
## အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ကြည်
### တရားလွှတ်တော်ရှေ့နေနှင့်နိုတြီပဗ္ဗလစ်
### (ပဲခူးနောင်တော်ကြီးမြသာလျောင်းဘုရားကြီး၏မတည်အလှူရှင်)
### (မော်လမြိုင်အသင်း/ဝါးချက်သံဃာ့ဆေးရုံအဖွဲ့/ ဗုဒ္ဓဘာသာကလျာဏယုဝတီအသင်း/ ဘသင်+အေးမြဖောင်ဒေးရှင်းတို့၏နာယကကြီး)
## အသက် (၁၀၀) နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၄)ရပ်ကွက်၊လသာလမ်း၊ ခြောက်လွှာ၊ အမှတ်(၁၁၉/၁၂၁)နေ (ဦးဘသင်-ဒေါ်အေးမြ)တို့၏သမီးကြီး၊ (ဦးဉာဏ်ထွန်း-ဒေါ်လှကြည်)၊(ဦးသိန်းဇော်-ဒေါက်တာဒေါ်သိန်းကြည်)၊ (ဒေါက်တာဦးမြသင်-ဒေါ်ထွေးကြည်)၊ (ဒေါက်တာဦးထွန်းသင်)-ဒေါက်တာမြင့်မြင့်အေး၊ (ဒေါက်တာဦးခင်မောင်တင်)-ဒေါက်တာဒေါ်ဌေးကြည်၊ စာရင်းစစ်ဦးဝင်းသင် (Chairman,Win Thin & Associates Limited)တို့၏အစ်မကြီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ကြည် အသက် (၁၀၀)နှစ်သည် ၁၅-၆-၂၀၂၀ (တနင်္လာနေ့) ညနေ ၅:၀၆ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝင်းသင်နှင့်အဖွဲ့ စာရင်းစစ်များ (မန္တလေးရုံးခွဲ)**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်မမ
## အသက် (၈၂) နှစ်

ဗိုလ်မှူးစိုးအောင်ကျော် (ငြိမ်း)- ဒေါ်အေးမြင့်ခိုင်တို့၏ မိခင်ဖြစ်သူ ဒေါ်တင်မမ အသက် (၈၂) နှစ်သည် ၁၆-၆-၂၀၂၀ ရက်တွင် ရွှေပြည်သာမြို့နယ်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ (၁၅)မှ သူငယ်ချင်းများနှင့် မိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဦးထွန်းဝေ
### ရခိုင်သဟာယအသင်း (ဒု-ဥက္ကဋ္ဌ၊ ယခင်)
## အသက် (၇၀)

ရခိုင်သဟာယအသင်း (ရန်ကုန်)တွင် ၂၀၀၁ ခုနှစ် မှ ၂၀၁၂ ခုနှစ်အထိ အမှုဆောင်တာဝန်နှင့် ဒု-ဥက္ကဋ္ဌတာဝန်ကို (၁၂) နှစ်တိုင်တိုင် ရခိုင်အမျိုးသားတို့၏ ပညာရေးနှင့်ကျန်းမာရေးကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် ကိုယ်ရောစိတ်ပါ ဆောင်ရွက်ပေးခဲ့သော ဒေါက်တာဦးထွန်းဝေသည် ၁၅-၆-၂၀၂၀ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါ၍ ရခိုင်သဟာယအသင်းမှ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

**အမှုဆောင်အဖွဲ့**
**ရခိုင်သဟာယအသင်း (ရန်ကုန်)**

---

## အနိစ္စ

## ဒေါ်တင်မမ
## အသက်(၈၂) နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၅/၁) ရပ်ကွက်၊ အမှတ်(၁၁)၊ ဂန္ဓမာပန်းခြံလမ်းနေ (ဦးအောင်ပွင့်-ဒေါ်ရွှေဆိုင်)တို့၏ သမီး၊ ဦးကျော်သိန်း (ကျောက်မျက်)၏ဇနီး၊ (ဦးထွန်းလှိုင်)၊ (ဒေါ်တင်လှိုင်)တို့၏ညီမ၊ ဦးထွန်းကြိုင်၏အစ်မ၊ ဦးသောင်း(ကျောက်မျက်)-ဒေါ်နီလာကျော်၊ ဗိုလ်မှူးစိုးအောင်ကျော် (ငြိမ်း)-ဒေါ်အေးမြင့်ခိုင်၊ ဦးအောင်ဆန်း-ဒေါ်သီတာကျော်တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၁၆-၆-၂၀၂၀ (အင်္ဂါနေ့) ည ၈:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၂၀ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရွှေပြည်သာ၊ ကျူချောင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်နီနီ(ရာ-၂၀၈၉) (၇၇)နှစ်
### (စား/ထွေ၊ ကုန်သွယ်/လယ်ယာ)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၇၉)၊ တတိုင်းမွှေးလမ်း၊ (၁၄/၃) ရပ်ကွက်နေ (ဦးမောင်ခင်-ဒေါ်ကျင်ပွင့်)တို့၏သမီး၊ ဦးရန်အောင်(လ/ထမန်နေဂျာ၊ စား/ထွေ)၏ဇနီး၊ ဒေါ်စန်းတင် (ရာ/၂၀၈၈)(ကျောင်းအုပ်ဆရာမကြီး-ငြိမ်း)၏ ညီမ၊ ဦးရန်လင်းအောင် (ညွှန်မှူး/နတလ)-ဒေါ်ခင်သန်းထွန်း (လ/ထမန်နေဂျာ-ငြိမ်း၊ ဟိုတယ်/ခရီး)၊ Dr.ဝင်းညွန့်-Dr.ချောစုအောင်(ခေတ္တ-စင်ကာပူ)တို့၏မိခင်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၈-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသားများအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

## သွေးသည် အသက်

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးတင်မြင့်(ခ) ဦးချာတွန်ရှီ
## အသက် (၉၂) နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၁၆/အေ)၊ မြေညီထပ်နေ (ဒေါ်ကြူ)၏ ခင်ပွန်း၊ (ဦးထွန်းမြင့်)-ဒေါ်အေးမြင့်သန်း၊ ဦးထိန်ဝင်း-ဒေါ်နန် စီတန်၊ ဦးသိန်းအောင်တို့၏ ဖခင်ကြီး၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး ဦးတင်မြင့်သည် ၁၆-၆-၂၀၂၀ (အင်္ဂါနေ့) ည ၈:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁၈-၆-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြား ပ်ပါသည်။ (အမှတ်-၉၆၊ ၆-လမ်းတို၊ ဒုတိယထပ်နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးထွန်းအေး (စစ်တွေ/ ရန်ကုန်)
### ဆိပ်ကမ်းမှူး (ငြိမ်း)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## အသက် (၈၀)

စစ်တွေမြို့၊ ထီးတန်းလမ်း၊ အိုးတန်းရပ်ကွက်နေ (ဦးဘသိန်းခင်-ဒေါ်ငွေအောင်)တို့၏ ဒုတိယသား၊ ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်၊ တိုက်(၈)၊ အခန်း(၁၀၁)၊ ငုဝါလမ်းနေ ဒေါ်မသန်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းထွန်းဦး-ဒေါ်ကေသီမြင့်၊ ဦးမြတ်စံ-ဒေါ်ကေသီသွင်တို့၏ ကျေးဇူးရှင်ဖခင်၊ မသက်ထားဆု၏ ချစ်လှစွာသောအဘိုးရှင်သည် ၁၆-၆-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁:၁၉ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၆-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ကြည်
## အသက် (၁၀၀) နှစ်

ဆရာဦးဝင်းသင်၏ အစ်မကြီး အန်တီဒေါ်ခင်ကြည် ကွယ်လွန်သွားသည့်အတွက် မိသားစုများနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ အန်တီခင် နိဗ္ဗာန်သို့ ရောက်ပါစေ။

**ဦးဟုတ်လှိုင် (B.Com, Accounting)**
**၇၃/၉ လမ်း၊ လမ်းမတော်မြို့နယ်**

---

## ဒေါ်ခင်အေးဝင်း (ထားဝယ်)
### အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန(ငြိမ်း)
## အသက် (၇၂) နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၁၉)၊ ဦးကွန်းဇော်ရိပ်သာ၊ ကန်လမ်း၊ တံတားဖြူနေ [ဦးတင်(အထွေထွေမန်နေဂျာ၊ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး-ငြိမ်း)-ဒေါ်မမကြီး]တို့၏ သမီးကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(B-43/4)၊ နဝဒေးဥယျာဉ်အိမ်ရာ(ခေတ္တ)နေ (ဦးနိုင်ဝင်း)-ဒေါ်အေးအေးသန်းတို့၏ ညီမ၊ ဒေါ်ခင်လေးဝင်း-ဦးတင်ထွန်း၊ ဒေါ်လှလှဝင်း-(ဒေါက်တာတင်အေး)တို့၏ချစ်လှစွာသောအစ်မကြီး၊ ဦးမျိုးကိုကိုတင်-ဒေါ်ကေခိုင်မိုး၊ ဦးကျော်ကိုကို တင်၊ ဦးအောင်ကိုကိုတင်၊ ဦးကျော်ကိုကိုနိုင်-ဒေါ်ချောစုလှိုင်၊ ဦးအောင်မော်ဖြိုး၊ ဒေါ်သိမ့်သိမ့်သူ-ဦးသာဇင်ထွန်းတို့၏ချစ်လှစွာသောကြီးတော်၊ မောင်ထက်အောင်လင်း၏အဘွား ဒေါ်ခင်အေးဝင်း (ဒုဦးစီးမှူး၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန-ငြိမ်း)သည် ၁၇-၆-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၃:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၆-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ လှိုင်သာယာမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာကြီး
## ဦးသန်းလှိုင် (ကျောက်ပန်းတောင်းမြို့)
### (အငြိမ်းစား)
### ကာကွယ်ရေးဝန်ကြီးဌာန၊ ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးမှူးရုံး
## အသက် (၆၄) နှစ်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ငါသရောက်ရွာနေ (ဦးခင်မောင်)-ဒေါ်လေးကြီးတို့၏သားကြီး၊ ရန်ကုန်မြို့၊ တိုက်(၁၄)၊ (၁၁၃)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးမြမောင်-ဒေါ်တင်အေး)တို့၏ သားသမက်၊ အမှတ်(၈၁၈)၊ သမာဓိလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်နေ ဒေါ်စန်းရီ(ခ)ဒေါ်ချို၏ခင်ပွန်း၊ ကိုစိုးရာဇာ(B-Mech Engineering Co., Ltd)၊ မအေးသက်စံ(MCM Group of Companies)တို့၏ချစ်လှစွာသောဖခင်၊ ဒေါ်တင်ဆွေ၊ ဒေါ်ရင်မေ၊ ဦးရွှေထွန်း၊ ဒေါ်ရီရီချို၊ (ကိုကျော်ထွန်းမြင့်)၊ မဖြူဖြူလှိုင်တို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ မသင်းသင်းဦး၊ မဥမ္မာခိုင်၊ မောင်ကိုကိုကြီး၊ မကြယ်စင်လင်းလဲ့တို့၏ ချစ်လှစွာသောဘကြီး ဦးသန်းလှိုင် (MCM Group of Companies)သည် ၁၆-၆-၂၀၂၀ ရက် ညနေ ၆:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ်-၈၁၈၊သမာဓိလမ်း၊မေတ္တာညွန့်ရပ်ကွက်နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ကြည်
## အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ
### တရားလွှတ်တော်ရှေ့နေနှင့်နိုတြီပဗ္ဗလစ်
## အသက်(၁၀၀)နှစ်

အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ အန်တီ ဒေါ်ခင်ကြည် (တရားလွှတ်တော်ရှေ့နေနှင့်နိုတြီပဗ္ဗလစ်)သည် ၁၅-၆-၂၀၂၀ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရသည့် အတွက် မိသားစုနှင့် ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးအိနှစ်(တရားလွှတ်တော်ရှေ့နေ)**
**YE NOOS & ASSOCIATES ( Law Firm )**

# ပြန်ကြားရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၇**
ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲ၌ ပြန်ကြားရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပထမဆုံးအနေဖြင့် သတင်းစာရှင်းလင်းပွဲများကို အကြောင်းခံ၍ ပြောကြားလိုသည့် အကြောင်းအရာရှိပါကြောင်း၊ ယခုကဲ့သို့ ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများပါဝင်သည့် သတင်းစာရှင်းလင်းပွဲအစီအစဉ်ကို လက်ရှိအစိုးရတာဝန်ယူချိန်မှစပြီး ပြုလုပ်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ လက်ရှိအစိုးရတာဝန်ယူပြီး ပထမ ရက် ၁၀၀ တာဝန်ယူမှုနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ စတင်ပြုလုပ်ခဲ့ပါကြောင်း၊ ထို့နောက် ပထမ (၁) နှစ်တာ၊ ဒုတိယ (၁) နှစ်တာ၊ တတိယ (၁) နှစ်တာ စသည်ဖြင့် သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခဲ့ပြီး ယခု စတုတ္ထ (၁)နှစ်တာအတွက် ပြုလုပ်ခြင်း ဖြစ်ပါကြောင်း။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❐





ပြန်ကြားရေးဝန်ကြီးဌာန၏ စတုတ္ထ(၁)နှစ်တာကာလ ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရှင်းလင်းပြောကြားစဉ်။

## မလေးရှားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား တတိယအကြိမ် ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဇွန် ၁၇**
နိုင်ငံတကာ ခရီးသည်တင်လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံအသီးသီးတွင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ရန် အခက်အခဲရှိနေသည့် မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံတချို့ကလည်း မြန်မာနိုင်ငံတွင် ရောက်ရှိပိတ်မိနေသည့် ၎င်းတို့နိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခြင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းရပ်များအတွက် လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသည့် ၎င်းတို့၏လုပ်ငန်းရှင်များ၊ ကျွမ်းကျင်ဝန်ထမ်းများအား လုပ်ငန်းတာဝန်များ ပြန်လည်ထမ်းဆောင်နိုင်ရန် ကယ်ဆယ်ရေးလေယာဉ်၊ အထူးလေယာဉ်များဖြင့် လာရောက်ပို့ဆောင်ခြင်း၊ တာဝန်ပြီးဆုံး၍ ပြန်လည်ခေါ်ဆောင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ■



မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

## သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

**နေပြည်တော် ဇွန် ၁၇**
နိုင်ငံခြားရေးဝန်ကြီးဌာန / အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့၏ စတုတ္ထ(၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ဇွန် ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ်(၇) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

### ကြေးမုံ ယနေ့ ဖတ်စရာ

**အမေရိကန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးမှုအရေအတွက် ပထမကမ္ဘာစစ်အတွင်း သေဆုံးမှုထက် များပြားခဲ့ဟုဆို**

စာမျက်နှာ » ၁၁

**အိန္ဒိယ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၉၄၇ ဦး စမ်းသပ်တွေ့ရှိပြီး ၂၀၀၃ ဦး သေဆုံး**

စာမျက်နှာ » ၁၂




Shwe La Min Hospital

မိုးရာသီကာလအထူး Promotion အစီအစဉ်

ရွှေလမင်းဆေးရုံများတွင် မိုးရာသီကာလ အထူးအစီအစဉ်အနေအဖြင့် ဇွန်လ (၂၀)ရက် မှ ဩဂုတ်လ (၂၀)ရက် နေ့ အထိ အတွင်းလူနာခန်းများအား အခန်းခ Promotion 15% Discount ပေးနေပြီ ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ရွှေလမင်းဆေးရုံ (လမ်းမတော် မြို့နယ်) : အမှတ် (၁၅/၁၉)၊ ဇော်ဂျီလမ်း၊ လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။01-2301949
ရွှေလမင်းဆေးရုံ (မြောက်ဥက္ကလာပ) : အမှတ် (၁၂၅၄)၊ သုဓမ္မာလမ်းမကြီး၊ (၂) ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ 01-655612
ရွှေလမင်းဆေးရုံ (ဟသ်ာတမြို့) : အမှတ် (၃၂)၊ ဗိုလ်စောမောင်လမ်း၊ ရုံးကြီးရပ်ကွက်၊ ဟသ်ာတမြို့ ။ 044-2021375
ရွှေလမင်းဆေးရုံ (မော်လမြိုင်မြို့) : အမှတ် (၁)၊ မြို့ရှောင်လမ်း၊ဒိုင်ဝန်းကွင်း၊မော်လမြိုင်မြို့ ။ 057- 2026202

